# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၆၈]


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ ''သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။'' (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

## နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးထင်ကျော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သူ ဦးထင်ကျော်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲတာဝန်များကို လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတအဖြစ် ဦးထင်ကျော်အား ရွေးချယ်တင်မြှောက်



နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ် တင်မြှောက်ခံရသည့် ဦးထင်ကျော်။

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်၌ကျင်းပရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်မှုကို နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခဲ့ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ ၃၆၀ ဖြင့် အများဆုံးရရှိပြီး ရွေးချယ်တင်မြှောက်ခံရခြင်း ဖြစ်သည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် မဲပေးပိုင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၆၅၃ ဦးအနက် တစ်ဦးခွင့်တိုင်ကြားခဲ့သဖြင့် ၆၅၂ ဦးတို့က ဆန္ဒမဲပေးခဲ့ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ ၃၆၀ ဖြင့်လည်းကောင်း၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံဆန္ဒမဲ ၇၉ မဲဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ထောက်ခံဆန္ဒမဲ

*စာမျက်နှာ ၇ ကော်လံ ၅ ✻*

### လျှို့ဝှက် ဆန္ဒမဲပေး ရွေးချယ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ အစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်များ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်စဉ်။

(သတင်းစဉ်)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဦးနှောက်ရောင်ရောဂါ သတိပြုစရာ

မြန်မာနိုင်ငံတွင် ပုံမှန်ထက် ရာသီဥတုပူပြင်းမှုကို ဖြစ်စေသည့် အယ်နီညိုရာသီဥတုဖြစ်ပေါ်နေချိန်တွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အညွှန်းကိန်းသည်လည်း အမြင့်ဆုံးအနေအထားသို့ရောက်ရှိလာနေပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့နေရာများတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှာ **Extreme Level** အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ပညာရှင်များက သတိပေးလျက်ရှိပါသည်။ ပြင်းထန်သော အယ်နီညိုအားကောင်းလာချိန် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှာလည်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာပြီဖြစ်၍ အပူချိန်မြင့်တက်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိပါသည်။

ဤသို့ပူပြင်းသောရာသီဥတု၏ အကျိုးဆက်ကြောင့် နာမကျန်းမှုများဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများ၏ကျန်းမာရေးကို အထူးဂရုပြုရန်လိုအပ်ပါသည်။ ယခုရက်ပိုင်းအတွင်း အပူရှိန်မြင့်မားမှုကြောင့် သာစည်မြို့နယ်အတွင်း ကျေးရွာအချို့၌ ဦးနှောက်အမြှေးရောင်ရောဂါဟုယူဆရသော နာမကျန်းမှုများဖြစ်ကာ သေဆုံးမှုများအထိ ဖြစ်ပွားခဲ့ကြောင်း ကြားသိရပါသည်။ ရာသီဥတုပူပြင်းမှုကြောင့် ခြင်ပေါက်ပွားမှုများပြားလာပြီး ဗီဇပြောင်းလဲကာ ဦးနှောက်ရောင်ရောဂါ **(Encephalitis)** ပိုးကို သယ်ဆောင်လာဖွယ်ရှိကြောင်း ပညာရှင်များက သုံးသပ်ထားပါသည်။ ဦးနှောက်အမြှေးရောင်ရောဂါသည် နပ်စရီးယား မန်နင်ဂျိုတိုက်ဒက်စ် **(Neisseria Meningitidis)** ဗက်တီးရီးယားပိုး တစ်မျိုးကြောင့်ဖြစ်ကြောင်း သိရပါသည်။ ဤရောဂါသည်ကား ကူးစက်နိုင်သောရောဂါဖြစ်ပါသည်။ ရောဂါဖြစ်ပွားနေသူတစ်ဦး၏ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ခန္ဓာကိုယ်အရည်နှင့် အသုံးအဆောင်ပစ္စည်းများ ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်နိုင်ကြောင်း သိရပါသည်။

ရောဂါလက္ခဏာများအနေဖြင့် လတ်တလော အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်တောင့်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အရေပြားအတွင်း သွေးခြည်ဥများထွက်ခြင်း၊ မှိန်းခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ သွေးလန့်ခြင်း စသောလက္ခဏာများတွေ့ရတတ်ပါသည်။ ဦးနှောက်အမြှေးရောင်ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။ အကယ်၍ ရောဂါလက္ခဏာများတွေ့ရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စနစ်တကျကုသမှုခံယူရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့ ပူပြင်းသောရာသီတွင် ခြင်ကြောင့်ဖြစ်ပွားနိုင်သည့် ဦးနှောက်ရောင် ရောဂါမဖြစ်ပွားအောင် ရှောင်ရန်၊ ဆောင်ရန်များ သတိပြုလိုက်နာဆောင်ရွက်ကြဖို့လိုပါသည်။ လူတိုင်းလူတိုင်းက ကျန်းမာရေးအသိစိတ်ဓာတ်ရှိစွာဖြင့် ခြင်နှိမ်နင်းရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရောဂါဖြစ်ပွားလာပါကလည်း ပူးပေါင်းကာကွယ်ရေးကို စနစ်တကျလိုက်နာဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အရည်အသွေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေး

**ရန်ကုန် မတ် ၁၅**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ ပူးပေါင်း၍ အရည်အသွေး စီမံခန့်ခွဲမှုစနစ်နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲ (Training on Self Assessment Report (SAR)၊ Writing and Internal Quality Management System Workshop) ကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၅**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် International Labour Organization (ILO)တို့ပူးပေါင်း၍ Migration Project ဆိုင်ရာ Stakeholder များ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က နေပြည်တော်ရှိ Hotel Max ၌ ကျင်းပခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အမှာစကားပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံရှိ Department of Foreign Affairs and Trade(DFAT)နှင့် Livelihood and Food Security Trust Fund (LTF)တို့၏ ကူညီထောက်ပံ့မှုနှင့် Development in International and Internal Migration Governance တို့၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်နေသည့် Triangle II Project တွင် ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိရန်တို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသည် ILO နှင့် ဝန်ကြီးဌာနတို့ပူးပေါင်း၍ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းလုပ်ဆောင်နေသူများပါဝင်သည့် လုပ်ငန်းစီမံကိန်းများ ကြီးကြပ်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းရန်နှင့် လုပ်ငန်းများထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးရန်ရည်ရွယ်၍ မတ် ၁၅ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဆွာမြို့ ဘူတာရုံမြောက်ဘက်ရထားလမ်းကြားရှိ အမှိုက်ပုံကြောင့် မြင်ကွင်းမလှ

**ထင်သာမြင်သာ ပြုပြင်စရာ**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့ဘူတာရုံမြောက်ဘက် ရထားလမ်းအနောက်ဘက် ကပ်လျက်ရှိ စည်ပင်သာယာဈေးအတွင်း ဈေးရောင်းချသူများ၊ ခရီးသွားများ၏ စည်းကမ်းမဲ့စွာ ပလတ်စတစ်အမှိုက်များလွှင့်ပစ်ခြင်းကြောင့် အဆိုပါအမှိုက်များမှာ ရထားလမ်းဘက်သို့ ပျံ့နှံ့ရောက်ရှိနေသဖြင့် ဘူတာရပ်ဝန်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀/၉၄၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၉.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၆.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၂၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၀၁ |
| တရုတ် | တစ်ယွမ် | ၁၈၇.၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၃၃ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်)**

## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း

၂၀၁၆ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ထားသော ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၂/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်)**

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ်နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်-

| | အမည် | မဲဆန္ဒနယ် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့်အစုအဖွဲ့ |
|---|---|---|---|
| ၁။ | ဦးမြင့်ဆွေ | - | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |
| ၂။ | ဦးဟင်နရီဗန်ထီးယူ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်း ဖွင့်မည်

**ရန်ကုန် မတ် ၁၅** ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသားများကိုယ်တိုင် တက်ရောက်ရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၄) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၃၃)ဒုတိယနှစ်သင်တန်းများကို ဧပြီ ၂၇ ရက်မှ မေ ၁၇ ရက်အထိ အနီးကပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၆ ရက်(အင်္ဂါနေ့) နောက်ဆုံးထား သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ရူပဗေဒဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆို

**ရန်ကုန် မတ် ၁၅**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ယနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရူပဗေဒဘာသာရပ်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နိုင်ငံခြားစာစစ်ဌာန စုစုပေါင်း ၁၄၄၂ ခုတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာရင်းရှိ ၆၀၁၀၄၀ ဦး ရှိပြီး ဆဋ္ဌမနေ့ ရူပဗေဒဘာသာရပ်တွင် စာဖြေသူ ၅၇၇၇၅၃ ဦး ဝင်ရောက်ဖြေဆိုခဲ့၍ တစ်နိုင်ငံလုံးတွင် ဖြေဆိုရန် ပျက်ကွက်သူ ၃၃၃၈၈ ဦးရှိရာ ဖြေဆိုသူ ၉၄ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ပျက်ကွက်သူ ၅ ဒသမ ၄၆ ရာခိုင်နှုန်းရှိသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေဆိုသူတစ်ဦး ထပ်မံတိုးလာ၍ စုစုပေါင်း ၁၅ ဦး ကိုယ်တိုင်ဖြေဆိုကြသည်။ မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေ နှစ်ဦးတိုးလာပြီး စုစုပေါင်း ကိုးဦးဖြေဆိုလျက်ရှိသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)စာစစ်ဌာန၌ လူနာစာဖြေသူ တစ်ဦးရှိပြီး မြောက်ဥက္ကလာပ(ဝေဘာဂီ) ကူးစက်ရောဂါကု ဆေးရုံ စာစစ်ဌာနတို့တွင် ဖြေဆိုသူမရှိကြောင်း သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် အကျဉ်းသား/အချုပ်သား ၁၉ ဦးမှာ ယခင်နေ့များအတိုင်း ဖြေဆိုလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ရူပဗေဒဘာသာရပ်ကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ အတွဲ(၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် အတွဲ(၈) ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်ဘာသာတွဲယူကြသည့် ကျောင်းသား ကျောင်းသူများ ဖြေဆိုကြကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဌာနမှ သိရသည်။ **သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**

## စုပေါင်းဆင်နွှဲရမည့် ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆)

**ရန်ကုန် မတ် ၁၅**

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ရှိနေသော မြန်မာနိုင်ငံက လှပသောပန်းဥယျာဉ်သဖွယ် တည်ရှိနေသည်။ တိုင်းရင်းသားတို့ ကိုယ်စီတွင် ကိုယ်ပိုင်ယဉ်ကျေးမှု ရိုးရာဓလေ့များရှိကြရာ ချစ်စရာကောင်းသည်။ တိုင်းရင်းသားတို့အနက်မှ ကချင်တိုင်းရင်းသားအုပ်စုဝင် ရဝမ်လူမျိုးတို့၏ ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆) ကို လာမည့် ဧပြီလတွင် ကျင်းပမည်ဖြစ်ရာ ယင်းပွဲတော်နှင့်ပတ်သက်ပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် $M_3$ Food စင်တာ၌ မတ် ၁၅ ရက် နံနက် ၁၀ နာရီက မီဒီယာရှင်းလင်းပွဲ ကျင်းပခဲ့သည်။



"ရဝမ် ယဉ်ကျေးမှုပွဲတော်ကို ရှေးအစဉ်အဆက်က ကျင်းပခဲ့တာဖြစ်ပြီး အခု နောက်ပိုင်းမှာတော့ ၂၀၀၁ ခုနှစ်က ပူတာအိုမြို့မှာ တစ်ကြိမ်ကျင်းပခဲ့သလို လာမယ့် ဧပြီလမှာကျင်းပဖို့ စီစဉ်နေပါတယ်။ ဒီလို ရဝမ်ယဉ်ကျေးမှုပွဲတော်ကို ကျင်းပရတာကတော့ ဘာသာတရားသက်ဝင်ယုံကြည်မှုကြောင့် ရဝမ်လူမျိုးတွေရဲ့ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးလာမှု၊ ရှေးဘိုးဘေးလက်ထက် အဆင့်ဆင့် လက်ဆင့်ကမ်းပေးခဲ့သော အမျိုးသားရေးလက္ခဏာများဖြစ်တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ဆက်လက် ထိန်းသိမ်းဖော်ထုတ်ပြသနိုင်ဖို့၊ ရဝမ်လူမျိုးတွေက အခြားမြန်မာတိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ခဲ့တဲ့ လူမျိုးဖြစ်ကြောင်း သိရှိစေဖို့၊ ရဝမ်လူမျိုးတို့ရဲ့ ချစ်ကြည်ညီညွတ်စည်းလုံးမှုကို ပေါ်လွင်စေဖို့၊ နေရာအနှံ့အပြားရောက်ရှိနေသော ရဝမ်လူမျိုးများပြန်လည်စုစည်း ဆုံတွေ့ခွင့်ရစေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာ ကရိုးလရိန် **(ဝဲပုံ)** က ပြောသည်။

ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်-၂၀၁၆)ကို ပူတာအိုမြို့ ရဝမ်ယဉ်ကျေးမှု မနောဥယျာဉ်တော် ဒုတ္ထန်ရပ်ကွက်တွင် လာမည့် ဧပြီ ၁၉ ရက်မှ ဧပြီ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။ ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆)ကို ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ ရဝမ်ယဉ်ကျေးမှုပွဲတော် လုပ်ငန်းကော်မတီတို့က ကြီးမှူးကျင်းပသွားမည် ဖြစ်သည်။ ကချင်ပြည်နယ်အစိုးရ၊ ပူတာအိုခရိုင်အုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့ကလည်း ခွင့်ပြုပေးခဲ့ပြီး ကြီးကြပ်ကာ ထောက်ပံ့မှုများ ပေးသွားမည်ဖြစ်သည်။

ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်-၂၀၁၆)တွင် စုပေါင်းဒဘူအဇီးလမ်း(မနောအက)၊ ရိုးရာယဉ်ကျေးမှုပဒေသာအက၊ အားကစားမျိုးစုံ၊ ရဝမ်ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ပြတိုက်ငယ်များနှင့် ပြခန်းများ၊ ဧည့်သည်များအတွက် အဆောင်များ၊ ရိုးရာအိမ်ပုံစံအသုံးအဆောင်၊ မနောတိုင်၊ မနောအိမ်တော်၊ စင်မြင့်ဖျော်ဖြေရေး အစီအစဉ်များ၊ ကံစမ်းမဲဖောက်ပေးခြင်းများ၊ လူသုံးကုန်ပစ္စည်းအရောင်းပြခန်းများအပြင် အခြားစိတ်ဝင်စားဖွယ် အစုံအလင်ကိုခင်းကျင်းပြသသွားမည်ဖြစ်သည်။

ဒဘူအဇီးခေါင်၏ အဓိပ္ပာယ်မှာ ဒဘူဆိုသည်မှာ ပျော်ရွှင်ခြင်းသို့မဟုတ် ကျေးဇူးတင်လို၍ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်ပြီး အဇီးခေါင်ဆိုသည်မှာ စုပေါင်းကရသောအက(မနော)ဟူ၍ ဖြစ်ရာ ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆)က ရဝမ်လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို ပျော်ရွှင်စွာ ဖော်ထုတ်ပြသမည့် တိုင်းရင်းသားတို့၏ ပွဲတော်တစ်ရပ်ဖြစ်ရာ စုပေါင်းဆင်နွှဲခွင့်ရတော့မည်ဖြစ်သည်။ **မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ရဝမ်ယဉ်ကျေးမှုပွဲတော်တွင် စုပေါင်းကမည့် အဇီးလမ်းအကကို မတ် ၉ ရက်က လေ့ကျင့်နေစဉ်။

## မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်( ၁၀၂ ဒီဂရီဖာရင်ဟိုက်)၊ ရန်ကုန်မြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ် (၉၉ ဒီဂရီဖာရင်ဟိုက်) ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

# ဆီးရီးယားစစ်ပွဲအဆုံးသတ်ရေးအတွက် အာဆတ်ကိုဖယ်ရှားရန် အိုဘားမားက ပူတင်ကိုပြောကြား



**ဒမတ်စကတ် မတ် ၁၅**

ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရန်အတွက် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ရာထူးမှ ဖယ်ရှားရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ရုရှားသမ္မတ ဗလာဒီမာပူတင်ကို တနင်္လာနေ့က ဖုန်းဖြင့်ထပ်မံပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်အနေဖြင့် ဆီးရီးယားမှ ရုရှားတပ်ဖွဲ့ဝင် တစ်စိတ်တစ်ပိုင်းကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးက ပြောခဲ့သည်။ တစ်ဦးကိုတစ်ဦး ယုံကြည်ခြင်းသည် ဆီးရီးယားပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့အစည်းအားလုံးအတွက် အပြုသဘောဆောင်သည့် အချက်ပြမှုပင်ဖြစ်သည်ဟု ရုရှားသမ္မတက ပြောခဲ့ပြီး အမှန်စင်စစ် အပစ်ရပ်စဲရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်အတွက် မှန်ကန်သော အခြေအနေများကို ဖန်တီးပေးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ အနေဖြင့်လည်း ဖေဖော်ဝါရီ ၂၇ ရက်ကတည်းက စတင်အကျိုးသက်ရောက်ခဲ့သည့် ဆီးရီးယားအပစ်ရပ်စဲရေးကြောင့် အကြမ်းဖက်မှုများလျော့ကျလာခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

သို့သော်လည်း အစိုးရတပ်ဖွဲ့များ၏ ထိုးစစ်ဆင်မှုများကြောင့် ဆီးရီးယားငြိမ်းချမ်းရေးနှင့် ကုလသမဂ္ဂဦးဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အမေရိကန်ပြည်သူများ ထရန့်ကို ရွေးချယ်လိမ့်မည်မဟုတ်ကြောင်း အိုဘားမား ယုံကြည်

**ဝါရှင်တန် မတ် ၁၅**

လာမည့်သမ္မတရွေးကောက်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုများဖြစ်ပွားစေနိုင်သည့်အတွက် ဒေါ်နယ်ထရန့်ကို ၎င်းအားဆက်ခံသူအဖြစ် အမေရိကန်ပြည်သူများက ရွေးချယ်လိမ့်မည်မဟုတ်ဟု ယုံကြည်ကြောင်း သမ္မတ အိုဘားမားက ယနေ့ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်မှ ထုတ်ပြန်သည်။

နိုင်ငံအတွင်း နိုင်ငံရေးသမားအများစုငြင်းခုံနေကြသော အကြောင်းအရာများသည် ကမ္ဘာနှင့်ချီ၍ နောက်ဆက်တွဲအကျိုးဆက်များဖြစ်ပေါ်စေနိုင်ကြောင်း၊ တစ်ချိန်တည်းမှာပင် အမေရိကန်ပြည်သူလူထုက မစ္စတာထရန့်ကို သမ္မတတင်မြှောက်မှာ မဟုတ်သည့်အတွက် လက်ရှိသမ္မတတစ်ဦးအနေဖြင့် စိတ်အေးသက်သာစေရန် အားပေးခြင်းဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအတွင်းရေးမှူး ဂျိုးစ်အန်းနက်စ်က သတင်းထောက်များကို ပြောသည်။

ထရန့်၏မဲဆွယ်မှုပုံစံအပေါ် မေးခွန်းထုတ်ထားသော သတင်းထောက်များကို အန်းနက်စ်က ပြန်လည်ပြောကြားရာတွင် အိုဘားမားအနေနှင့် ထရန့်ကို သမ္မတ သို့မဟုတ် စစ်သေနာပတိအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှာ မဟုတ်ကြောင်းကို လူထုထံသို့ နှစ်ကြိမ်မျှ ပြောကြားခဲ့ကြောင်း ပြောသည်။ **(ပီတီအိုင်)**

# ဒုက္ခသည် ၁၅၀၀ ကို ဂရိသို့ပြန်လည်ပို့ဆောင်ခဲ့သည်ဟု မက်ဆီဒိုးနီးယားနိုင်ငံပြောကြား

**ဆီကွန်ဂျီ(မက်ဆီဒိုးနီးယား) မတ် ၁၅**

မက်ဆီဒိုးနီးယားနိုင်ငံအနေဖြင့် တနင်္လာနေ့က နယ်စပ်ကိုဖြတ်ကျော်လာသော ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည် ၁၅၀၀ ခန့်ကို ဂရိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း မက်ဆီဒိုးနီးယားရဲများက အင်္ဂါနေ့က ပြောခဲ့သည်။

တနင်္လာနေ့က ဂရိနိုင်ငံမြောက်ပိုင်း အိုင်ဒိုမီနီ ယာယီတည်းခိုရေးစခန်းမှ ချီတက်လာသော ဒုက္ခသည်အများစုသည် မက်ဆီဒိုးနီးယားနိုင်ငံ နယ်စပ်ခြံစည်းရိုးကို ဖြတ်ကျော်လာသောကြောင့် ဂရိနိုင်ငံသို့ ညတွင်းချင်းကုန်တင်ကားများဖြင့် ပြန်လည် ပို့ဆောင်ပေးခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

ဂရိ ဒုတိယကာကွယ်ရေးဝန်ကြီး ဒီမီထရစ်ဗစ်ဆက်စ်က သတင်းအစီရင်ခံမှုများအပေါ် ငြင်းဆန်ခြင်းလည်း မပြုသလိုအတည်ပြုခြင်းလည်း မရှိပေ။

ဒုက္ခသည် ၁၅၀၀ ခန့်သည် မက်ဆီဒိုးနီးယားနယ်စပ်ရောက်အောင် ရွှံ့နွံထူထပ်သောလမ်းများ၊ ရေလျှံနေသော မြစ်ချောင်းများကို ခဲရာခဲဆစ် ဖြတ်ကျော် ချီတက်ခဲ့ခြင်းဖြစ်ပြီး နယ်စပ်အရောက်တွင် မက်ဆီဒိုးနီးယား လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

သတင်းထောက် ၃၀ ခန့် အပါအဝင် ရိုက်တာ ဓာတ်ပုံသတင်းထောက်တစ်ဦးကိုလည်း ထိန်းသိမ်းခဲ့သည်။ ဒုက္ခသည် ၆၀၀ ခန့်ပါဝင်သည့် ဒုတိယချီတက်လာသော အသုတ်ကို မက်ဆီဒိုးနီးယားသို့ ဖြတ်ကျော်ဝင်ရောက်ခွင့်ကို ပိတ်ခဲ့သောကြောင့် ၎င်းတို့သည် ဂရိတောင်ကုန်းများကြားတွင် စခန်းချခဲ့ရကြောင်း ရိုက်တာ ဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောသည်။ **(ရိုက်တာ)**



မက်ဆီဒိုးနီးယားနယ်စပ်ကို ဖြတ်ကျော်ရန် လမ်းကြောင်းရှာနေသော ဒုက္ခသည်များကို မတ် ၁၄ ရက်က တွေ့ရစဉ်။

# ရန်ပုံငွေခြစားမှုတွင် ဝန်ကြီးချုပ်နာဂျစ်ရာဇတ်ပါဝင်ကြောင်း ဖော်ပြခဲ့သည့် မလေးရှားအွန်လိုင်းမီဒီယာ ပိတ်ခံရ

**ကွာလာလမ်ပူ မတ် ၁၅**

နိုင်ငံတော်ရန်ပုံငွေအကျင့်ပျက်ခြစားမှုတွင် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်ပါဝင်ကြောင်းဖော်ပြခဲ့သည့် မလေးရှားနိုင်ငံ၏ကြီးမားသော အင်တာနက်မီဒီယာဝက်ဆိုက်တစ်ခု ပိတ်သိမ်းရတော့မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တနင်္လာနေ့နောက်ပိုင်းတွင် မလေးရှားနိုင်ငံ၏ ကြီးမားသော အင်တာနက်မီဒီယာဝက်ဆိုက်တစ်ခုဖြစ်သည့် မလေးရှားအင်ဆိုက်ဒါကို အင်တာနက်အသုံးပြုရာတွင် လိုက်နာရမည့်စည်းကမ်းများကို ဖောက်ဖျက်မှုဖြင့် ပိတ်သိမ်းလိုက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၁၃ အထွေထွေရွေးကောက်ပွဲမတိုင်မီ ဆော်ဒီအာရေဗျ တော်ဝင်မိသားစုထံမှ ဒေါ်လာ သန်း ၇၀၀ ကို ဝန်ကြီးချုပ် နာဂျစ်အနေဖြင့် လက်ခံရရှိခဲ့သည်ကို တွေ့ရှိခဲ့ရပြီးနောက် အတိုက်အခံပါတီများနှင့် လူထုက နာဂျစ်ကို ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် နိုင်ငံရေးလှုပ်ရှားမှုရန်ပုံငွေကို နိုင်ငံရပ်ခြားမှလက်ခံရယူခြင်းသည် ပြဿနာဖြစ်နိုင်သည်ဟု ဆိုသည်။

မလေးရှားအင်ဆိုက်ဒါက ဝန်ကြီးချုပ်၏လုပ်ရပ်သည် မလေးရှားနိုင်ငံကို အဆုံးသတ်လိုက်ခြင်းဖြစ်ပြီး ယခုအခါတွင် အရင်ထက်ပိုမိုပွင့်လင်းမြင်သာမှုရှိဖို့လိုအပ်သည်ဟု ၎င်း၏အင်တာနက်ဝက်ဆိုက်တွင် ရေးသားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အမေရိကန်နှင့်ကျူးဘားနှစ်နိုင်ငံ တယ်လီဖုန်းလိုင်းတိုက်ရိုက်ဆက်သွယ်ရန် လက်မှတ်ရေးထိုး

**ဟာဗားနား မတ် ၁၅**

ကျူးဘားနှင့် အမေရိကန်နှစ်နိုင်ငံ တိုက်ရိုက်တယ်လီဖုန်းခေါ်ဆိုမှု တည်ထောင်နိုင်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း ကျူးဘားဆိုင်ရာအရာရှိများက ဂရန်မာသတင်းဌာနသို့ ပြောခဲ့သည်။ ကျူးဘားကြေးနန်းဆက်သွယ်ရေးကုမ္ပဏီ Etecsa နှင့် အမေရိကန်အခြေစိုက် Verizon Partne မှ Solutions ကုမ္ပဏီတို့သည် နှစ်နိုင်ငံဆက်သွယ်မှုအတွက် လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံ တိုက်ရိုက်တယ်လီဖုန်းဆက်သွယ်မှုအတွက် နည်းပညာစမ်းသပ်မှုများနှင့် အကောင်အထည်ဖော်နေစဉ်အတွင်း အော်ပရေတာဆောင်ရွက်မှုများ ပြီးစီးသော်လည်း ဝန်ဆောင်မှုများရရှိမှု မရှိသေးကြောင်း Etecsa ကုမ္ပဏီက ပြောခဲ့သည်။

ရာစုနှစ်တစ်ဝက်နီးပါး ဆက်သွယ်မှုဖြတ်တောက်ခဲ့ကြသော အမေရိကန်နှင့်ကျူးဘားတို့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစ၍ နှစ်နိုင်ငံပြန်လည် သင့်မြတ်ခဲ့ပြီးနောက် တတိယအကြိမ် သဘောတူလက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် Etecsa သည် IDT Domestic Telecom နှင့် အလားတူ လက်မှတ်ရေးထိုးခဲ့ပြီး နိုဝင်ဘာလတွင် Sprint နှင့်လည်း လက်မှတ်ရေးထိုးခဲ့သည်။ **(ဆင်ဟွာ)**

# ဗီယက်နမ်ရုပ်မြင်အစီအစဉ် ရိုက်ကူးစဉ်အတွင်း ဩစတြေးလျ အပေါ့စားလေယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

**မဲလ်ဘုန်း မတ် ၁၅**

ဗစ်တိုးရီးယား၌ အားလပ်ရက် သီတင်းပတ်က ရုပ်ရှင်ရိုက်ကူးသော အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ် လိုက်ပါလာသူ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ဩစတြေးလျရဲဌာနက ပြောသည်။

တနင်္ဂနွေနေ့က ပျက်ကျမှုမဖြစ်ပွားခင် ဩစတြေးလျနိုင်ငံသား အိုင်အန်ကွတ်(၆၀)နှစ်နှင့် ဗီယက်နမ်အမျိုးသား ကောင်ဟွမ်ဗူ (၄၄)နှစ်တို့သည် ဗီယက်နမ်ဘာသာဖြင့် ထုတ်လွှင့်သော အုံ့ဩစရာယှဉ်ပြိုင်ပွဲ ရုပ်မြင်သံကြားအစီအစဉ်ကို ရိုက်ကူးနေခြင်းဖြစ်သည်။

အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများ ကြိုးစားသည့်ကြားမှ အဆိုပါနှစ်ဦးမှာ ကံဆိုးစွာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ရိုက်ကူးရေးသမားဗူ တပ်ဆင်ခဲ့သော လေယာဉ်ပေါ်ရှိ ကင်မရာများမှ အဆိုပါမတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို ရှာဖွေစုံစမ်းနေကြောင်း အင်္ဂါနေ့တွင် ရဲများက ပြောသည်။

ဩစတြေးလျလေကြောင်း ပြုပြင်ရေးဌာနမှ ကနဦးအစီရင်ခံစာတွင် လေယာဉ်၏ တောင်ပံအစိတ်အပိုင်းချွတ်ယွင်းမှုကြောင့် ပျက်ကျရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ **(ဆင်ဟွာ)**

# ကိုယ်ပိုင်ကာကွယ်ရေးအတွက် ဒုံးပျံစမ်းသပ်မှုသည် စာချုပ်ချိုးဖောက်ခြင်းမရှိဟု အီရန်ပြော

**တီဟီရန် မတ် ၁၅**

မကြာသေးခင်က ပြုလုပ်ခဲ့သော တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုကို အမေရိကန်က ပြစ်တင်ပြောဆိုမှုအပေါ် အီရန်အနေနှင့် ကိုယ်ပိုင်ကာကွယ်ရေးအတွက် ပြုလုပ်ခြင်းဖြစ်သည့်အတွက် တီဟီရန်နှင့် ခြောက်နိုင်ငံ ဆွေးနွေးခဲ့သော သမိုင်းဝင်စာချုပ်ကို ချိုးဖောက်ခြင်းမဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်က အဆိုပါစမ်းသပ်မှုသည် ရန်လိုကျူးကျော်လိုခြင်း မဟုတ်ကြောင်း ဩစတြေးလျဆွေးနွေးပွဲ၌ မိုဟာမတ်ဂျဗာဇာရစ်ဖ်က ပြောကြားခဲ့သည်။ တနင်္လာနေ့ကပြုလုပ်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၁၅ နိုင်ငံအစည်းအဝေး၌ အဆိုပါစမ်းသပ်မှုအပေါ် နိုင်ငံတကာအနေနှင့် အာရုံစိုက်စရာဖြစ်လာခဲ့သည်။



စမ်းသပ်မှုသည် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ နှင့် အကျုံးမဝင်သည့်အတွက် တရားဝင်ဖြစ်ကြောင်း ကောင်စီဆုံးဖြတ်ချက်အဖြေကို ရည်ညွှန်း၍ ၎င်းကပြောဆိုသည်။

အီရန်အနေနှင့် အဆိုပါလက်နက်များဖြင့် အခြားမည်သည့်နိုင်ငံကိုမျှ တိုက်ခိုက်ရန်ရည်ရွယ်ချက်မရှိကြောင်း၊ နိုင်ငံ၏ကာကွယ်ရေးအတွက်သာဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တပ်ကုန်းမြို့ ကျောင်းသစ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥက္ကဋ္ဌ နှင့် သံဃာတော် ၁၈ ပါးတို့ ကြွရောက်တော်မူကြပြီး စေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းအဖွဲ့များ၊ တပ်နယ်ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(၇၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားအား မတ် ၁၅ ရက်မှ ၁၉ ရက်၊ (တပေါင်းလဆန်း ၇ ရက်မှ လဆန်း ၁၁ ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

# ၅ နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းလုပ်ဆောင်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုမှတ်တမ်းများစာအုပ် ထွက်ရှိ







**နေပြည်တော် မတ် ၁၅**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ ၅ နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများစာအုပ် အပိုင်း(၁)နှင့် အပိုင်း(၂)ကို ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ စာအုပ်နှစ်အုပ်တွင် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ခန်းမ၌ ကျင်းပသော ပထမအကြိမ်ပြည်ထောင်စု လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းတို့ကို ဖော်ပြထားသည်။

အပိုင်း (၁) စာအုပ်တွင် ဝန်ကြီးဌာန ၁၃ ခု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၅ နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများကို စာမျက်နှာ ၃၁၉ မျက်နှာဖြင့် ရေးသားပြုစုဖော်ပြထားသည်။

အပိုင်း(၂) စာအုပ်တွင် ဝန်ကြီးဌာန ၁၇ ခု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၅ နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုမှတ်တမ်းများကို စာမျက်နှာ ၄၀၉ မျက်နှာဖြင့် ရေးသားပြုစုဖော်ပြထားသည်။

အဆိုပါ အတွဲ (၁) နှင့်အတွဲ (၂) စာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင်များဖြစ်သည့် နေပြည်တော် အမှတ်-တ-၅၅ သပြေကုန်းဈေး ဖုန်း ၀၆၇-၄၁၄၆၈၁၊ ရန်ကုန် အမှတ် -၅၂၉-၅၃၁ ကုန်သည်လမ်း ဖုန်း ၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁၊ မန္တလေး ၈၆ လမ်း ၂၁-၂၂ လမ်းကြား ဖုန်း ၀၂-၃၀၁၈၆ တို့တွင် မကြာမီ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




❖ *ကျော်ဖုံးမှ*

ဘောလုံးဝါသနာရှင် ပြည်သူများ အနီးကပ်အမှတ်တရ ကြည့်ရှုခွင့်ရစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကားများဖြင့် စီတန်းစတင်လှည့်လည်ကာ ရွှေဂုံတိုင်လမ်းဆုံ၊ ဘုန်းကြီးလမ်း၊ လှည်းတန်းလမ်းဆုံ၊ အင်းလျားကန်အနီး ပြည်လမ်းတစ်လျှောက်မှတစ်ဆင့် ဆီဒိုးနားဟိုတယ်သို့ ပြန်လည်ခိုလှုံမည်ဖြစ်သည်။ ချန်ပီယံလိဂ်( UEFA) ဖလားကြီးသည် မတ် ၂၁ ရက်တွင် ယူနီယမ်ဘား၌ ထူးခြားသည့် အစီအစဉ်တစ်ရပ်အနေဖြင့် တည်ရှိမည်ဖြစ်ကာ မတ် ၂၂ ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ပြည်သူများဖြင့် ဘောလုံးအစီအစဉ်တစ်ရပ် ထည့်သွင်း၍ ကျင်းပမည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် ဘောလုံးပါတီကျင်းပကာ ၂၅ ရက်တွင် ယင်းဖလားနှင့်အတူ သံတမန်အဖြစ် ရောက်ရှိလာမည့် အာဆင်နယ်အသင်း၏ ကမ္ဘာ့ကျော် ဘောလုံးသမား ဖရက်ဒရစ် လမ်းဘတ်ဂ်က ပါတီပွဲပြုလုပ်ကာ မီဒီယာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ပြီး နောက်ဆုံး မတ် ၂၆ ရက်တွင် ရွှေထွဋ်တင် ကွင်း၌ မွန်းလွဲပိုင်းမှ ညအထိ ပြည်သူများ အမှတ်တရ ဓာတ်ပုံရိုက်ခွင့်၊ ဗီဒီယိုရိုက်ခွင့်များ ရရှိနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချန်ပီယံလိဂ်ဖလား ရောက်မယ်ဆိုတော့ စိတ်ထဲမှာ ဝမ်းသာသွားမိတယ်။ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ အခုရောက်တော့မယ်ဆိုတော့ ချန်ပီယံလိဂ်ဖလားနဲ့အတူ အမှတ်တရဓာတ်ပုံတော့ ရိုက်ဖြစ်မှာပါ။ မတ် ၂၀ ရက်မှာ ရန်ကုန်မြို့ကိုလည်း လှည့်ဦးမယ်ကြားတယ်။ ဘောလုံးချစ်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံက ပြည်သူတွေအတွက် အခုလိုစီစဉ်ပေးလို့ ကျေးဇူးတင်ပါတယ်" ဟု ဘောလုံးဝါသနာရှင် ကိုကျော်မျိုးဆွေက ပြောသည်။




**မြန်မာနိုင်ငံသို့ မတ် ၂၀ ရက်တွင် ရောက်ရှိမည့် ချန်ပီယံလိဂ် (UEFA) ဖလား။**

ဥရောပ ချန်ပီယံလိဂ်ဖလားသည် ကမ္ဘာတစ်ဝန်း ဘောလုံးချစ်ပြည်သူ ၄ ဒသမ ၃ ဘီလီယံကျော် အားပေးလျက်ရှိသည့် ပြိုင်ပွဲကြီးဖြစ်သည်။ အဆိုပါ ချန်ပီယံဆုဖလားကြီးသည် ငွေသားဖြင့် သွန်းလုပ်ထားခြင်းဖြစ်ပြီး အတွင်းဘက်ကို ရွှေအစစ်ဖြင့် သွန်းလုပ်ထားကာ အမြင့် ၇၁ စင်တီမီတာ အလေးချိန်အားဖြင့် ၇ ဒသမ ၅ ကီလိုဂရမ်ရှိကြောင်း သိရသည်။ ဆုဖလား၏ အပြင်ဘက်တွင်လည်း ၁၉၅၆ ခုနှစ်မှ စတင်ကာ အနိုင်ရရှိသည့် အသင်းအားလုံး အမည်များကို ရေးထိုးပေးထားသည်။

ချန်ပီယံလိဂ်ဖလား မြန်မာနိုင်ငံသို့ရောက်ရှိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ငါးနိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံပါဝင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယင်းဖလားကဲ့သို့ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ ကမ္ဘာတစ်ဝန်း ဘောလုံးချစ်ပြည်သူများ စိတ်ဝင်စားသည့် ကမ္ဘာ့ဖလားကြီး ပထမဆုံးအကြိမ် ရောက်ရှိခဲ့ရာ မြန်မာဘောလုံးချစ်ပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

● *ကျော်ဖုံးမှ*

အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်မည့် MMA ပြိုင်ပွဲကို မတ် ၁၈ ရက် ညနေ ၆ နာရီခွဲတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် တွဲဆိုင်း ၁၀ ဆိုင်းပါဝင်မည်ဖြစ်ပြီး အဓိကပွဲစဉ်အဖြစ် အောင်လအန်ဆန်နှင့် အီဂျစ်နိုင်ငံသား မိုဟာမက်အလီတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းပွဲစဉ်ထိုးသတ်ရန်အတွက် မတ် ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အောင်လအန်ဆန်သည် အမေရိကန်နိုင်ငံ၌ နေထိုင်ရင်းမှ MMA အားကစားနည်းကို လေ့လာလိုက်စားခဲ့ပြီး နာမည်ရလာသည့် ကစားသမားတစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမဆုံးထိုးသတ်မည့်ပွဲတွင် အနိုင်ရရှိရန် လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ရဲရင့်ရှိန်း**

# စစ်ဘေးရှောင်ပြည်သူများ နေရေးထိုင်ရေးနှင့် အစားအသောက်အတွက် လှူဒါန်းမှုများလိုအပ်

**မူဆယ် မတ် ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်းရှိ မန်နိမ်းအွန်၊ ငေါ့ငါး၊ မိုင်းယု၊ လွယ်စရမ်း၊ လွယ်ကန်၊ မန်းပူး၊ ပိန်းပွန်၊ မန်စိန် ကျေးရွာများ အနီးတစ်ဝိုက်တွင် တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် ကျေးရွာသူ ကျေးရွာသားများသည် နီးစပ်ရာ ဆွေမျိုးသားချင်းများ ရှိရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း၊ အချို့မှာ ဆွေမျိုးသားချင်း မရှိသဖြင့် စစ်ဘေးရှောင်စခန်းများသို့ ရောက်ရှိလာပြီး မတ် ၁၀ ရက် နံနက် ၉ နာရီမှ မတ် ၁၄ ရက် ညနေ ၆ နာရီခွဲအထိ ကွတ်ခိုင်မြို့ နမ့်ဖတ်ကာကျေးရွာ ရပ်ကွက်(၄) ဓမ္မာရုံ၌ စစ်ဘေးရှောင်အိမ်ထောင်စု ၁၆၀၊ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား ၁၅၄ ဦး၊ အမျိုးသမီး ၁၉၇ ဦး ပေါင်း ၃၅၁ ဦးနှင့် အသက် ၁၈ နှစ်အောက် အမျိုးသား ၁၅၃ ဦး၊ အမျိုးသမီး ၁၅၂ ဦး ပေါင်း ၃၀၅ ဦး၊ စစ်ဘေးရှောင်သူဦးရေ စုစုပေါင်း ၆၅၆ ဦး ရောက်ရှိခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စစ်ဘေးရှောင်ပြည်သူများအား နေထိုင်ရေး၊ အစားအသောက်တို့ အခက်အခဲများ ဖြစ်ပေါ်နေရာ လှူဒါန်းမှုများ လိုအပ်နေကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**



# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၁၀)



ဦးဟန်ညွန့်(ဥပဒေ)

## "လူ" ၏ အဓိပ္ပာယ်

"လူ" ၏အဓိပ္ပာယ်မှာ တွေးခေါ်သိမြင်တတ်သော အသိဉာဏ်ရှိ၍ တီထွင်တတ်၊ စကားပြောတတ်သော၊ ခြေနှစ်ချောင်းသတ္တဝါဖြစ်သည်ဟု ဖွင့်ဆိုသည်။ နတ်ပြဟ္မာ စသည်တို့နှင့်လည်းကောင်း၊ ရသေ့ရဟန်း စသည်နှင့်လည်းကောင်း၊ အခြားထူးခြားသော အဖြစ်အနေ စသည်နှင့်လည်းကောင်း အဆင်၊ ဇာတ်ကွဲပြားသော သာမန်ပုဂ္ဂိုလ်ဟုလည်း ဖော်ပြသည်။

**(မြန်မာအဘိဓာန်ဖွင့်ဆိုချက်၊ အတွဲ-၄၊ စာ-၇၀)**

## ခရီးသည်တစ်ဦး

"မွေးသည်" မှ "သေသည်"အကြား ခရီးသည်တစ်ဦးလည်း ဖြစ်ပေသော **လူ** သည် လူ့ဘဝခရီးကို လျှောက်လှမ်းရသည်။ အသက်တစ်ရာ မနေရသော်ငြား အမှုတစ်ရာကြုံရတတ်သည်။ လောကဓံ၏ ရိုက်ပုတ်ဒဏ်ကို အလူးအလဲခံရစမြဲ။ ဘယ်သူမပြု မိမိမှု။ ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင်။ ကိုယ့်သမိုင်း ကိုယ်ရေးသည်ဟု ဆိုနိုင်သည်။

## ပေါင်းစုထားသော ဥပဒေ

တွေးခေါ်သိမြင်တတ်သော၊ အသိဉာဏ်ရှိသော၊ တီထွင်တတ်သော၊ စကားပြောတတ်သော၊ ခြေနှစ်ချောင်းသတ္တဝါဖြစ်သော "လူ" အတွက် လူ့ကိုယ်ကို ထိခိုက်သောပြစ်မှုများ ပြဋ္ဌာန်းထားရှိသည်။ ရာဇသတ်ကြီး အခန်း ၁၆ ဖြစ်ပါသည်။ လူ့အသက်ကို ထိခိုက်သောပြစ်မှုများဟု ခေါင်းစဉ်တပ်ထားသည်။

## ပုဒ်မများ

**ရာဇသတ်ကြီးပါ ပုဒ်မအချို့ကို ချရေးကြပါမည်။**

| | |
|---|---|
| ပုဒ်မ ၂၉၉။ | ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု |
| ၃၀၀။ | လူသတ်မှု |
| ၃၀၀(က)။ | သေစေသည်ဟု မှတ်ယူအချက်များ |
| ၃၀၁။ | မခြားထပ်တူအချက် |
| ၃၀၂။ | လူသတ်မှုအတွက်ပြစ်ဒဏ် |
| ၃၀၃။ | * |
| ၃၀၄။ | လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုအတွက်ပြစ်ဒဏ် |
| ၃၀၄(က)။ | ပေါ့လျော့ခြင်းဖြင့် သေစေမှု |
| ၃၀၅။ | ကလေးဖြစ်စေ၊ ရူးသွပ်သူဖြစ်စေ၊ မိမိကိုယ် မိမိသတ်ခြင်းကို အားပေးကူညီခြင်း |
| ၃၀၆။ | တစ်ဦးတစ်ယောက်သောသူ မိမိကိုယ်မိမိသတ်ခြင်းကို အားပေးကူညီခြင်း |
| ၃၀၇။ | လူသတ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ တစ်သက်တစ်ကျွန်း ဒဏ်ခံနေရသူတို့က အားထုတ်ခြင်း |
| ၃၀၈။ | ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကိုကျူးလွန်ရန် အားထုတ်ခြင်း |
| ၃၀၉။ | မိမိကိုယ် မိမိသတ်ရန် အားထုတ်ခြင်း |
| ၃၁၀။ | လူသတ်ဓားပြ |
| ၃၁၁။ | ပြစ်ဒဏ် |

## လူသေမှုဆိုတာဘာလဲ

လူသေမှုဆိုတာ ဘာလဲ။ ပေါ်လွင်အောင် ရေးပြ၊ ရှင်းပြထားသည်။ ခေတ်အဆက်ဆက် ဥပဒေပညာရှင်များ မကွဲမပြား၊ အဓိပ္ပာယ်ဖွင့်ကြသည်။ ပညာရှင်အသီးသီး၊ ကျမ်းအဆူဆူ၊ စီရင်ထုံးအစောင်စောင်တို့က လက်ခံကြသည်။ အဓိပ္ပာယ် ထပ်တူထပ်မျှညီမျှအောင်၊ သဘာဝကျအောင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြခြင်းလည်း ဖြစ်သည်။ လူငယ်များကျယ်ပြန့်စွာ ဆက်လက်ဖတ်ရှုကြပါ။

**(ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၉ မှ ၃၀၈ အထိ)**

## လူသတ်မှုဆိုတာဘာလဲ

"လူသတ်မှု"နှင့် "လူသေမှု" အဓိပ္ပာယ်မတူ၊ တူသယောင်ယောင်နှင့် အဓိပ္ပာယ်ကောက် လွဲတတ်ကြသည်။ စီရင်ထုံးများ၊ ကျင့်ထုံးများ၊ အမှုများက သက်သေပြခဲ့သည်။ လူငယ်ကျောင်းသား၊ လူငယ်ရှေ့နေများ လေ့လာကြသည်။ သုတေသနပြုကြသည်။ ဥပဒေဘွဲ့အတွက် ကျမ်းပြုကြသည်။ ဥပဒေပါမောက္ခကြီးများ၊ အငြိမ်းစားတရားသူကြီးများ၊ ဥပဒေအရာရှိများ၏ လက်တွေ့ဘဝနှင့် ပေါင်းစပ်ကြရသည်။ စာတွေ့၊ လက်တွေ့၊ နှုတ်ဖြေမေးခွန်းတွေ ဖြေဆိုကြရသည်။ ကျမ်းသုတေသနစိစစ်ရသည်။ ဤမျှသာ မိတ်ဆက်ပေးပါရစေ။

**(ရာဇသတ်ကြီးမှ လူ့အသက်ကို ထိခိုက်သောပြစ်မှုများ ပြဋ္ဌာန်းချက် ကောက်နုတ်ချက်)**

## ပုဒ်မ ၃၀၂ (၁) (ခ)

ပြစ်မှုပုဒ်မ ၃၀၂(၁)(ခ)သည် ထင်ရှားသည်။ ဥပဒေလောကသားများ သိကြသည်။ တင်ကူးကြံရွယ်ချက်ဖြင့် (With Premeditation) ကျူးလွန်ခြင်းကို အဓိကဆိုသည်။ သာမန်မဟုတ်။ ကြိုတင်စိတ်ကူးကြံရွယ်ကာ လူသတ်မှုကျူးလွန်ခြင်းဖြစ်သည်။ မူရင်းပုဒ်မလေ့လာကြပါ။

## နိုင်ငံတော်လုပ်ကြံမှု

"လူသတ်မှု" အကြောင်းရေးလျှင် **"နိုင်ငံတော်လုပ်ကြံမှု"** က ထိပ်ဆုံးကဖြစ်သည်။ အငြိမ်းစားနိုင်ငံတော်သမ္မတ၊ တရားရေးဝန်ကြီး ဒေါက်တာ မောင်မောင်က နိုင်ငံတော်လုပ်ကြံမှု **(ပြည်ထောင်စုနှင့်ဦးစော)** အမည်ဖြင့် စာတစ်အုပ်ရေးသားပြုစုခဲ့သည်။ ၁၉၄၇ ခုနှစ် ရာဇဝတ်မှုအမှတ်(၁)အကြောင်းဖြစ်သည်။ ရန်ကုန်မြို့ အထူးရာဇဝတ်ရုံးဖြစ်သည်။ (အင်းစိန်မြို့တွင်ရုံးထိုင်သည်) ဘုရင်နှင့် ၁။ ဦးစော၊ ၂။ မောင်စိုး၊ ၃။ သက်နှင်း၊ ၄။ မောင်စိန်(ခ) စိန်ကြီး(ခ) လှအောင်၊ ၅။ ရန်ကြီးအောင်(ခ) လှထွန်း၊ ၆။ သုခ ၇။ ခင်မောင်ရင်၊ ၈။ မောင်နီ(ခ) ဘိုနီ(ခ)ဂနီ၊ ၉။ မှုံကြီး(ခ)မောင်မှုန် အမှုဖြစ်သည်။ တရားသူကြီးများမှာ **နာယက** ဦးကျော်မြင့်၊ **အဖွဲ့ဝင်** ဦးအောင်သာကျော်၊ **အဖွဲ့ဝင်** ဦးစီဘူးတို့ဖြစ်သည်။

## စီရင်ချက်တစ်စိတ်တစ်ပိုင်း

**စီရင်ချက်တစ်စိတ်တစ်ပိုင်း ဖော်ပြပါရစေ။**

"×××အထက်၌ဖော်ပြပြီးသည့်အတိုင်း သက်သေထင်ရှားပြပြီးသော အမှု၏အဖြစ်အပျက်အကြောင်းအရာများအရ ဦးစောအား လုပ်ကြံမှုကို သွားရောက်ကျူးလွန်ခဲ့ကြသော တရားခံများနှင့် ပူးပေါင်းကြံစည်မှုအတွက် ပြစ်မှုထင်ရှားစီရင်သင့်သည်။ **သို့မဟုတ်** အားပေးကူညီမှုစွဲချက်တစ်ခုတည်းဖြင့် ဦးစောအား ပြစ်မှုထင်ရှားစီရင်သင့်သည်ဟူသော **ပြဿနာ**ကို စဉ်းစားရမည်။ ရာဇသတ်ကြီးပုဒ်မ ၁၂၀(ခ)၌ ပါရှိသည့် အသုံးအနှုန်းစကားရပ်များအရဆိုလျှင် တရားခံများကို ရာဇသတ်ကြီးပုဒ်မအရ ပြစ်မှုထင်ရှားစီရင်သောအခါ တရားခံများအား ထိုက်သင့်စေနိုင်သည့်ပြစ်ဒဏ်မှာ **ပြစ်မှုကျူးလွန်ရန် အားပေးကူညီမှုအတွက် ထိုက်သင့်စေနိုင်သည့် ပြစ်ဒဏ်နှင့်တစ်မျိုးတည်းပင်ဖြစ်သောကြောင့်** တရားမျှတ မှန်ကန်စေခြင်းအကျိုးငှာ ယခုအမှုတွင် တရားခံများကိုဆိုခဲ့သည့် ရာဇသတ်ကြီးပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ရန် မုချလိုအပ်သည်ဟု ပေါ်လွင်ခြင်းမရှိ။ ဦးစောသည် သူ၏နောက်လိုက်တပည့်များနှင့်အတူ ပူးပေါင်းကြံစည်သည့်ပြစ်မှုမှာ အမှန်တကယ် ကျူးလွန်ပြီးဖြစ်သောကြောင့် စွဲချက်နှစ်ခုအနက် တစ်ခုခုကိုရွေးယူခွင့်ရှိသော အားပေးကူညီမှုစွဲချက်အရ ဦးစောအပေါ် ပြစ်မှုထင်ရှားစီရင်လျှင် တရားမျှတမှန်ကန်စေနိုင်သည်။ သို့ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့် ယှဉ်တွဲဖတ်ရသည့် ရာဇသတ်ပုဒ်မ ၃၀၂(၁)(ခ)အရ အားပေးကူညီမှုအတွက် ဦးစော၌ အပြစ်ရှိကြောင်း ဆုံးဖြတ်သည်။

××××××××××××××××××××

ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့်မှုံကြီးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့် ယှဉ်တွဲဖတ်ရသော ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ)အရ ရာဇဝတ်ပြစ်မှုများကျူးလွန်ရန်အားပေးကူညီမှုအတွက် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ပြီးလျှင် တစ်ဦးစီအပေါ် **သေစေ**ပြစ်ဒဏ်ချမှတ်လိုက်သည်"။

## မမေ့အပ်သောခံစားမှုအတွေ့အကြုံ

"ကံမကောင်း အကြောင်းမလှသဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ကြရပြီ။ တစ်မျိုးသားလုံး၏ ခံစားမှုအတွေ့အကြုံသည်လည်း တစ်နိုင်ငံလုံး၌ ရှိခဲ့ကြရပြီ။ ထိုခံစားမှုအတွေ့အကြုံကို သတိပြုကြရမည်သာ။ ပေါ့ပေါ့ဆဆနေလိုက်ကြလျှင် အချည်းနှီးဖြစ်ရသည်။ အချည်းနှီးကားမဖြစ်ထိုက်။ မှတ်တမ်းရေးကြရမည်။ သို့မှသာ နောင်လာနောက်သားတို့သည် မှတ်တမ်းမှတစ်ဆင့် ထိုခေတ်က တစ်မျိုးသားလုံး၏ ခံစားမှုအတွေ့အကြုံကိုရ၍ အသိအလိမ္မာရနိုင်ကြရသည်။ ရနိုင်ကြအောင် မှတ်တမ်းရေးသူက ရေးတတ်လျှင် ရကြမည် မုချဖြစ်သည်" ဟု **ဆရာဇော်ဂျီ**က **ဒေါက်တာမောင်မောင်**၏စာအုပ်တွင် အမှာစာရေးခဲ့သည်။ လူငယ်တို့အတွက် ဥပဒေအတွေး၊ သမိုင်းအတွေး၊ ခေတ်အတွေး၊ အသိအလိမ္မာအတွေးတွေ ပေးခဲ့ပေသည်။

## နိုင်ငံတော်လုပ်ကြံမှုဟု ဘာ့ကြောင့်ခေါ်ဝေါ်သလဲ

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်ခေါင်းဆောင်အချို့အား လုပ်ကြံခြင်းကို နိုင်ငံတော်လုပ်ကြံမှုကြီးဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ နိုင်ငံ၏သမိုင်းတွင် ထင်ရှားသော မှုခင်းကြီး ဖြစ်သည်။ မြန်မာပြည်သစ်ကိုထူထောင်သော နိုင်ငံချစ်ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်ခေါင်းဆောင်များကို လုပ်ကြံခြင်းကြောင့် နိုင်ငံတော်ကို လုပ်ကြံခြင်းမြောက်သည်။ သမိုင်းကို ပြောင်းစေသော လုပ်ကြံမှုဖြစ်သည်။ ထို့ကြောင့် **"နိုင်ငံတော်လုပ်ကြံမှုကြီး"** ဟု ခေါ်ဝေါ်သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပါ။ ထိုသို့သောပမာဏရှိသည့်လုပ်ကြံမှုကြီးကို အများဖတ်နိုင်အောင် မှတ်တမ်းတင်ထားရှိဖို့ လိုအပ်သည်ဟုယူဆ၍ ဤစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်ဟု ဆရာ ဒေါက်တာမောင်မောင်က "စေတနာ" အမှာစာရေးခဲ့သည်။

## သင်္ခါရတရား

လူ့ဘဝတွင် သင်္ခါရတရားသည် ထင်ရှားသည်။ မွေးရသည်။ ကြီးပြင်းရသည်။ အိုရ၊ နာရသည်။ တက်ရ၊ ကျရသည်။ ဖြစ်ရ ပျက်ရသည်။ တက်၊ ကျ၊ အောင်မြင်၊ ဆုံးရှုံး၊ ပျော်ပြုံး၊ ပူဆွေး၊ ဖြစ်၊ ပျက်၊ ဖွဲ့စည်း၊ ချုပ်ငြိမ်းနေသည်တို့ကို မရပ်မနား ရှိနေကြရာ ဤအချိန်၌၊ ဤသည်ကား တက်ခြင်းတည်း။ ဤသည်ကား ကျခြင်းတည်း။ ဤသည်ကား အောင်မြင်ခြင်းတည်း။ ဤသည်ကား ဆုံးရှုံးခြင်းတည်းဟူ၍ အသေအချာအခိုင်အမာပြ၍ မရနိုင်။ ရွေ့လျားနေသော သင်္ခါရတွေသာတည်း။

ထိုသင်္ခါရတရားသည်ပင်လည်း မြဲသည်မဟုတ်သေး။ အနိစ္စမျှသာတည်း။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ နောက်ဆုံးဆုံးမမှာကြားတော်မူခဲ့သည် မဟုတ်လော။ "သင်္ခါရတရားတို့သည်လည်း မမြဲကြကုန်။ မမေ့ မလျော့ မပေါ့မဆသော တရားနှင့်ပြည့်စုံကြ။"

**(နိုင်ငံတော်လုပ်ကြံမှုစာအုပ်၊ စာမျက်နှာ-၂၁၀)**

## မျှဝေချက်

"မွေးသည်မှ သေသည်အထိ တရားဥပဒေအမြဲရှိနေသည်" ဆိုသည့် ဆိုရိုးစကားမမှားပါ။ ထုံးဟောင်းသက်သေပြခဲ့သည်သာ။ ရှာဖွေလေလေ၊ တွေ့ရှိလေလေ ဖြစ်မည်ပါ။ ဥပဒေပညာရှင်များ၏အတွေး၊ ဥပဒေပညာရှင်များ၏အရေး လေ့လာစရာများ ဆက်လက်ရှာဖွေမျှဝေသွားကြစို့။

*(ဆက်လက်ဖော်ပြပါမည်)*

**မွေးသည်မှ သေသည်အထိ တရားဥပဒေအမြဲရှိနေသည် ဆိုသည့် ဆိုရိုးစကားမမှားပါ။ ထုံးဟောင်းသက်သေပြခဲ့သည်သာ။ ရှာဖွေလေလေ၊ တွေ့ရှိလေလေ ဖြစ်မည်ပါ။ ဥပဒေပညာရှင်များ၏ အတွေး၊ ဥပဒေပညာရှင်များ၏အရေး လေ့လာစရာများ ဆက်လက် ရှာဖွေမျှဝေသွားကြစို့။**

# ကသာမြို့ရှိ ကုန်တင်ကုန်ချအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ်ဖြင့် အခမဲ့ဆေးဝါးကုသပေး

**ကသာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ ကုန်တင်ကုန်ချ အလုပ်သမားဦးစီးဌာနရုံးတွင် မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့မှ Mobile Medical Unit အကျိုးတူပူးပေါင်း၍ အလုပ်ခွင်မပျက် ရောဂါရှာဖွေစမ်းသပ်ကုသရေးမော်တော်ယာဉ်သည် မတ် ၁၄ ရက် နံနက် ၉ နာရီမှစ၍ ကသာမြို့ ကမ်းနားလမ်းရှိ ကုန်တင်ကုန်ချ အလုပ်သမားဦးစီးဌာနရုံး၌ လူမှုဖူလုံရေးအာမခံထားရှိသော အလုပ်သမားနှင့် ဝန်ထမ်းများအား အခမဲ့ဆေးဝါးကုသပေးကြောင်း သိရသည်။ **(ယာပုံ)**

ဆေးကုသပေးရာတွင် မြန်မာနိုင်ငံလူမှုဖူလုံရေး ရွေ့လျားဆေး ကုသပေးရေးမော်တော်ယာဉ်အဖွဲ့မှ လူမှုဖူလုံရေး စမတ်ကတ်နံပါတ်ရယူပြီး ယာဉ်ပေါ်တွင် ကျန်းမာရေးအခြေအနေစစ်ဆေး၍ တာဝန်ခံဆရာဝန်၏ မှတ်ချက်ဖြင့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးရာ တာဝန်ခံဆရာဝန် တစ်ဦး၊ အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြု နှစ်ဦး၊ ဆေးကောင်တာ နှစ်ဦး၊ အကူသူနာပြု၊ ဓာတ်ခွဲလက်ထောက်နှင့် အထွေထွေလုပ်သားများ၊ ကသာမြို့ရှိ လူမှုဖူလုံရေးဌာနမှ ငါးဦးတို့ပူးပေါင်း၍ နှလုံးရောဂါ ECG စက်ဖြင့် ကူညီစမ်းသပ်ကုသပေးရာ ကုန်တင်ကုန်ချ အလုပ်သမားဦးရေ ၁၀၀ ကျော်ခန့် ဆေးကုသမှု ခံယူကြောင်း သိရသည်။

**ငွေအိုး (ကသာ)**





နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲလက်မှတ်များအား စိစစ်ရေတွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

၂၁၃ မဲဖြင့်လည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

ယခုရွေးချယ် တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပြီးနောက် နိုင်ငံတော်သမ္မတတာဝန်နှင့် ဒုတိယသမ္မတတာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပုံ လေ့လာ

**နေပြည်တော် မတ် ၁၅**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားသို့ UNDP/IPU/UNEPA မှ အဖွဲ့ဝင်များ၊ USA သံရုံးမှဝန်ထမ်းများ၊ Link International Myanmar Ltd. မှ ဝန်ထမ်းများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ NDI မှ ဝန်ထမ်းများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ မိသားစုဝင်များနှင့် မိတ်ဆွေများ စုစုပေါင်း ၃၈၅ ဦးသည် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပနေပုံအား လေ့လာသူအဖြစ် တက်ရောက်ကြည့်ရှုပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

**နေပြည်တော် မတ် ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၃ ဦးရှိသည့်အနက် ၆၅၂ ဦးတက်ရောက်ပြီး ၁ ဦး ခွင့်တိုင်ကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ကြောင်းနှင့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲစတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသည့် ဒုတိယသမ္မတ သုံးဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲလက်မှတ်ပုံစံ (၁၀) ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတရွေးချယ်ရေး အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးနည်းနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ဆိုင်ရာများကို ရှင်းလင်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းစီ ရရှိသည့် ဆန္ဒမဲများ စိစစ်ရေတွက်နိုင်ရန် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီတို့၏ ရှေ့မှောက်တွင် ထောက်ခံဆန္ဒမဲများကို ရေတွက်ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံမဲ ၃၆၀၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ထောက်ခံမဲ ၂၁၃ မဲနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံမဲ ၇၉ မဲ ရရှိကြသည်။




ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းနှင့် ထောက်ခံဆန္ဒမဲဒုတိယအများဆုံးရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးမြင့်ဆွေနှင့်ထောက်ခံဆန္ဒမဲတတိယ အများဆုံးရရှိသည့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



(၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM ) ဆွေးနွေးပွဲကျင်းပစဉ်။ (မြဝတီ)

☆ ကျောဖုံးမှ

တပ်မတော် အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Maj-Gen Souvone LEVANGBOUNMY က အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် အာဆီယံတပ်မတော်များအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း စုပေါင်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ 13th ASEAN Military Intelligence Informal Meeting နှင့်စပ်လျဉ်း၍ လာအိုပြည်သူ့တပ်မတော်မှ ထောက်လှမ်းရေးမှူးချုပ်နှင့် 6th ASEAN Military Operations Informal Meeting နှင့်စပ်လျဉ်း၍ လာအိုပြည်သူ့တပ်မတော်မှ စစ်ဦးစီးဌာန၊ ရုံးအဖွဲ့အကြီးအကဲတို့က အစည်းအဝေးရလဒ်များကို တင်ပြကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Maj-Gen Souvone LEVANGBOUNMY ဦးဆောင်၍ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများက သက်ဆိုင်ရာခေါင်းစဉ်များအား နိုင်ငံအကဲခြာစဉ်အလိုက် ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုဖြင့် ယခုနှစ်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော “အင်အားတောင့်တင်းသော အာဆီယံအသိုက်အဝန်းဖြစ်စေဖို့ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြပါစို့” ဟူသည့်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက် ကမ္ဘာပေါ်တွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပုံစံများ တဖြည်းဖြည်းပြောင်းလဲလာကြောင်း၊ အာဆီယံတစ်နိုင်ငံချင်းစီတွင် ကြုံတွေ့နေရသည့် ပြည်တွင်းလုံခြုံရေး ခြိမ်းခြောက်မှုများမှာ လျော့ကျသွားပြီး ဒေသတွင်း နိုင်ငံအားလုံးပတ်သက်နေသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမိုတိုးပွားလာခဲ့ကြောင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ရပ်များ ဖြစ်သဖြင့် အာဆီယံနိုင်ငံများအချင်းချင်း နီးကပ်စွာပူးပေါင်းဆက်ဆံရန် အလွန်အရေးကြီးလာကြောင်း။

မြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသော သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ဘင်္ဂါလီပြဿနာကို ဆွေးနွေးလိုကြောင်း၊ ၁၈၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေများသို့ စပါးစိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် အလုပ်သမားများအဖြစ် အင်္ဂလိပ်တို့ခေါ်ဆောင်လာရာမှ ဘင်္ဂါလီလူမျိုးများ အခြေချနေထိုင်မှု စတင်ခဲ့ကြောင်း၊ ၎င်းတို့၏ မူလဇာစ်မြစ်မှာ ဘင်္ဂလားနယ်သားများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိုလိုနီခေတ် ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းအရ စစ်တကောင်းသား ဘင်္ဂါလီ ၅၈၂၂၅ ဦးရှိခဲ့ပြီး ယနေ့ကာလ ၂၀၁၅ ခုနှစ် လူဦးရေစာရင်းအရ ၁၀၂၈၅၃၀ ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အနက် ဘင်္ဂါလီမနေထိုင်သည့် မြို့နယ် လေးမြို့နယ်သာ ကျန်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ လူပွဲစားများသည် လှေကြီးများဖြင့် ဘင်္ဂလားဒေ့ရှ်မှ ရနောင်းသို့ ဘင်္ဂါလီများကို သယ်ယူခဲ့ရာမှ အင်ဒိုချိုင်းနားကျွန်းဆွယ်၏ တောင်ပိုင်းဒေသများသို့ တိုက်ရိုက်ပို့ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဖမ်းဆီးရမိခဲ့သည့် လှေစီးဘင်္ဂါလီများအား စိစစ်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ပြေးလာသူအများစုဖြစ်ကြောင်း၊ ဘင်္ဂါလီများသည် ကမ္ဘာ့နိုင်ငံတချို့ရှိ အစွန်းရောက် အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရခိုင်ဒေသရှိ ဘင်္ဂါလီများအား ရိုဟင်ဂျာလူမျိုးအဖြစ် အသိအမှတ်ပြုလာစေရန်နှင့် ၎င်းတို့အဖွဲ့အစည်းများ ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းတို့၏ ပြဿနာသည် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိကို သက်ဆိုင်ရာ အဖွဲ့အစည်းများက သေချာစွာ စိစစ်ရန်လိုအပ်ကြောင်း၊ ဘင်္ဂါလီပြဿနာအပြင် အစွန်းရောက်နှင့် အကြမ်းဖက်ဝါဒ အန္တရာယ်အား ကြိုတင်တားဆီးကာကွယ်နိုင်ရန် Cooperation ၊ Coordination နှင့် Collaboration တို့ကို တိုးချဲ့လုပ်ဆောင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံတပ်မတော်များ၏ ၂၀၁၆-၂၀၁၈ လုပ်ငန်းစီမံချက်အား ဆွေးနွေးကြပြီး (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM ) ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လာအိုတပ်မတော် စစ်ဦးစီးချုပ်က နိဂုံးချုပ်နှုတ်ခွန်းဆက်ပြောကြားပြီး (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM )ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယစစ်ဦးစီးချုပ် Lieutenant General Romeo T Tanalgo ထံသို့ တာဝန်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖိလစ်ပိုင် တပ်မတော် ဒုတိယစစ်ဦးစီးချုပ်က လက်ခံနှုတ်ခွန်းဆက်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် အာဆီယံတပ်မတော် အကြီးအကဲများသည် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Thongsing Thammavong အား ဝန်ကြီးချုပ်ရုံး၌ သွားရောက်ဂါရဝပြုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် လာအိုဝန်ကြီးချုပ်က အာဆီယံဒေသတွင်း လုံခြုံရေး၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသတွင်းနိုင်ငံများ လုံခြုံရေး၊ ငြိမ်းချမ်းရေးကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ထို့ပြင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အခွင့်အလမ်းများ တွေ့ရှိရပါကြောင်း၊ အနာဂတ်တွင်တွေ့ကြုံရမည့် မမျှော်လင့်သော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဆီယံ၏ အချက်အချာကျမှုနှင့် အဓိကမောင်းနှင်အားနေရာတွင် တည်ရှိမှုကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပရာ အစည်းအဝေး သဘာပတိ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Maj-Gen Souvone LEVANGBOUNMY၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် သတင်းမီဒီယာများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်က အစည်းအဝေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )သို့ တက်ရောက်ကြသည့် အာဆီယံတပ်မတော် အကြီးအကဲများကို လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်နှင့်ဇနီးတို့က Don Chan Palace Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(မြဝတီ)

## နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင်များ တေးဂီတပူးပေါင်းဖျော်ဖြေ

**မန္တလေး မတ် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင်များပူးပေါင်း၍ တေးဂီတဖျော်ဖြေပွဲကို မတ် ၁၅ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့်အဖြစ် စတင်ပြုလုပ်လာခဲ့သည့် ပူးပေါင်းဖျော်ဖြေပွဲကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလာခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် (၃)ကြိမ်မြောက်အဖြစ် မန္တလေးမြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတေးဂီတဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးကျော်က ပြောကြားသည်။

“၂၀၁၄ ခုနှစ်မှာ ဂျပန်ဂီတပညာရှင်တွေက ပူးပေါင်းဖျော်ဖြေဖို့ ကမ်းလှမ်းရာကနေ ကျင်းပဖြစ်လာတယ်။ နောက်ပိုင်း လူကြိုက်များလာတာရယ် ဖျော်ဖြေပွဲကို တောင်းဆိုမှုများလာတဲ့အတွက် အနည်းဆုံး တစ်နှစ်ကို တစ်ကြိမ်ပြုလုပ်ခဲ့တယ်” ဟု ၎င်းက ပြောသည်။

အဆိုပါပွဲသို့ လာရောက်ကြည့်ရှုသူ မမေသဇင်နိုင်းကလည်း “ဂျပန်ဂီတရော မြန်မာရိုးရာဂီတပါ တစ်ချိန်တည်း တစ်နေရာတည်း ခံစားရမယ့်ပွဲဆိုတော့ လက်လွတ်မခံဘဲ လာရောက်ကြည့်ရှုတာပါ။ ကျွန်မတို့လို ဂန္တဝင်ဂီတတွေ နှစ်ခြိုက်တဲ့သူတွေ အများဆုံးလာရောက်နားဆင်ကြတာ တွေ့ရတယ်။ နိုင်ငံခြားသားတွေလည်း လာရောက်အားပေးကြတယ်”ဟု ၎င်းက ပြောကြားသည်။

ဖျော်ဖြေပွဲ ပထမပိုင်းအဖြစ် အနောက်ပိုင်းတေးဂီတဖြင့် စတင်ဖျော်ဖြေကာ မြန်မာသံစဉ်များကို ဒုတိယပိုင်းအဖြစ် ဆက်လက်ဖျော်ဖြေခဲ့ပြီး ကြာမြင့်ချိန် ၁ နာရီ မိနစ် ၂၀ ခန့်ရှိကာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်အတူ ဧရာဝတီဘဏ်နှင့် အယ်လ်ပိုင်း သောက်ရေသန့်တို့က ပူးပေါင်း ကူညီခဲ့ကြကြောင်း သိရသည်။ **သတင်း-အောင်ရဲသွင်**

**ဓာတ်ပုံ-ထွန်းထွန်းနိုင်**




## အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr.CAOXilong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

**မိုးထစ်ချုန်းရွာနိုင်**


**နေပြည်တော် မတ် ၁၅** မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Watty အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Lyying SayaXang၊ လက်ထောက်စစ်သံမှူး Major Khampheng SONEPHACHANH နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(မြဝတီ)**



# နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မတ် ၁၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM) သို့ တက်ရောက်လျက်ရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မတ် ၁၄ ရက် နေ့လယ်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Gatot Murmontyo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Ten Sri Dato'Sri (Dr.)Hj Zulkifeli Bin Mohd Zin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen. Lim Cheng Yeow Perry ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen. Lim Cheng Yeow Perry နှင့်တွေ့ဆုံဆွေးနွေးစဉ်။** (မြဝတီ)

# ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် မတ် ၁၅**

မြန်မာ့ရိုးရာ အစားအသောက်များ၊ ရိုးရာအားကစားနည်းများနှင့် ဓလေ့ထုံးစံများကဲ့သို့သော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒြပ်မဲ့ယဉ်ကျေးမှုမှာ ဘာသာစကားတွေရော၊ ပါးစပ်ပြော ရာဇဝင်တွေ၊ လူမှုဘဝတွေ၊ ရိုးရာပွဲတော်တွေ၊ တီထွင်ဖန်တီးလုပ်ကိုင်ကြတဲ့ လက်မှုပညာတွေ၊ ရိုးရာအကတွေ၊ ရိုးရာယုံကြည်မှု အလေ့အထတွေ ဒါတွေပါဝင်ပါတယ်။

"ပြီးတော့ သနပ်ခါးလူးတဲ့ အလေ့အထတွေ၊ အစားအသောက်မှာဆိုရင်လည်း ရိုးရာမုန့်တွေ၊ နေ့စဉ် မပါမဖြစ် စားနေကြတဲ့ ငါးပိရည်၊ တို့စရာတွေ၊ ရိုးရာအားကစားနည်းတွေ၊ ရိုးရာအိမ်ဆောက်နည်းတွေ၊ ရိုးရာပွဲလမ်းသဘင်တွေ၊ သာသနာရေးဆိုင်ရာ အလေ့အထတွေ၊ ရိုးရာနတ်ပွဲသဘင်တွေ၊ ချိတ်လုံချည်လိုမျိုး ရိုးရာအဝတ်အစားတွေ၊ ရိုးရာတိုင်းရင်းဆေးတွေ ဒီလိုမျိုး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ ကျွန်မတို့နိုင်ငံမှာ အများကြီးရှိပါတယ်။ ဒါတွေကို နောင်လာနောက်သားတွေအတွက် ထိန်းသိမ်းရမှာဖြစ်သလို သူတို့တွေအတွက် မှတ်တမ်းမှတ်ရာတွေလည်း ထားရစ်ခဲ့ရမှာဖြစ်ပါတယ် "ဟု ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမှုန်းက ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် စာရင်းကောက်ယူခြင်းနှင့် ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပြီး "ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို စာရင်းကောက်တာနိုင်ငံအလိုက် အမျိုးမျိုးရှိကြပါတယ်။ ဒီလို ကိုင်တွယ်လို့မရတဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို စာရင်းတွေထုတ်ကြတယ်။ နောက်ပိုင်းမှာ ယူနက်စကိုကလည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကွန်ဗင်းရှင်းစာချုပ်ထုတ်ပြန်ပြီးတော့ ဆောင်ရွက်တယ်။ ဘာလို့ဒီလိုဆောင်ရွက်ကြတာလည်းဆိုတော့ အရင်တုန်းက ပြုမူနေထိုင်ပုံတွေဟာ လျော့ပါးလာတယ်။ ပြုမူနေထိုင်ပုံတွေဟာ ကူးယှက်ပြန့်ပွားလာတဲ့အတွက် လျော့ပါးပျောက်ပျက်လာတယ်။ ဒါ့ကြောင့် ကျွန်မတို့နိုင်ငံမှာလည်း ဒီလိုယဉ်ကျေးမှုတွေကို ထိန်းသိမ်းမှတ်တမ်းတင်ထားရမယ်။

"အရင်ကတည်းကလည်း မှတ်တမ်းတင်ထားပါတယ်။ ဒါပေမယ့် အခုက နိုင်ငံတကာပုံစံနဲ့လည်းညီအောင် ပြီးခဲ့တဲ့နှစ်ကစပြီး ယူနက်စကိုက အလုပ်ရုံဆွေးနွေးပွဲတွေ လာပြီးလုပ်တဲ့အခါ နိုင်ငံတကာမှာ လုပ်ဆောင်နေတဲ့ပုံစံတွေ ပြပါတယ်။ ပျောက်ပျက်သွားမယ့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကိုက ကူညီထိန်းသိမ်းပေးဖို့ ဖိတ်ခေါ်ပါတယ်။ သူတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမယ်။ ဒါပေမယ့် ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကိုကိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်ဖို့ တစ်ခုတည်းမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ကိုယ့်လူမျိုးကပဲ အဓိက ထိန်းသိမ်းသင့်ပါတယ်။ ထိန်းသိမ်းထားတဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို စာအုပ်တွေအဖြစ် စုစည်းထုတ်ဝေသွားမယ်။ ဒါတွေကို နိုင်ငံတကာကိုပါ အသိပေးနိုင်ရင် ပိုပြီးကောင်းပါတယ်" ဟု အမြဲတမ်းအတွင်းဝန်က ပြောပြသည်။



ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒြပ်ရှိသောယဉ်ကျေးမှုအမွေအနှစ်ကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် အပြန်အလှန်လေးစားမှုအကြောင်း၊ ဒေသဆိုင်ရာ၊ အမျိုးသားဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ အဆင့်ဆင့် သိမြင်နားလည်မှု တိုးမြှင့်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ကူညီပေးရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ယူနက်စကို၏ (၃၂)ကြိမ်မြောက် အထွေထွေအစည်းအဝေးတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒြပ်မဲ့ အမွေအနှစ်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ယူနက်စကိုပုံစံဖြင့် စာရင်းကောက်ယူတင်သွင်းနိုင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှု ဒြပ်မဲ့အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ လက်စွဲစာအုပ်များကိုလည်း ထုတ်ဝေထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

"ဒီလိုမှ ယဉ်ကျေးမှုတွေကို မှတ်တမ်းတင်မထားရင် တစ်ချိန်ချိန်မှာ ပျောက်ပျက်သွားနိုင်တယ်။ ကိုယ့်ယဉ်ကျေးမှုကို တခြားသူတွေက claim လုပ်လာနိုင်တဲ့အတွက် ကိုယ်နိုင်ငံမှာ သေသေချာချာ မှတ်တမ်းတင်ထားမယ်၊ ဆက်တိုက်ဆက်တိုက်လည်း ဆက်ပြီးဆောင်ရွက်သွားရပါမယ်။ လာမယ့်မျိုးဆက်သစ်တွေကို သိစေချင်တယ်။ သူတို့ဆက်ပြီး ထိန်းသိမ်းချင်စိတ် ဖြစ်ပေါ်လာအောင်လည်း စေ့ဆော်ပေးဖို့ လိုအပ်ပါတယ်။

"အသိပညာပေးဖြန့်ဝေတာမျိုးတွေလည်း ဆောင်ရွက်မယ်။ ပြီးတော့ တစ်ဦးချင်းကစ တစ်ဖွဲ့ချင်း၊ ဒေသတစ်ခုချင်းစီကနေ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို မကျန်စေချင်လို့ တင်ပြလာလျှင် ပူးပေါင်းဆောင်ရွက်ပေးသွားမယ်။

"ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်ကို ကိုယ်တိုင်ထိန်းသိမ်းတာဟာ အကောင်းဆုံးမို့ ဒေသတွေက စိတ်ဝင်စားတဲ့သူတွေ၊ အင်န်ဂျီအို အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဒီလိုအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို လုပ်တာပါ။ ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်တွေကို မှတ်တမ်းတင်တဲ့အခါမှာလည်း တစ်မျိုးစီမဖြစ်စေဘဲ ပုံစံတစ်မျိုးတည်းရအောင်၊ ပုံစံတစ်ခုတည်းဖြစ်အောင် ဒီဆွေးနွေးပွဲမှာ ဆွေးနွေးသွားမယ်" ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ၂၀၁၆ ဧပြီလမှစတင်ကာ စာရင်းကောက်ယူသွားမည်ဖြစ်ပြီး စာရင်းကောက်ယူခြင်း တစ်နှစ်ပြည့်သည့် ၂၀၁၇ မတ်လတွင် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆေးပညာ သတင်းဆန်းများ (၁၂၈)

**ဒေါက်တာကံညွန့်**

ဆေးပညာလောကမှာ ကူးစက်နိုင်တဲ့ရောဂါ Communicable Diseases နှင့် မကူးစက်နိုင်သောရောဂါ Non-Communicable Diseases ဆိုပြီး အုပ်စုကြီးနှစ်ခုခွဲထားပါတယ်။ ကူးစက်နိုင်တဲ့ ရောဂါတွေထဲမှာတော့ တီဘီ၊ ငှက်ဖျား၊ အေအိုင်ဒီအက်စ်၊ ကာလသားရောဂါအမျိုးမျိုး၊ အသည်းရောင်အသားဝါရောဂါအမျိုးမျိုးစတဲ့ Bacteria, Virus, Fungus တို့ကြောင့် ဖြစ်တတ်တဲ့ရောဂါများစွာ ပါပါတယ်။ လူတစ်ဦးက တစ်ဦးကို မကူးစက်နိုင်စေတဲ့ ရောဂါတွေထဲမှာတော့ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ သက်ကြီးအမေ့လွန်ရောဂါ၊ ကင်ဆာရောဂါစတဲ့ ရောဂါတွေပါဝင်ပါတယ်။ ဒီလိုခွဲခြားထားရာမှာ ယခုဆေးပညာရှင်တချို့က ကင်ဆာရောဂါဟာ လူလူချင်းကူးစက်နိုင်တဲ့ ရောဂါမဟုတ်ပေမယ့် ကင်ဆာရောဂါ တချို့ဟာ ကူးစက်တတ်တဲ့ရောဂါပိုးတချို့ကြောင့်ဖြစ်ရတာကို တွေ့ရှိရတယ်လို့ဆိုပါတယ်။ ဥပမာ သားအိမ်ခေါင်းကင်ဆာဟာ HPV ခေါ်တဲ့ Human Papilloma Virus ကြောင့်ဖြစ်ရပြီး အသည်းကင်ဆာတချို့ဟာလည်း Hepatitic B, C Virus တွေကြောင့်ဖြစ်ရတယ်။ အစာအိမ်ကင်ဆာဟာလည်း Helicobacter Infection ကြောင့်ဖြစ်ရတာလို့ တချို့ကယုံကြည်နေကြတယ်။ ဒါကြောင့် လူတွေအများခံစားကြရတဲ့ TB, HIV နှင့် ငှက်ဖျားရောဂါတွေဟာလည်း ကင်ဆာရောဂါနှင့်ဆက်စပ်မှုရှိမရှိ စမ်းသပ်ကြည့်ဖို့လိုတယ်လို့ ယူဆကြတယ်။ ဒီယူဆချက်ကြောင့် စင်ကာပူနိုင်ငံ National Cancer Institute နဲ့ တရုတ်နိုင်ငံက သုတေသီတချို့ဟာ Environment Causes of Cancer (ကင်ဆာဖြစ်ရတဲ့အကြောင်းရင်း)တွေကို နှစ် ၃၀ ကြာလေ့လာနေကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ ကင်ဆာရောဂါနဲ့သက်ဆိုင်ပါတယ်။ နဂိုက ကင်ဆာရောဂါကို ရောင်ခြည်ကုသနည်း (Radiotherapy) နဲ့ ကုသတဲ့အခါ ကင်ဆာအကျိတ်ရဲ့အပြင်ကမြင်နေရတဲ့ မျက်နှာပြင်ကိုပဲ ဦးတည်ကုသကြတာပါ။ အခုပေါ်လာတဲ့နည်းတစ်ခုကတော့ Tomo Radiotherapy ခေါ်တဲ့ကုသနည်းဖြစ်ပါတယ်။ ဒီကုသနည်းဟာ အသစ်ပေါ်လာတဲ့ နည်းမဟုတ်ပေမယ့် ယခု ဒီနည်းကိုပဲ CT Scan လုပ်တဲ့ စက်ရဲ့အကူအညီနဲ့ ပိုမိုထိရောက်အောင် ကုသနိုင်တဲ့နည်းဖြစ်ပါတယ်။ ဒီနည်းကို ပထမဆုံးအသုံးပြုဖို့ စိတ်ကူးရခဲ့သူကတော့ University of Wisconsis-Madison ဆေးသိပ္ပံပညာဌာနက Radiation Oncologists တွေဖြစ်ပါတယ်။ သူတို့ဟာ CT Scan စက်ရဲ့အကူအညီနဲ့ ကင်ဆာအလုံးအကျိတ်ရဲ့မျက်နှာပြင်ကို 360°ပတ်ပတ်လည် Radiation ပေးပြီး ကုသနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုကုသနိုင်တာကြောင့် ကုသရာမှာ ပိုမိုထိရောက်မြန်ဆန်ပြီး ကင်ဆာအကျိတ်ဟာလည်း အချိန်တိုအတွင်း ပျောက်ကင်းသွားနိုင်တယ်လို့ဆိုပါတယ်။ ဘေးပတ်ဝန်းကျင်က အစိတ်အပိုင်းတွေကိုလည်း အန္တရာယ်မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ဒီနည်းဟာ ဦးခေါင်းလည်ပင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ လည်ချောင်းကင်ဆာတွေမှာ ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**အသည်းရောဂါရှင်များ ဝမ်းသာစရာဆေးနည်း**

နောက် ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း အသည်းရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ အသည်း Cells တွေဟာ အရက်အလွန်အကျွံသောက်လို့ဖြစ်စေ၊ အသည်းအဆိပ်ဖြစ်စေတဲ့ Chemical ကြောင့်ဖြစ်စေ၊ ကင်ဆာရောဂါကြောင့်ဖြစ်စေ အသည်း Cells တွေ ပျက်စီးတတ်ကြပါတယ်။ ဒီလိုစတင်ပျက်စီးတဲ့အချိန်မှာ ကျန်းမာသန်စွမ်းနေတဲ့ အသည်း Cells တွေဟာ ဒီပျက်စီးသွားတဲ့ အသည်း Cells တွေ နေရာအစားထိုးဖို့ စွမ်းဆောင်နိုင်စွမ်းရှိကြပါတယ်။ ဒါပေမယ့် ရောဂါပြင်းထန်မှုများလာတာကြောင့်သာ အသည်း Cells တွေ လုံးဝပျက်စီးပြီး အသည်းကျုံ့ခြင်း၊ အသည်းလုံးဝအလုပ်မလုပ်နိုင်ခြင်းတို့ဖြစ်ပြီး အသက်ဆုံးရှုံးကြရတာဖြစ်ပါတယ်။ ယခုသိပ္ပံပညာရှင်တွေ တွေ့ရှိချက်အရ အသည်း Cells ကို အစားထိုးပြုပြင်ရာမှာ အရေးပါတဲ့ Cells တစ်ခုကို လူတွေရဲ့ အသည်းမှာ တွေ့ရှိရပြီလို့ ဆိုပါတယ်။ ဒီ Cells နာမည်ကို Hydrib Hepatocytes လို့ အမည်ပေးထားကြပါတယ်။ ဒီ Cells မျိုး အရေးပါ/မပါကို ဓာတ်ခွဲခန်းမှာ ကြွက်တွေကို ကင်ဆာဖြစ်စေတဲ့ Carbon Tetrachlorids ဆေးထိုးပြီး စမ်းသပ်တဲ့အခါ အသည်း Cells ပျက်စီးနေတဲ့နေရာဝန်းကျင်မှာ ဒီ Hydrib Hepatocytesတွေ ပေါ်နေတာကို



တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီ Cells တွေဟာ အသည်း Cells ပျက်စီးရာမှာ အစားထိုးနိုင်မယ့် Cells တစ်ခုအဖြစ် ယူဆရပြီး ဒီ Cells မျိုးကို မွေးယူထုတ်လုပ်နိုင်ရင် အသည်းအစားထိုးကုသစရာမလိုတော့ဘဲ အသည်းကျွမ်းစလူနာတွေကို ကုသနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း တင်ပြလိုက်ရပါတယ်။

**အမျိုးသမီးများသွေးဆုံးချိန် ကလေးမွေးနိုင်ပြီ**

ယခုဖော်ပြလိုတဲ့သတင်းကတော့ အမျိုးသမီးတွေနှင့် ဆိုင်ပါတယ်။ အမျိုးသမီးတချို့ဟာ မအားမလပ်လို့ဖြစ်စေ၊ ယောကျ်ားအဖော်ကောင်းမတွေ့ရသေးလို့ဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ ကလေးမွေးလိုစိတ်မရှိသေးဘူးဆိုရင် မိမိရဲ့မျိုးဥ (Ovum)ကို ထိန်းသိမ်းထားနိုင်ပြီး ကိုယ်ဝန်ဆောင်လိုတဲ့အချိန်မှာ ဒီထိန်းသိမ်းထားတဲ့ မျိုးဥကိုအသုံးပြုပြီး ကိုယ်ဝန်ဆောင်ခွင့်ရအောင် လုပ်ပေးနိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီမျိုးဥကို ထိန်းသိမ်းထားတဲ့နည်းကိုတော့ အလွယ်နည်းနဲ့ Freezing Egg Technology လို့ခေါ်ပြီး ဒီအတွက် Insurance အာမခံလည်းထားနိုင်တယ်လို့ ဆိုပါတယ်။ အမျိုးသမီးဟာ ကိုယ်ဝန်ဆောင်လိုတဲ့အချိန်မှာ ကိုယ့်အဖော်အမျိုးသားဆီက သားဥ (Spermatoza)ကို ယူပြီး ဓာတ်ခွဲခန်းမှာ IVF လို့ အတိုကောက်ခေါ်တဲ့ In Vitro Fertilization နည်းနဲ့ သန္ဓေသားကိုမွေးယူပြီး အမျိုးသမီးရဲ့ သားအိမ်ထဲကို ထည့်ပေးပြီး သန္ဓေရယူနိုင်မှာဖြစ်ပါတယ်။ အမျိုးသမီးရဲ့ ကလေးမွေးဖို့ အကောင်းဆုံးအချိန်ဟာ အသက် ၂၀ ကနေ ၃၅ နှစ်အရွယ်ဖြစ်ပြီး ၃၅ နှစ်ထက်ကျော်ရင် သားမွေးနိုင်မှု အနည်းငယ်ကျဆင်းလာတတ်ပါတယ်။ ဒီအချိန်အတွင်းမှာ မိမိရဲ့မျိုးဥကို Freezing Egg နည်းနဲ့ ထိန်းထားပြီး မိမိကိုယ်ဝန်ဆောင်လိုချိန်ထိ ထားနိုင်တယ်လို့ဆိုပါတယ်။ အမျိုးသမီးတစ်ဦးဟာ သွေးဆုံးသွားရင် ကိုယ်ဝန်ဆောင်ရ ခက်ခဲပေမယ့် ဆေးဝါးဟိုမုန်းအကူအညီတွေနဲ့ သွေးဆုံးချိန်မှာပင် ဒီလိုနည်းနဲ့ ကလေးမွေးနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကိုယ်အလေးချိန်လျော့ဖို့ ဘယ်ဓာတ်ပါတဲ့အစာကို လျှော့စားသင့်သလဲ**

ဆေးပညာလောကမှာ အငြင်းအခုံဖြစ်နေကြတဲ့ တချို့ကိစ္စတွေမှာ ဘယ်အရာက အနိုင်ရခဲ့တယ်ဆိုတဲ့သတင်းတွေ စုစည်းထားသော သတင်းဆောင်းပါးတစ်ပုဒ် ၂၀၁၆ ဖေဖော်ဝါရီထုတ် Reader's Digest မဂ္ဂဇင်းမှာ ပါလာပါတယ်။ ဒီအထဲက ကောင်းနိုးရာရာသတင်းတချို့ကို တင်ပြပါရစေ။ လူတစ်ယောက်ကိုယ်အလေးချိန်လျော့ဖို့ အဆီဓာတ်နှင့် Carbohydrate ဓာတ် ဘယ်ဓာတ်ပါတဲ့အစာကို လျှော့စားသင့်သလဲ ငြင်းခုံရာမှာ Carbohydrate ဓာတ်ပါတဲ့အစားအစာကို ပိုလျှော့စားသင့်တယ်ဆိုတဲ့ဘက်က အနိုင်ရပါတယ်။ ဒါ့အပြင် Mediterrean Diet(မြေထဲပင်လယ်ဒေသက စားပုံစားနည်း)ဟာ အလေးချိန်လျှော့လိုသူများအတွက် အသင့်တော်ဆုံးလို့လည်း ညွှန်ထားပါတယ်။ သူတို့ဟာ ၂၀၁၅ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ လေ့လာမှုပေါင်း ၅၃ ခုပေါ်မှာ မူတည်ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အချိုဓာတ်လျှော့လိုသူ၊ ဆီးချိုဝေဒနာရှင်တွေအတွက်လည်း ဆေးသကြားခေါ် Artificial Sweetener နှင့် သကြား ဘာကိုသုံးသင့်သလဲ ဆွေးနွေးရာမှာတော့ အများက Sugar ကိုသာ လျှော့ပေါ့သုံးသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။

ပင်ပန်းနွမ်းနယ်ချိန်မှာ လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အနည်းငယ်ပိုအိပ်လိုက်ခြင်း ဘာပိုကောင်းသလဲ ဆွေးနွေးရာမှာတော့ နှစ်ခုစလုံးလုပ်သင့်ပြီး အိပ်စက်ခြင်းကို အနည်းငယ်ပိုလုပ်ဖို့ အကြံပြုထားပါတယ်။

Hand Sanitiser ခေါ်တဲ့ လက်သန့်အောင်ပြုလုပ်ထားတဲ့ ဆေးကိုသုံးခြင်းနှင့် ဆပ်ပြာအသုံးပြုခြင်း ဘယ်ဟာပိုကောင်းသလဲ။ ဘယ်ဟာပိုစိတ်ချရသလဲ ဆိုတာမှာတော့ ဆပ်ပြာကိုသာ အသုံးပြုသင့်ကြောင်း မှတ်ချက်ပြုထားကြပါတယ်။

သွားတိုက်ရာမှာ Electric သွားတိုက်တံနှင့် ရိုးရိုးလက်နဲ့ သွားတိုက်ခြင်း ဘာပိုကောင်းမလဲ လေ့လာထားရာမှာတော့ Electric သွားတိုက်တံက သွားကျန်းမာရေးကို ပိုကောင်းစေတယ်လို့ ဆိုပါတယ်။ ၂၀၁၄ ခုနှစ်ကစပြီး ပြုလုပ်ခဲ့တဲ့ လေ့လာမှု ၅၆ ခုအရ Electric သွားတိုက်တဲ့အသုံးပြုခြင်းဟာ သွားအပေါ်မှာ ကပ်ငြိနေတဲ့ အစွန်းအထင်း (Plaque)ကို ၂၁ ရာခိုင်နှုန်း ပြယ်စေနိုင်ပြီး သွားဖုံးရောင်ခြင်းကိုလည်း ၁၁ ရာခိုင်နှုန်း လျော့စေတယ်လို့ ဆိုပါတယ်။ အမှန်တော့ လူတစ်ဦးဟာ အနည်းဆုံး ၂ မိနစ် သွားတိုက်သင့်ပေမယ့် အများအားဖြင့် တစ်မိနစ်အချိန်ပြည့်အောင်ပင် မတိုက်ကြဘူးလို့ လေ့လာမှုကဆိုကြောင်း သိရပါတယ်။

အစာကျေညက်အောင် ဒိန်ချဉ် သို့မဟုတ် Probiotic Supplement အစာကြေဆေး ဘယ်အရာသုံးသင့်သလဲ ဆွေးနွေးရာမှာတော့ ဒိန်ချဉ်ကို ပိုဦးစားပေးစားသုံးသင့်ကြောင်း ဖော်ညွှန်းထားတာကို တင်ပြလိုက်ရပါတယ်။

# သောက်သုံးရေအခက်အခဲဖြစ်လျက်ရှိသော ကျေးရွာပြည်သူများအား ရေဖြန့်ဝေပေး

**မြိတ် မတ် ၁၅**

နွေရာသီရောက်တိုင်း သောက်ရေ၊ သုံးရေအခက်အခဲဖြစ်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ရင်းတောင်ကျေးရွာပြည်သူများအား မတ် ၁၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က သုံးရေနှင့် သောက်ရေသန့်များကို မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်များက ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ယင်းကျေးရွာတွင် ရေတွင်းခုနစ်တွင်း၊ အဝီစိတွင်း နှစ်တွင်းရှိကြောင်း နွေရာသီရောက်တိုင်း ရေတွင်းများ ရေခန်းခြောက်ခြင်း၊ အဝီစိတွင်း၌ ရေအနည်းငယ်သာထွက်ရှိကြောင်း၊ နှစ်စဉ်နွေရာသီရောက်တိုင်း ကျေးရွာပြည်သူများ ရေအခက်အခဲ ဖြစ်သောကြောင့် ကျေးရွာပြည်သူများအတွက် ကျေးရွာဝန်းကျင် ရေရရှိသောနေရာတွင် ကျေးရွာပိုင် အဝီစိတွင်းရရှိပါက ကျေးရွာပြည်သူများ အဆင်ပြေနိုင်ကြောင်း ကျေးရွာရာအိမ်မှူး ဦးတင်ဆန်းဝင်းက ပြောသည်။

ရေအခက်အခဲဖြစ်လျက်ရှိသော ရင်းတောင်ကျေးရွာ ပြည်သူများအား မြိတ်မြို့နယ်မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီးဖြင့် မြိတ်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက ရင်းတောင်ကျေးရွာ ရွာထိပ်ရှိ ရေဂါလန် ၃၀၀၀ ဆံ့ ရေကန်၌ ပြည်သူများသုံးစွဲနိုင်ရေးအတွက် ရေဖြန့်ဝေဖြည့်ပေးခဲ့ရာ ကျေးရွာအစီအစဉ်ဖြင့် ပြည်သူများအား ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အတူ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသူရနှင့် လုပ်ငန်းရှင်များက ကျေးရွာပြည်သူများအတွက် တစ်လီတာ သောက်ရေသန့် ခြောက်လုံးကတ် ၁၆၀ စုစုပေါင်း အလုံး ၉၆၀ လှူဒါန်းပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# သောက်သုံးရေ ရှားပါးပြတ်လပ်မှု လျော့ပါးရေးအတွက် ဖျာပုံမြို့နယ် ကျေးရွာများ၌ ကြိုတင်ပြင်ဆင်



**ဖျာပုံ မတ် ၁၅**

ပူပြင်းခြောက်သွေ့သည့် နွေရာသီ ရောက်ရှိလာချိန်တွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်နိုင်ခြေရှိသည့် ကျေးရွာများသို့ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွင်းဆင်းကာ သောက်သုံးရေ ရှားပါးပြတ်လပ်မှု လျော့ပါးစေရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုလက်ရှိ အချိန်တွင် ရေပြတ်လတ်နိုင်ခြေရှိသည့် ဖျာပုံမြို့နယ်အတွင်းရှိ ရွှေလှေကျင်း၊ ကမ်းသာယာ၊ ကုလားထိပ်၊ ကျင်းကြီးဒေါင့်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ရှိသူများသွားရောက် ကွင်းဆင်းလျက် ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ ညှိနှိုင်း၍ ရေရှိရေးလိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တွင်းနက် ၁၀ တွင်း၊ မြေသားရေကန် ၁၈ကန်နှင့် အုတ်ရေလှောင်ကန်ရှစ်ကန် တည်ဆောက်ပေးထားကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# နေပြည်တော် Junction Center အနီး လူသတ်မှု၊ မုဒိမ်းမှုကျူးလွန်ခဲ့သူများအား အမိန့်ချမှတ်

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက် ည ၁၁ နာရီခန့်တွင် တရားလို မ----နှင့် ခင်ပွန်းဖြစ်သူတို့ ဆိုင်ကယ်ဖြင့် ထွက်လာကြကာ ဆိုင်ကယ်စီးကြရာ နံနက် ၁ နာရီခန့်တွင် ဒက္ခိဏသီရိ မြို့နယ်အတွင်းရှိ Junction Center အကျော်၌ ဆိုင်ကယ်အားကွေ့ပြီး ပြန်လာရာ အမည်မသိသူလေးဦးက ၎င်းတို့အား ခြိမ်းခြောက်ပြောဆို၍ ခင်ပွန်းဖြစ်သူအား အမည်မသိသူနှစ်ဦးက ဓားဖြင့်ထိုးပြီး ကျန်နှစ်ဦးက မ---- အား သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာမှ မ---- မှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် Junction Center နောက်ကျောဘက်သို့ သွားရောက်ပြီး ခင်ပွန်းဖြစ်သူအားရှာဖွေရာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်း(ပ) ၉၈/၂၀၁၅ ပြစ်မှုပုဒ်မ-၃၀၂/၃၇၆/၃၉၂/၃၆၆ တို့ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး အမှုမှ တရားခံများအား ဖမ်းဆီး၍ ၂၆-၁၀-၂၀၁၅ ရက်နေ့တွင် ဒက္ခိဏခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၁၅-၃-၂၀၁၆ ရက်နေ့တွင် ဒုတိယခရိုင် တရားသူကြီးက အပြီးသတ်လျှောက်လဲချက်ကြားနာပြီး တရားခံ အောင်တင်မျိုး (ခ)အောင်ပိုင် (၂၁နှစ်)၊ တရားခံ ကျော်မောင်(ခ)ဇော်ဇော်အောင် (၁၉ နှစ်)၊ တရားခံ ဇော်လေး(ခ)ဇော်မျိုးသူ (၂၁နှစ်)တို့အား ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ ရာဇဝတ်မှုကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ်ငါးနှစ် ကျခံစေရန်၊ တရားခံ ကျော်မောင်(ခ)ဇော်ဇော်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရ ရာဇဝတ်မှုကိုလည်း ကျူးလွန်သဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်၊ တရားခံ အောင်တင်မျိုး(ခ)အောင်ပိုင်၊ ကျော်မောင်(ခ)ဇော်ဇော်အောင်နှင့် ဇော်လေး(ခ) ဇော်မျိုးသူတို့သည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ဂ)အရ ရာဇဝတ်မှုကိုလည်း ကျူးလွန်သဖြင့် မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေရန် ပြစ်ဒဏ်အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း၊ အမှုမှ ကျန်ရှိတရားခံ မောင်မျိုး(ခ) မျိုးဇော်ဝင်း (၁၇ နှစ်)အား ဇမ္ဗူသီရိမြို့နယ်တရားရုံးတွင် ကလေးသူငယ် အမှုအမှတ် ၈/၂၀၁၅ ဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နေအိမ်မှဆင်းသွားသော ဇနီးသည်ခေတ္တတည်းခိုသည့်နေအိမ်ကို ယမ်းဖြင့်ဖောက်ခွဲရန်ကြံစည်သူအား ယမ်းနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ဟားခါး မတ် ၁၅**

ဟားခါးမြို့၌ လူနေအိမ်ကို ယမ်းဖြင့်ဖောက်ခွဲရန် ကြံစည်သူအား မြို့မရဲစခန်းက နာရီပိုင်းအတွင်း လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၄ ရက် ည ၉ နာရီခွဲခန့်တွင် ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဂန့်ဂေါလမ်း အိမ်အမှတ်-ပတသ/၃၁၆ အိမ်ရှင် ဦးသင်ခါးရ်မန်နေအိမ်၌ ရောက်ရှိနေသူ ဦးဟရဲလ်ကုန်းသည် စိတ်ဆိုးပြီး နေအိမ်မှဆင်းသွားသည့် ၎င်း၏ ဇနီး ဒေါ်ပါရ်နှုမ်း တည်းခိုသည့် ဦးလှိုက်နောန်နေအိမ်အား ယမ်းဖြင့် ဖောက်ခွဲမည်ဟုသတင်းအရ ဟားခါးမြို့မရဲစခန်းမှူး ဒုရဲအုပ် တင်မောင်အေး၊ တာဝန်မှူး ရဲအုပ်အေးချို၊ နယ်ထိန်းအရာရှိ ဒုရဲအုပ် စန်းဝင်းမောင်ပါ တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ပြည်တော်သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘွေလျန်းပါ အဖွဲ့ဝင် သုံးဦးတို့နှင့်အတူ ဦးသင်ခါးရ်မန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အနောက်ဘက် အပေါက်မှ ထွက်ပြေးတိမ်းရှောင်သူ ဦးဟရဲလ်ကုန်း(၅၁ နှစ်)အား လုံးထွေးဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူ ဦးဟရဲလ်ကုန်း လက်အတွင်းမှ ဂက်စ်မီးခြစ်တစ်လုံး၊ ယမ်းနှင့်ဒီတိုနေတာ အသင့်တပ်ဆင်ထားသော ရှစ်လက်မခန့်ရှိ ယမ်းပျော့တစ်ချောင်း၊ ယမ်းပျော့နှစ်ချောင်း၊ ဒီတိုနေတာငါးခု ငွေစက္ကူရောရာ ငွေကျပ် ၁၇၉၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ယမ်းဖောက်ခွဲရန် ကြံစည်သူ ဦးဟရဲလ်ကုန်းအား ဟားခါးမြို့နယ် ရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်ခဲ့ရာ ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် ပတသ/ ၁၉၃ နေ ဦးကျော်လွင်၏ နေအိမ်မှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဦးကျော်လွင်နေအိမ်အား ဟားခါးမြို့နယ်ရဲတပ်ဖွဲ့က ဆက်လက်ဝင်ရောက်ရှာဖွေရာ ယမ်းပျော့တောင့် ရှစ်ခု၊ ဒီတိုနေတာ ၈၆ ခု၊ အနှေးယမ်းကြိုး တစ်ခွေ၊ နှစ်လုံးပြူး ကျည် ၄၃ တောင့်၊ ၀ ဒသမ ၅ ကျည်ခွံ ၁၅၈ တောင့် တွေ့ရှိသိမ်းဆည်းခဲ့သည်။

ထို့နောက် ဦးကျော်လွင်ပိုင် ဈေးဟောင်းရပ်ကွက် ဒါအိုချိမ်းလမ်းရှိ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ယမ်းပျော့တောင့် ၈၂ တောင့်၊ ယမ်းပျော့တောင့် အပိုင်းအစ ၁၀ ခု၊ ဒီတိုနေတာ ၁၁၆ ခု၊ အနှေးယမ်းကြိုး ၁၀ ခွေ၊ ငွေစက္ကူရောရာ ငွေကျပ် ၂၄၉၀၀၀ တို့အား ထပ်မံ သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူများဖြစ်သော ဦးဟရဲလ်ကုန်း၊ ဦးကျော်လွင်တို့အား ဟားခါးမြို့မရဲစခန်းက ဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ခိုးမှုကျူးလွန်သူအားစစ်ဆေးရာမှ ရွှေဆွဲကြိုး၊ လက်ကိုင်ဖုန်းနှင့် လက်ပ်တော့များ ခိုးယူလုယက်ခဲ့မှု ထပ်မံပေါ်ပေါက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရုံးမှတပ်ဖွဲ့ဝင်များသည် မြို့နယ်များအတွင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ အုပ်စုဖွဲ့ကျူးလွန်မှု၊ ပြေး ၄ ပြေးများကို ထိရောက်စွာ ဖမ်းဆီးရမိရေးအတွက် အထူးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြစ်မှုကျူးလွန်သူများ၊ ပြစ်ချက်ဟောင်းရှိသူများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့မရဲစခန်းမှ တရားခံ ဒိုးလေး(ခ) အောင်မျိုးဝင်း(၂၀နှစ်)အား အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာအတွင်း ည ၈ နာရီခန့်က အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် နည်းပညာတက္ကသိုလ်အနီး အင်းစိန်လမ်းမပေါ်တွင် လမ်းလျှောက်လာသော အသက်(၃၀နှစ်)ခန့် အမျိုးသားတစ်ဦး၏လည်ပင်းတွင် ဆွဲထားသော အလေးချိန် တစ်ကျပ်သား လေးရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား လုယူခဲ့ပြီး ပိုင်ဦး(ခ)သက်ပိုင်ဦးထံတွင် အပ်နှံထားကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီအတွင်း အင်းစိန်ပန်းခြံလမ်းမပေါ်တွင် လမ်းလျှောက်လာသော အသက်(၂၀နှစ်)ခန့်ရှိ အမျိုးသမီး၏ လက်အတွင်းမှ HUAWEI G6 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ည ၉ နာရီခန့်တွင် အင်းစိန်ပန်းခြံလမ်းမပေါ်တွင် လမ်းလျှောက်လာသော အသက်(၂၅ နှစ်)ခန့်ရှိ အမျိုးသား၏ လက်အတွင်းမှ Oppo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ည ၈နာရီခန့်တွင် အင်းစိန်ဆေးရုံရှေ့လမ်းမပေါ်တွင် လမ်းလျှောက်နေသော အသက်(၂၀ခန့်)ရှိ အမျိုးသားတစ်ဦး၏ လက်အတွင်းမှ Vivo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယူခဲ့ပြီး ပိုင်ဦး(ခ)သက်ပိုင်ဦးထံသို့ ရောင်းချရန် အပ်နှံထားခဲ့ကြောင်း၊ ဆက်လက်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီအတွင်းက မင်္ဂလာဒုံမြို့နယ်(က/၁ရပ်ကွက်ရှိ နေအိမ်အတွင်းမှ MSI အမျိုးအစား လက်ပ်တော့တစ်လုံး၊ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ပြီး ပိုင်ဦး(ခ)သက်ပိုင်ဦးထံတွင် ရောင်းချရန် အပ်နှံထားခဲ့ကြောင်း။

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် နံနက် ၂ နာရီခွဲခန့်တွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရွှေပြည်လမ်းရှိ နေအိမ်အတွင်းမှ ရွှေဆွဲကြိုးတစ်ကုံးနှင့် ကျောက်ဖြူပါ ရွှေလက်စွပ် မောင်းကွင်းတစ်ကွင်း၊ ဖေဖော်ဝါရီအတွင်းက နံ့သာကုန်းရပ်ကွက် နံ့သာမြိုင်(၁)လမ်းရှိ နေအိမ်အတွင်းမှ လက်ပ်တော့နှစ်လုံး၊ မူတူး(ခ)အောင်မျိုးသူနှင့်အတူ တညင်းကုန်း စက်မှုဇုန်လမ်းမပေါ်တွင် ရပ်ထားသော ကုန်တင်ကားနှစ်စီး၏ ရှေ့ခန်းအတွင်းမှ Dell အမျိုးအစား လက်ပ်တော့တစ်လုံးနှင့် Acer အမျိုးအစား လက်ပ်တော့တစ်လုံးတို့အား ခိုးယူခဲ့ပြီး လှိုင်သာယာမြို့နယ်နေ ပိုင်ဦး(ခ)သက်ပိုင်ဦးထံတွင် ရောင်းချရန် အပ်နှံထားကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ပိုင်ဦး(ခ)သက်ပိုင်ဦး (၂၃ နှစ်)အား ဖမ်းဆီးခဲ့ပြီး သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ကာ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ မူတူး(ခ)အောင်မျိုးသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ကိုရဲ**



**ပိုင်ဦး(ခ)သက်ပိုင်ဦး၊ ဒိုးလေး(ခ)အောင်မျိုးဝင်းတို့နှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။**

# လှည့်ကင်းဆောင်ရွက်နေစဉ် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိအရေးယူ

**ရန်ကုန် မတ် ၁၅**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၃ ရက် ည ၈ နာရီခွဲက နယ်မြေအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခိုးမှု၊ လုယက်မှုများ မဖြစ်ပွားစေရေး မော်တော်ယာဉ်ဖြင့် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဆိုင်ကယ်စီးသူ သုံးဦးက လက်ကိုင်ဖုန်း လုယူထွက်ပြေးသွားကြောင်း သတင်းအရ လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၅)ရပ်ကွက် ပြည်ထောင်စုလမ်းမပေါ်၌ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ သန်းထိုက်ဝင်း(၂၀နှစ်)၊ မသူဇာ (၁၉နှစ်)နှင့် မစန္ဒာဟိန်း(၁၉နှစ်)တို့ သုံးဦးအား Felling-110 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် Honor အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူသုံးဦးအား စစ်ဆေးရာ Huawei အမျိုးအစားဖုန်းကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ဇာဒက်ကြီးလမ်းမပေါ်၌ လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ မသူဇာကလည်းကောင်း၊ Honor အမျိုးစားလက်ကိုင်ဖုန်းကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် ကန်သာယာလမ်းမပေါ်၌ လမ်းလျှောက်နေသူအမျိုးသားတစ်ဦးထံမှ မသူဇာနှင့် မစန္ဒာဟိန်းတို့ကလည်းကောင်း လုယူထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

၎င်းတို့အား အခြားလုယက်မှုများ ကျူးလွန်ထားခြင်း ရှိ မရှိ ထပ်မံစစ်ဆေးရာ မတ် ၁၂ ရက် ည ၈ နာရီခန့်က ၎င်းတို့နှင့်အတူ အာကာ(ခ)စိုးအာကာဖြိုးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက် ဦးထွန်းမြတ်လမ်းမပေါ်၌ လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ Colne လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ ၈ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တက္ကသိုလ်အနီးလမ်းမပေါ်၌ လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ Huawei 730 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း လုယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ အာကာ(ခ)စိုးအာကာဖြိုးအား မတ် ၁၄ ရက် နံနက် ၃ နာရီ မိနစ် ၄၀ က ခရမ်းမြို့နယ် (၉)ရပ်ကွက်အတွင်း ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းကာ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုရဲ**

# ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်၌ ယာဉ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်



**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ပြေလျော့စေရေးအတွက် ငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ အကုန်ကျခံတည်ဆောက်ထားသည့် မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းမှာ ပြီးစီးသွားပြီဖြစ်သဖြင့် မတ် ၁၅ ရက် နံနက်ပိုင်းမှစတင်၍ ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။**(အပေါ်ပုံ)**

အဆိုပါ တံတားသစ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Crown Advanced Construction Co.,Ltd. မှ တည်ဆောက်ခြင်းဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းနှင့် ကျိုက်ဝိုင်းဘုရား လမ်းဆုံရာဖြစ်သော ပြည်လမ်းမကြီးပေါ်တွင်တည်ရှိ၍ ပင်မတံတားအရှည်မှာ ၄၆၅ မီတာနှင့် ချဉ်းကပ်တံတား အရှည်မှာ တံတားသစ်၏တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီပါဝင်ကာ စုစုပေါင်း ၅၂၅ မီတာရှိသည်။ ယာဉ်သွားလမ်း အကျယ်ဖွဲ့စည်းထားပုံမှာ တံတား၏ အဖြောင့်နေရာတွင် ၁၃ ဒသမ ၄ မီတာ (လေးလမ်းသွား) ဖြစ်ပြီး တံတား၏အကွေ့နေရာတွင် ၁၄ ဒသမ ၅ မီတာ (လေးလမ်းသွား) ဖြစ်ကြောင်း သိရသည်။

တံတားအမျိုးအစားမှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန်အလေးချိန်မှာ ၇၅ တန်ရှိကာ တံတားကင်းလွတ်အမြင့်မှာ ၈ မိုင်လမ်းဆုံနေရာ၌ ၆ မီတာရှိကြောင်း သိရသည်။ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အချင်း ၁ ဒသမ ၂ မီတာရှိသည်။ ပင်မတံတားအရှည်တွင် ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိပြီး ကမ်းကပ်ခုံနှစ်ခုပါဝင်ကာ ချဉ်းကပ်တံတားတိုင်များ၏ တစ်ဖက်တစ်ချက်စီ၌ ကွန်ကရစ် RC တိုင် လေးတိုင်စီနှင့် ကမ်းကပ်ခုံတစ်ခုစီ ပါဝင်ကြောင်း သိရသည်။

"တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပြီဆိုတော့ ကျွန်တော်တို့ တက္ကစီယာဉ်မောင်းများအတွက် ယာဉ်မောင်းရတာ လွယ်ကူသွားပါပြီ။ အချိန်နည်းနည်းတော့ သက်သာလာတယ်။ အရင်တုန်းကတော့ ယာဉ်ကြောပိတ်တယ်။ ခုတော့ ပြည်လမ်းတောက်လျှောက် မောင်းနှင်ရာမှာ လမ်းပွင့်သွားမယ်ထင်ပါတယ်"ဟု မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သော အငှားယာဉ်မောင်းတစ်ဦးက ပြောပြသည်။

မရမ်းကုန်းမြို့နယ် အမှတ် (၄၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ခွဲစုမှူး ဒုရဲမှူးစိုးနိုင်က " ဒီတံတားတည်ဆောက်လိုက်တဲ့အတွက် ယာဉ်တွေ မီးပွိုင့်မှာ စောင့်ဆိုင်းစရာမလိုတော့ဘဲ ခုံးကျော်တံတားပေါ်က ဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာပါ။ မီးပွိုင့်မှာ ယာဉ်တွေကတစ်ဖက်နဲ့တစ်ဖက် စောင့်ဆိုင်းပြီး သွားလာနေရတော့ ယာဉ်ကြောကျပ်တည်းမှုတော့ရှိတတ်ပါတယ်။ အခုတံတားတည်ဆောက်ပြီးစီးသွားလို့ ယာဉ်ကြော ပြေလျော့တော့မှာပါ" ဟု ပြောသည်။

အဆိုပါတံတားမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့လည်းကောင်း၊ ရန်ကုန်မြို့မှ အထက်မြန်မာပြည်ကို ဆက်သွယ်ထားသည့် အမြန်လမ်းမကြီးသို့ လည်းကောင်း ယာဉ်များ တောက်လျှောက်ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-စိုးဝင်း-(SP)**
**ဓာတ်ပုံ-မျိုးမင်းသိန်း**

## Earth Hour နေ့ ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော် မတ် ၁၅**

မတ် ၁၉ ရက်တွင် ကျရောက်မည့် Earth Hour နေ့ကို ရန်ကုန်မြို့ သံတမန်လမ်းရှိ wwf-မြန်မာရုံးတွင် ကမ္ဘာမြေကြီး ရေရှည်တည်တံ့ရေးအတွက် လူသားများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြရန် လှုံ့ဆော်ပေးသည့်အနေဖြင့် ကျင်းပသွားမည်ဟု wwf-မြန်မာရုံး၏ ဆက်ဆံရေးအရာရှိက ပြောသည်။

ထိုအစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် wwf-မြန်မာရုံးက ကျင်းပခြင်းဖြစ်ရာ တစ်ကမ္ဘာလုံး လူထု လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ၁၇၂ နိုင်ငံတွင် ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင်လည်း Earth Hour ကို မတ် ၁၉ ရက် ည ၈ နာရီခွဲတွင် ရာသီဥတုပြောင်းလဲနေခြင်းကို လူထုက သတိပြုမိလာစေရန် လှုံ့ဆော်အသိပေးသောအားဖြင့် လျှပ်စစ်မီးများကို တစ်နာရီတိတိပိတ်ကာ ကျင်းပလေ့ရှိသည်။

ယခင်နှစ်များက Earth Hour ဆင်နွှဲမှုများကို www.earthhour.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခြားနိုင်ငံများ ပျော်ရွှင်စွာကျင်းပခဲ့သည်ကို ကြည့်ရှုနိုင်သည်။ ထိုအစီအစဉ်အတွက် လှူဒါန်းသူပေါင်း ၇၀၀၀ မျှရှိနေပြီး နောက်ထပ် လှူဒါန်းသူများပါဝင်လိုက ကြိုဆိုပါကြောင်း wwf က ထုတ်ပြန်ထားသည်။

wwf-မြန်မာက ယခုလအတွင်း အလှမယ်တစ်ဦးနှင့် ပညာရှင်တစ်ဦးအား Brand Ambassador အဖြစ်နှစ်ဦး ရွေးချယ်သွားမည်ဟု သိရသည်။

**(ဖိုးသန့်)**

## မြို့နယ်စာရေးဆရာအသင်း ရွေးချယ်တင်မြှောက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က အမှုဆောင်ကိုးဦးပါဝင်သော တောင်ဥက္ကလာပမြို့နယ် သတင်းစာဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကာ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာနိုက်တင်ဂေးလ် (မီးအိမ်ရှင်)က ရန်ကုန်တိုင်းသတင်းစာဆရာအသင်းသို့ ရန်ပုံငွေကျပ် ၂၀၀၀၀၀ ထည့်ဝင်လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ယဉ်ကျေးလိမ္မာ လူငယ်တရားစခန်းပွဲ ကျင်းပပြီးစီး

**မကွေး မတ် ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာအုပ်စု ကျွန်းတောကျေးရွာ ကျွန်းတောကျောင်းတိုက် ပထမအကြိမ် ယဉ်ကျေးလိမ္မာလူငယ် ညအိပ်တရားစခန်းဖွင့်ပွဲကို နေပြည်တော် ပျဉ်းမနားမြို့ တံခွန်တိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာဝါယမဦးစီး၍ မတ်လပထမပတ်တွင် စတင်ကျင်းပခဲ့ရာ တရားစခန်းဝင်ကျောင်းသားကျောင်းသူ ၁၂၀၊ သင်တန်းနည်းပြ ဆရာတော်ဘဒ္ဒန္တဝေပုလ္လနှင့် သင်တန်းနည်းပြဆရာမ ၁၁ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ တရားစခန်းကို သုံးရက်တိုင်တိုင်ဖွင့်လှစ်ပြီး တရားစခန်းပိတ်ပွဲနေ့တွင် ဒီပင်္ကရာဆရာတော် ဘဒ္ဒန္တနိမ္မလက ကောင်းအောင်နေ တော်အောင်ကြိုးစား ခေါင်းစဉ်ဖြင့် တရားချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း (နတ်မောက်)**


### ဖခင်အမည်မှန်

မြစ်ကြီးနား တက္ကသိုလ် တတိယနှစ် ပထဝီဝင်မှ မောင်ထွယ်ဆန်အောင်လီ၊ ဒုတိယနှစ် အင်္ဂလိပ်စာမှ မောင်ကွမ်ဂျဲဆိုင်းနော်၊ ဖားကန့်၊ အထက နဝမတန်း(A)မှ မောင်လထွယ်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကွမ်ဂျဲတန် ၁/မကတ(နိုင်)၀၁၉၇၈၆ ဖြစ်ပါကြောင်း။

**ဦးကွမ်ဂျဲတန်**

### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၇၄၂/က)၊ မြေကွက်တည်နေရာအမှတ်(၇၄၂/က) ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၁၃၉၅၅၆ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးကျော်ဝင်း ကွယ်လွန်သဖြင့် ဇနီး ဒေါ်ဌေးရီ ၁၂/ဥကမ(နိုင်)၁၄၀၂၈၉က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်ကို တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ★ နေမင်းခြင်္သေ့ ★

ရာထူးဝင်သင်တန်းကြီး
☆ PPTT (ဆရာမဝင်ခွင့်)
☆ ပြည်တွင်းအခွန်ဦးစီးဌာန
☆ PGDMA

- မှတ်စုမှတ်တမ်းနှင့် ပတ်သက်ပြီး အပြည့်စုံဆုံးဖြစ်သည်ဟု အာမခံသည်။
- အားလုံးထက်အပြည့်စုံဆုံးမှတ်စုများကို မြို့တိုင်းတွင် ဈေးသက်သာစွာဖြင့် ဝယ်ယူနိုင်ပါသည်။

❖ရရှိနိုင်သော စာအုပ်ဆိုင်များ

✦နေပြည်တော် - ရွှေမင်းသားစာပေ - 09-979507227/ ရွှေရည်ဝင်းစာပေ-09-43075647
အဓိပတိစာပေ- 067-8108077/ လမင်းဝင်းဝင်းစာပေ - 067-432238
နဝရတ်စာရေးကိရိယာဆိုင်-067-420058
✦မန္တလေး - ညီစာပေ - 027-4418/ ခေတ်မီစာပေ - 09-91020565
✦မော်လမြိုင် - ကျော်ကျော်စာပေ- 09-425322625
✦လားရှိုး - စစ်ငြိမ်းပန်းစာပေ- 09-5261083
✦ပုသိမ် - မြိုးချိုစာပေ- 09-5200159 ✦ မကွေးကိုယ်စားလှယ် - 09-259076412
✦တောင်ငူကိုယ်စားလှယ် - 09-257795843 ✦ မိတ္ထီလာကိုယ်စားလှယ် - 09-259289949
✦ပခုက္ကူကိုယ်စားလှယ် - 09-970502220 ✦ တောင်ကြီးကိုယ်စားလှယ် -09-420779925
✦ကျောက်ပန်းတောင်း/ ညောင်ဦး/ ချောက်/ ရေနံချောင်းကိုယ်စားလှယ် - 09-795142096

ဂိုဝင်ရန် ။ ။ အခန်းရထားအိမ်ရာဝင်းအတွင်း လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက် Ice Berry ရေခဲမုန့်ဆိုင်ဆိုင် လှည်းတန်းကမာရွတ်မြို့နယ်။ ☎ Ph: 09 4200 42200, 09 26433 5331, 09 2530 33923

### (၄၄)နှစ်မြောက် ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၃) သီဟတပ်ခွဲ ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲဖိတ်ကြားခြင်း

အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်ပါမည်။

၁။ ၁၉-၃-၂၀၁၆ရက်(စနေနေ့) ၉နာရီ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအား ရည်စူး၍ သန်လျင်မြို့ သဘာဝရိပ်သာသို့ လှူဒါန်းပါမည်။

၂။ ၂၀-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ၁၈း၃၀နာရီ IBC မြက်ခင်းပြင်၊ (၆)မိုင်ပြည်လမ်းတွင် ဆရာကန်တော့ပွဲနှင့် မိသားစုညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

ဖုန်း-၀၉-၂၀၀၀၃၀၃၊ ၀၉-၂၀၀၀၅၅၅၊
၀၉-၅၅၀၄၉၈၂၊ ၀၉-၅၁၆၆၀၇၁

# မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၅**

ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၂ ရက်က ဘားအံမြို့(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ မခြည်ဇာ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သက်မင်းအောင်ကို တွေ့ရှိပြီး ဆေးခြောက် ၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြားကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ၎င်းတို့အား မူးယစ်ဆေးဝါးများရောင်းချပေးသူ ဘားအံမြို့(၂)ရပ်ကွက် သီတာအနောက်လမ်းနေ ဝင်းထိုက်အောင်နှင့် ဘားအံမြို့(၁)ရပ်ကွက် အင်းဝလမ်းနေ ကျော်မျိုးအောင်တို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ရာ သန်းဇော်လတ်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြားကိုလည်းကောင်း၊ (၁)ရပ်ကွက် အင်းပြည့်လမ်းနေ မနေခြည်ဦး၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မနေခြည်ဦးအားစစ်ဆေးချက်အရ ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာနေ ဖေလင်းအောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မမြင့်မြင့်အေးကိုတွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ ၉ မမ ပစ္စတိုတစ်လက်၊ ယမ်းကျည် ၂၅ တောင့်နှင့် ယာဉ်အမှတ် ၂ခ/--- အမျိုးအစား မော်တော်ယာဉ်တစ်စီးကို လည်းကောင်း၊ ၎င်းတို့နှစ်ဦးအား စစ်ဆေးချက်အရ ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု ရေကျော်ရပ် ဘားအံ-ကော့ကရိတ် ကားလမ်းအနီးတွင် နေထိုင်သူ စောသိန်းဝင်းနှင့်မမူစိတို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ယာဉ်အမှတ် 4C/--------Hilux မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိသည်။

အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ မခြည်ဇာ (၂၂ နှစ်)၊ သက်မင်းအောင် (၂၇ နှစ်)၊ ဝင်းထိုက်အောင်(ခ)တရုတ် (၂၅ နှစ်)၊ ကျော်မျိုးအောင်(ခ) ကျော်ကျော် (၂၆ နှစ်)၊ သန်းဇော်လတ်(ခ)ကရင် (၄၈ နှစ်)၊ မနေခြည်ဦး(ခ)ပန်ပန်(၄၀နှစ်)၊ ဖေလင်းအောင် (၃၆ နှစ်)၊ မမြင့်မြင့်အေး(ခ)နောက်ပိ (၃၆ နှစ်)၊ စောသိန်းဝင်း(၄၃ နှစ်)နှင့် မမူစိ(ခ)မူစိလင်း(၃၄ နှစ်)တို့ ၁၀ ဦးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## မှုခင်းသတင်းတိုများ

### တရားမဝင်သစ်နှင့် သစ်စက်ပစ္စည်းများ ဖမ်းမိ

ပခုက္ကူခရိုင် ပေါက်မြို့နယ် မြေနီ(တ)ကျေးရွာအနီးမှ တရားမဝင်သစ်များနှင့် သစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား မတ် ၁၄ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမတ် ၁၄ ရက် နံနက်က ပေါက်မြို့နယ် မြို့နယ်သစ်တောဦးစီးမှူး ဦးငြိမ်းချမ်းဦးစီးသော သစ်တောဝန်ထမ်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် မြေနီ(တ)ကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ ကျွန်းသစ်တစ်လုံး၊ အင်ကြင်းတိုင်လေးလုံး၊ လက်ပံခွဲသားခုနစ်ချောင်း စုစုပေါင်း ၀ ဒသမ ၉၅၅၈ တန်၊ ဒီဇယ်တရုတ်အင်ဂျင်တစ်လုံးနှင့် သစ်စက်ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

**ကျော်ဇေယျ**

--------------------------

### တောတွင်း၌ မူးယစ်ဆေးရောင်းသူများအား ဖမ်းဆီး

ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်းမှ ရဲအုပ်မင်းကိုလွင်နှင့် တပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက် နံနက်က ဗန်းမောက်မြို့နယ် မင်းကုန်းရွာသစ်ကျေးရွာနှင့် နားလိမ်ကားကျေးရွာသွားလမ်းဘေးတောအတွင်း၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ အဆိုပါနေရာတွင် ဇော်ဇော်အောင်(ခ)ဖိုးကွမ်းအား မူးယစ်ဆေးဝါးရောင်းချနေသည်ကို တွေ့ရှိရသည်။

ဆက်လက်၍ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသောငွေစက္ကူ ရောရာ ငွေကျပ် ၄၀၀၀၀ စုစုပေါင်းဘိန်းဖြူအလေးချိန် ၈ ဒသမ ၄ ဂရမ် ကာလတန်ဖိုးငွေကျပ် ၈၄၀၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား တန်ဖိုးငွေကျပ် ၁၀၀၀၀ တို့ကို တွေ့ရှိခဲ့ရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

--------------------------


### ဓာတ်တိုင်များချစဉ် ကရိန်းကြိုးပြတ်ကျ

မိတ္ထီလာခရိုင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာတွင် မတ် ၁၄ ရက် ညနေ ၅ နာရီက လှိုင်းတက်ကျေးရွာနေ ယာဉ်မောင်း မြင့်စိုး(၃၆နှစ်)သည် 40-KI-7 ကရိန်းကားဖြင့် ကွန်ကရစ်ဓာတ်တိုင်များချနေစဉ် စတီးကြိုးပြတ်၍ လှိုင်းတက်ကျေးရွာနေ ဇော်မင်း(၄၂နှစ်)၏ ကိုယ်ပေါ်သို့ ပြုတ်ကျသဖြင့် ဇော်မင်းမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ဇော်မင်းသေဆုံးမှုကို သာစည်မြို့မရဲစခန်းက အရေးယူထားသည်။ **တင်လှိုင်(မိတ္ထီလာ)**

---

# ထိုင်းနိုင်ငံ၌ ဆေးရုံစီးနင်းခံရမှုကြောင့် မလေးခွဲထွက်ရေးဝါဒီများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ရှည်ကြာနိုင်

နိုင်ငံတကာသတင်း



**ဗန်ကောက် မတ် ၁၅**

ထိုင်းနိုင်ငံ နာရာသီဝပ်ပြည်နယ်ရှိ ဆေးရုံတစ်ရုံကို ပြီးခဲ့သည့် တနင်္ဂနွေနေ့က သောင်းကျန်းသူများဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်ရပ်သည် မလေးခွဲထွက်ရေးဝါဒီများနှင့် ဗန်ကောက်မှကိုယ်စားလှယ်များအကြား သုံးနှစ်ကြာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ရှည်ကြာနေဦးမည့်လက္ခဏာကို ပြသနေခြင်းဖြစ်သည်ဟု အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးခွဲခြမ်းစိတ်ဖြာသူများက ယမန်နေ့က ပြောကြားလိုက်သည်။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများနှင့် လူသားဆိုင်ရာ အခြေခံစည်းမျဉ်း စည်းကမ်းများကို ချိုးဖျက်သည့်တိုက်ခိုက်မှုများက နှစ်ဖက်စလုံးကို သိက္ခာကျစေကြောင်းလည်း ၎င်းတို့ကပြောကြားသည်။

ဘီအာအင်န်သောင်းကျန်းသူအဖွဲ့ (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် နာရာသီဝပ်ပြည်နယ် ချိုအိုင်ရောင်ခရိုင်အတွင်း ဟန်ချက်ညီတိုက်ခိုက်မှုသုံးခုကို သောင်းကျန်းသူအုပ်စုက ပြုလုပ်ခဲ့ရာ မျက်နှာဖုံးစွပ်လက်နက်ကိုင်အင်အား ၃၀ ခန့်က ချိုအိုင်ရောင်ဆေးရုံကို စီးနင်းခဲ့ပြီး ကိုယ်ဝန်ဆောင် သူနာပြုဆရာမတစ်ဦးကိုလည်း ဓားစာခံပြုလုပ်ကာ လူနာမှတ်တမ်းများကို အဓမ္မဖျက်ဆီးစေခဲ့သည့်အပြင် ဆေးရုံဝင်းအနီး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ဗန်ကောက်ပို့စ်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**(ဗန်ကောက်ပို့စ်)**

---

## မြန်မာအက်ဂရိအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်
## (Myanmar Agro Exchange Public Limited)
## ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူများသို့တင်ပြခြင်း

မြန်မာအက်ဂရိအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက် (Myanmar Agro Exchange Public Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၁၇၈၉/၂၀၁၅-၂၀၁၆(ရက) (၁၄-၉-၂၀၁၅) ဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်သည် နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအတွက် အကျိုးပြုရန်အတွက်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ ဝယ်ယူစားသုံးသူများ၊ လက်လီလက်ကားရောင်းချသူများ၊ ပြည်ပတင်ပို့သူများအား တိုက်ရိုက်ဆက်သွယ်ပေါင်းကူးပေးသော စနစ်ကျသော ခေတ်မီဈေးကြီးအဖြစ် အကောင်အထည်ဖော်ရန်နှင့် Agro Commodity Exchange Center တစ်ခု ပေါ်ထွက်လာစေရန်ရည်ရွယ်ချက်ဖြင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးတည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းကို နိုင်ငံတော်ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ရုံးခန်းကို အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ ဒဂုန်စင်တာ၊ Block A, ခုနစ်လွှာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာအက်ဂရိအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်**
**Myanmar Agro Exchange Public Limited**

---

## CLAIMS DAY NOTICE
## M.V SPRING WIND VOY:NO(16)

Consignees of cargo carried by M.V SPRING WIND VOY:NO (16) are here by notified that the vessel will arrive on about 17-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆသက(ဓာနယ်ဝင်း) ၀၁၇/၀၃၁၅
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၆၉၄



ဧရာဝတီအသင်းနှင့် ဘင်ဂါလူရူးအသင်းနည်းပြနှင့် ကစားသမားများအား ပွဲကြိုသတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။

# AFC Cup ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စု (H) တတိယပွဲစဉ် ယှဉ်ပြိုင်ကစားရမည့် မြန်မာကလပ် ဧရာဝတီအသင်းနှင့် အိန္ဒိယကလပ် ဘင်ဂါလူရူးအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက MFF ရုံး၌ ပြုလုပ်သည်။

အိန္ဒိယကလပ် ဘင်ဂါလူရူးအသင်းမှာ ရန်ကုန်မြို့သို့ လေးသုတ်ခွဲ၍ လာရောက်ခဲ့ရပြီး အင်္ဂလန်နိုင်ငံသား နည်းပြချုပ်မှာ မတ် ၁၅ ရက် ညပိုင်းမှ ရောက်ရှိလာခဲ့ခြင်းကြောင့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ ဘင်ဂါလူရူးအသင်း လက်ထောက်နည်းပြ ရာဒီသာ တက်ရောက်ခဲ့သည်။ ရာဒီက "ကျွန်တော်တို့အသင်း နှစ်ပွဲဆက်တိုက် ရှုံးထားပေမယ့် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိပါသေးတယ်။ ဧရာဝတီအသင်းကို အနိုင်ရခဲ့ရင် မျှော်လင့်လို့ရပါတယ်။ ဧရာဝတီအသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့အတွက် လွယ်ကူတဲ့ပွဲမဟုတ်မှာတော့ သေချာပါတယ်။ ခံစစ်ပိုင်းက ပေးဂိုးများပေမယ့် ဒါကို အားနည်းချက်လို့ သတ်မှတ်လို့မရပါဘူး။ တိုက်စစ်ကစားပုံက တော်တော်ကောင်းမွန်ပါတယ်။ အဝေးကွင်းမှာ ခက်ခဲပေမယ့် အနိုင်ရအောင်ကြိုးစားမှာပါ"ဟု ပြောကြားခဲ့သည်။

ဧရာဝတီအသင်းနည်းပြချုပ် ဦးကျော်လွင်က "ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကို ကျွန်တော်တို့ထပ်ပြီး ရင်ဆိုင်ရမှာပါ။ ကျွန်တော့်အနေနဲ့ နိုင်ပွဲထပ်မံရယူနိုင်ဖို့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ မတ် ၁၅ ရက် ညနေပိုင်းလေ့ကျင့်မှု အပြီးမှာ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကိုကြည့်ပြီး ပွဲထွက်လူစာရင်းကို အသုံးပြုသွားမှာပါ။ သူတို့အာသာချက် အားနည်းချက်တွေကိုကြည့်ပြီး ပြင်ဆင်ပြီးသွားပါပြီ။ နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ပွဲဖြစ်ပြီး ကျွန်တော်တို့ အနိုင်ရအောင် ကစားမှာပါ" ဟုပြောကြားခဲ့သည်။

AFC Cup ပြိုင်ပွဲ၌ အုပ်စု(H)တွင် ဧရာဝတီအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားပြီး အိန္ဒိယကလပ်ဘင်ဂါလူရူးအသင်းက နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# နွေရာသီ အခြေခံအားကစားသင်တန်းများဖွင့်

**ရန်ကုန် မတ် ၁၅**

အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပူးပေါင်း၍ နွေရာသီ အခြေခံအားကစားသင်တန်းများကို နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်ပေးလျက်ရှိရာ မတ် ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နွေရာသီ အခြေခံအားကစားသင်တန်းများအား ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြား ပြီး ၂၀၁၆ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးသို့ နွေရာသီအားကစားသင်တန်းအကျီများကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားမောင်/မယ်များက သရုပ်ပြသကြသည်။ **(အောက်ပုံ)**

ယခု နွေရာသီ အခြေခံ အားကစားသင်တန်းကို အားကစားနည်း ၃၃ မျိုးဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီး၏ သတ်မှတ်ထားသော အားကစားလေ့ကျင့်ရေးစခန်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ပေးထားသော လေ့ကျင့်ရေးစခန်းများတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# လက်စတာတို့ နယူးကာဆယ်ကိုနိုင်ပြီး ဇယားထိပ်၌ ဆက်လက်ရပ်တည်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၀)မှ နောက်ဆုံးပွဲစဉ်အဖြစ် လက်စတာနှင့် နယူးကာဆယ်တို့ မတ် ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်လက်စတာအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လက်စတာအသင်းသည် ဖလားရရှိရန် ပွဲစဉ်တိုင်းကို ရှုန်းကန်နေရကာ အဓိကကစားသမား အစုံအလင်ပါဝင်ခဲ့ပြီး တိုက်စစ်ပိုင်းတွင် အိုကာဇာကီနှင့် ဗာဒီကို အတွဲထား၍ ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ စပိန်နိုင်ငံသား ရာဖေးလ်ဘင်နီတက်ဇ်သည် တစ်ကျော့ပြန် ပရီမီယာလိဂ်သို့ ခြေချခဲ့ပြီး နယူးကာဆယ်တွင် နည်းပြအဖြစ် တာဝန်ယူခဲ့ရာ ယနေ့ပွဲ ပွဲဦးထွက် အဝေးကွင်း၌ ၄-၂-၃-၁ ပုံစံဖြင့် မီထရိုဗစ်ကို အထောင်ထားခဲ့သည်။ လက်စတာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ဗာဒီခေါင်းတိုက်ဖန်တီးမှုမှ တစ်ဆင့် ဂျပန်နိုင်ငံသား တိုက်စစ်မှူး အိုကာဇာကီက မြေမကျ နောက်ပြန်သွင်းယူခဲ့သည်။ လက်စတာအသင်းသည် ပွဲစဉ်တစ်လျှောက် ဂိုးပြန်လည်မပေးရရေး ထိန်းကစားနိုင်ခဲ့သည်။

နည်းပြ ဘင်နီတက်ဇ်သည် ပထမဦးဆုံးပွဲမှာပင် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရပြီး ရမှတ် ၂၄ မှတ်ဖြင့် နယူးကာဆယ်အသင်း တန်းဆင်းဇုန်မှ ရုန်းမထွက်နိုင်သေးပေ။ ဘင်နီတက်ဇ်သည် အင်္ဂလန်ပရီမီယာလိဂ်တွင် ၂၀၀၄ မှ ၂၀၁၀ အထိ လီဗာပူးအသင်းတွင် တာဝန်ယူခဲ့ပြီး ၂၀၀၄-၂၀၀၅တွင် ချန်ပီယံလိဂ်ဖလား၊ ၂၀၀၅ တွင် စူပါဖလား၊ ၂၀၀၅-၂၀၀၆ တွင် အက်ဖ်အေဖလား၊ ၂၀၀၆ တွင် ကွန်မြူနတီဒိုင်းတို့ကို ရယူပေးခဲ့သည်။ ၂၀၁၂-၂၀၁၃ ချယ်လ်ဆီးတွင် တာဝန်ယူခဲ့စဉ်က ယူရိုပါလိဂ်ဖလား ရယူပေးခဲ့သည်။

လက်စတာအသင်းသည် ရမှတ် ၆၃ မှတ်ဖြင့် ဇယားထိပ်တွင် ရပ်တည်နေပြီး အဆင့်(၂)မှ စပါးကို ငါးမှတ် ဖြတ်ထားသည်။

**သီဟ**

## မွေးနေ့ဆုတောင်း

သားလေး ဂုဏ်ရောင်လင်းဦး၏ ၁၆-၃-၂၀၁၆ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှစ၍ အသက်ရှည်ခြင်း၊ ဘုန်းကြီးခြင်းနှင့် ပြည့်စုံပါစေ၊ ကျန်းမာပျော်ရွှင်သော ငယ်စဉ်ဘဝကို ပိုင်ဆိုင်နိုင်ပါစေ၊ တည်ကြည်ဖြောင့်မတ်ပြီး လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သော အမျိုးကောင်းသားတစ်ယောက် ဖြစ်လာနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**ချစ်ခင်ရပါသော**

| | |
|---|---|
| **ဘိုးဘိုး၊ ဘွားဘွား-** | **ဦးထွန်းထွန်းဦး-ဒေါ်တင်တင်ဝင်း** |
| **ဖေဖေ၊ မေမေ-** | **ဗိုလ်ကြီးဉာဏ်ရဲဦး-မအိအိလင်းအောင်**<br>**အမှတ်(၇) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)** |
| **ဦးဦး-** | **ဒေါက်တာစွမ်းဆောင်ဦး (Trust Oo Co.,Ltd)** |
| **တီတီ-** | **ဒေါက်တာမြတ်နိုးဦး (ဘောဂသိဒ္ဓိဆေးရုံ၊ နေပြည်တော်)** |

POST ဂုဏ်ထူးဝင်ဒွင်သင်တန်း
PGDMA (အလယ်တန်းပြ) PPTT (မူလတန်းပြ)
စနေ၊တနင်္ဂနွေ(၉း၀၀-၁၂း၀၀) နေ့လယ်(၁၂း၃၀-၃း၃၀) တနင်္လာ၊အင်္ဂါ(၇း၃၀-၉း၀၀)
အနီးကပ် (ခုနစ်ရက်တက်တန်းခွဲ) ၂၄-၃-၂၀၁၆စမည်။ စာအုပ်ရပြီ။
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

## CLAIMS DAY NOTICE
## M.V PASSAMA VOY:NO(1)

Consignees of cargo carried by M.V PASSAMA VOY:NO(1) are here by notified that the vessel will arrive of about 17-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) Mitsubishi အမျိုးအစား လေအေးပေးစက်များပြုပြင်ထိန်းသိမ်းခြင်း
(ခ) 33/11KVနှင့် 11/0.4KV ဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများအား ၁၈-၃-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၃-၂၀၁၆ရက် ၁၅း၀၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁-၄-၂၀၁၆ရက် ၁၃း၀၀နာရီ
ရုံးအမှတ် ၄၀၊ နေပြည်တော်၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**ရုံးအမှတ် ၄၀၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆**

## အငှားအိမ်ရာလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ရပ်ကွက်ကြီး(၈)တွင် ဆောက်လုပ်ပြီးစီးသည့် (၄)ခန်းတွဲ (၄)ထပ်၊ အိမ်ရာ(၇)လုံးရှိ နေအိမ်အခန်းများအား အငှားချထားမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသော နေအိမ်ခန်း လျှောက်ထားလိုသူများ လျှောက်လွှာဝယ်ယူ လျှောက်ထားနိုင်ပါသည်-

(၁) ပဲခူးမြို့တွင် အနည်းဆုံး(၅)နှစ်ဆက်တိုက် နေထိုင်ပြီး အိမ်ပိုင်မရှိ အိမ်ငှားနေထိုင်သူ၊
(၂) ပဲခူးမြို့တွင် အိမ်ပိုင်မရှိ အိမ်ငှားနေထိုင်သူ အငြိမ်းစားဝန်ထမ်းများ
(၃) ပဲခူးတိုင်းဒေသကြီးတွင် လက်ရှိတာဝန်ထမ်းဆောင်နေပြီး ပဲခူးမြို့တွင် အခြေချနေထိုင်လိုသည့် အငြိမ်းစားယူရန် (၂)နှစ်အလို ဝန်ထမ်းများ

**လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၇-၃-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
**လျှောက်လွှာပိတ်ရက်** - ၂၄-၃-၂၀၁၆ ရက် ညနေ ၀၄း၀၀ နာရီ
**လျှောက်လွှာရောင်းချမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၀၀၁၇

**အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်**

ရွှေဘိုမြို့၊ အထက(၃)၊ အဋ္ဌမတန်း(က)တွင်ပညာသင်ကြားလျက်ရှိသော ဦးလင်းဗိုလ်နောင်-ဒေါ်ချောအိအိသန်းတို့၏သမီး မအိမြတ်လင်းဗိုလ်နောင်အား မခင်လင်းဗိုလ်နောင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)တို့မှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသည်-

(က) ရေနံမီးသွေး(အောက်ကျိုး) ၅၅ မက်ထရစ်တန် (သန်လျင်)
(ခ) ရေနံချေး (TC) ၄၆၉၃၄၆ ဂါလန် (သန်လျင်)
(ဂ) ပျားဖယောင်း (Sugarcane Wax) ၁၆·၇၃တန် (သန်လျင်)
(ဃ) ကတ္တရာကုန်ချော ၉၃·၈၁၁ မက်ထရစ်တန် (သန်လျင်)
(င) မီးထိုးဆီ(ဆီပျက်) ၈၈၈၆ ဂါလန် (သန်လျင်)
(စ) ဆီပျက် (Flushing Oil) ၂၀၇၃၂ ဂါလန် (သန်လျင်)
(ဆ) ဆီပျက် (Slop Oil) ၂၃၃၆၄၀ ဂါလန် (သန်လျင်)
(ဇ) ဖယောင်းကြမ်း ၁၅၀ တန် (ချောက်)

| စဉ် | အကြောင်းအရာ | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | တင်ဒါပိတ်မည့် ရက်/အချိန် | တင်ဒါဖွင့်မည့် ရက်/အချိန် |
|---|---|---|---|---|
| (က) | ရေနံမီးသွေး(အောက်ကျိုး) | ၁၇-၃-၂၀၁၆ | ၂၈-၃-၂၀၁၆ ၁၂း၀၀နာရီ | ၂၈-၃-၂၀၁၆ ၁၄း၀၀နာရီ |
| (ခ) | ရေနံချေး (TC) | | | |
| (ဂ) | ပျားဖယောင်း | | | |
| (ဃ) | ကတ္တရာကုန်ချော | ၁၇-၃-၂၀၁၆ | ၂၉-၃-၂၀၁၆ ၁၂း၀၀နာရီ | ၂၉-၃-၂၀၁၆ ၁၄း၀၀နာရီ |
| (င) | မီးထိုးဆီ(ဆီပျက်) | | | |
| (စ) | ဆီပျက် (Flushing Oil) | | | |
| (ဆ) | ဆီပျက်(Slop Oil) | ၁၇-၃-၂၀၁၆ | ၃၀-၃-၂၀၁၆ ၁၂း၀၀နာရီ | ၃၀-၃-၂၀၁၆ ၁၄း၀၀နာရီ |
| (ဇ) | ဖယောင်းကြမ်း | | | |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန ရုံးအမှတ်(၄၄)၊ နေပြည်တော်နှင့် ဘဏ္ဍာရေးဌာန(ရန်ကုန်ရုံး) အမှတ် (၇)(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၀၉၃၊ ၀၉-၅၀၄၁၆၈၁**

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး မုံရွာမြို့၌ဖွင့်

မုံရွာ မတ် ၁၅




စစ်ကိုင်းတိုင်း ဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးဖွင့်လှစ်ပွဲ အခမ်းအနားကို မတ် ၁၄ ရက်က မုံရွာမြို့ရုံးကြီးလမ်း ရုံးကြီးရပ်ကွက်ရှိ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။(ယာပုံ)

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က အမှာစကား ပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါရုံး ဖွင့်လှစ်ခြင်းဖြင့် ကုမ္ပဏီဖွဲ့စည်း မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ စုံစမ်းမေးမြန်းခြင်း၊ အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာတင်သွင်းခြင်း၊ စိစစ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဗဟိုမီးသတ်မျှော်စင်ပြုပြင်ရာတွင် လှူဒါန်းခဲ့ကြသောအလှူရှင်များအား ဂုဏ်ပြု

မန္တလေး မတ် ၁၅

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနဗဟိုမီးသတ်မျှော်စင်ပြုပြင်မွမ်းမံရာတွင် လှူဒါန်းပေးခဲ့ကြသော အလှူရှင်များအားဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၃ ရက် က တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်က အလှူရှင်များအား ဂုဏ်ပြုစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးကြည်ဝင်းကအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အဆိုပါမီးသတ်မျှော်စင်ကို ၁၉၆၀ ပြည့်နှစ်တွင် မန္တလေးမြို့မီးဘေးလုံခြုံရေးအတွက် ရည်ရွယ်၍ ရေနံချောင်းမှသံဖရိန်များမှာယူခဲ့ကာ အမြင့် ၉၉ ဒသမ ၇ ပေ၊ အကျယ် ၁၅ ပေပတ်လည်ဖြင့် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီးသက်တမ်းမှာ ၅၅ နှစ် ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သည်။

ထို့ကြောင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းလိုသောဆန္ဒရှိသည့် အလှူရှင် ဦးသင်းကိုကိုထွန်း-ဒေါ်တင်ဝေသော် မိသားစုက ငွေကျပ် ၆၅ သိန်းအကုန်အကျခံ၍ ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။

အဆိုပါ ဗဟိုမီးသတ်မျှော်စင် သည် နှစ်ပေါင်း ၅၅ နှစ်ကြာ သက်တမ်းရှိပြီဖြစ် သည့်အတွက် မန္တလေးမြို့၏ သမိုင်းဝင်အမွေအနှစ်တစ်ခုဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ချောင်းအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကို တားဆီးပြုပြင်သင့်

ရွှေဘို မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သီဘာရွာနှင့် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းကြား စီးဆင်းလျက်ရှိသော လွင်ဦးချောင်းအနီး နေထိုင်ကြသူအချို့သည် ချောင်းအတွင်းသို့ စည်းကမ်းမဲ့စွာဖြင့် အမှိုက်များကို စွန့်ပစ်လျက်ရှိသဖြင့် အဆိုပါအမှိုက်များကြောင့် နွေရာသီကာလတွင် ရေစီးရေလာနည်းကာ ချောင်းတိမ်ကောမှုများဖြစ်လာ၍ တာဝန်ရှိသူများက ရေစီးဆင်းမှုကောင်းမွန်စေရေး ပညာပေးဟောပြောမှုများဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

အဆိုပါချောင်းသည် မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် ရေစီးရေလာ ကောင်းမွန်လျက်ရှိပြီး ဒေသခံတောင်သူ အများစုအတွက် စပါးစိုက်ပျိုးရာတွင် အောင်ရေယူရသော ချောင်းတစ်ချောင်းဖြစ်ပေသည်။

ယင်းချောင်းအတွင်းသို့ အမှိုက်မျိုးစုံ စွန့်ပစ်လျက်ရှိ၍ ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် မီးဘေးအန္တရာယ် စိုးရိမ်ကြရပြီး ယင်းရေမှာ အင်းတော်အင်းထဲသို့ စီးဆင်းသွားသည့်အတွက် အင်းတော်အင်းရေညစ်ညမ်းမှုရှိကာ တိမ်ကောခြင်း ဖြစ်လာနိုင်ကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**



**ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အတွက် မြို့မဈေးအတွင်း မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၁၃ ရက်က ပြုလုပ်စဉ်။**

ဝေယံလင်း

# ထိုင်းနိုင်ငံမှ ထုတ်ကုန် ပစ္စည်းများ လာရောက်ပြသမည်

ရန်ကုန် မတ် ၁၅

ထိုင်းနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၌ မတ်လနောက်ဆုံးပတ်တွင် Top Thai Brando ၂၀၁၆ ကုန်စည်ပြပွဲလာရောက်ပြသမည် ဖြစ်ကြောင်းသိရသည်။ အဆိုပါကုန်စည်ပြပွဲကျင်းပရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ မီဒီယာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၁၀ မှ ညနေ ၆ နာရီထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်းတိုများ

## ပြည်သူများစာဖတ်အလေ့အထတိုးပွားရေး အလုပ်ရုံဆွေးနွေး

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဆောင်ရွက်သော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရုံးစာကြည့်တိုက်၌ မတ်လဒုတိယပတ်က ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရပ်ကွက်/ကျေးရွာများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူ ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။ **သိန်းစိုးမြင့်(ပြန်/ဆက်)**

---

## ပေါင်မြို့နယ်၌ အမကကျောင်းဆောင်သစ်ဖွင့်

မွန်ပြည်နယ် ပေါင်မြို့နယ် ထန်ပင်ချောင်းလေးကျေးရွာ အမက ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၁၃ ရက်က အဆိုပါကျောင်းဆောင်သစ်၌ကျင်းပခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည်အလျားပေ ၈၀၊ အနံပေ ၃၀၊ အမြင့် ၁၃ပေ အာစီကွန်ကရစ်သံပေါင် သွပ်မိုးအုတ်ညှပ်တစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ရန်ကုန်မြို့နေ ဒေါက်တာဦးဆန်းလွင်-ဒေါ်တင်တင်ဝင်း မိသားစုက ငွေကျပ်သိန်း ၆၀၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

---

## နွေစပါးစိုက်ပျိုးစရိတ် ထုတ်ချေး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နွေစပါး စိုက်ပျိုးစရိတ်ချေးငွေများကိုမတ် ၉ ရက်က စတင်ထုတ်ချေးပေးလျက်ရှိရာ အုပ်စုနှစ်အုပ်စုထုတ်ချေးပေးပြီးကြောင်းသိရသည်။

အဆိုပါချေးငွေထုတ်ချေးရာတွင် ၂၀၁၅ မိုးသီးနှံစုံ ချေးငွေပြေကျေမှ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ၆၃ အုပ်စုတွင် ၁၃ အုပ်စုသာချေးငွေပြေကျေသေးသည့်အတွက် ချေးငွေကြွေးကျန်မှာ ၁၇၁၈ ဒသမ ၄၂ သန်းကျန်ရှိကြောင်း၊ ချေးငွေပြေကျေသည့် ရာခိုင်နှုန်း မှာ ၈၁ ဒသမ ၀၆ ရာခိုင်နှုန်းရှိကြောင်း၊ အပြေအကျေဆပ်ထားသော တောင်သူများကိုသာ ချေးငွေများထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးခိုင်က ပြောသည်။ **ခင်ဦးစိုးဝေ**

---



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၁၂ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ရပ်ကွက်များအတွင်း လိုက်လံစစ်ဆေးစဉ်။ ခင်ကို(ကျောက်တံခါး)

---

## မြသရဖူစာကြည့်တိုက်ဖွင့်

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် တဝန်ဖန်ရကျေးရွာ မြသရဖူစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ်လဒုတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် သိန်း ၃၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၇၁၄၃၀၀ စုစုပေါင်းငွေကျပ် ၄၇ သိန်းကျော်ဖြင့် တည်ဆောက်ထားပြီး တစ်ထပ်အဆောက်အအုံ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ် ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံကာကွယ်ရေးအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ စက်ရေတွင်း၊ ရေကန်များအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများ မတ်လဒုတိယပတ်က ကွင်းဆင်း၍ သောက်သုံးရေသိုလှောင်မှုနှင့် သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **ကိုကျော်(သုံးခွ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင်* **'The Straight Lines of Mandalay'** *အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ချိုင်းရေးဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း မှုန်ရီဆည်းဆာ

ဆူးငှက်



"ဒီမယ်. . . ဒီမယ်. . ."

". . . ."

"ငါပြောတာကို နားထောင်စမ်းပါဦးဟာ. . ."

". . . ."

"ငါ. . . ခင်စန်းဝင်းကိုရော သေသေချာချာ ပြောပြီး တောင်းပန်ခိုင်းပါတယ်ဟာ"

". . . ."

"ငါပြောတာ ကြားလား နွယ်မွန်"

". . . ."

"နွယ်မွန်. . . နင် ငါ့ကို မသနားတော့ဘူးလား။ ငါမေးတာ ပြန်ဖြေစမ်းပါဦးဟ. . ."

". . . ."

"အေး ငါကတော့ နင်ပြန်မဖြေမချင်း လိုက်မေးမှာ နင့်အိမ်ထိ လိုက်မေးမှာ သိလား. . ."

". . . ."

"ဩော်. . . နွယ်မွန်ရယ်. . . နင်လေ. . ."

အရှေ့ကျုံးလမ်း၏ ဆိုဒီယမ်မီးလုံးဝါတချို့က အလင်းမဲ့နေ၏။ ကျုံးဘေးမှ ကုက္ကိုပင်ရိပ်ကြီး တချို့ကြောင့်လည်း လမ်းမပေါ်မှာ အမှောင်ရိပ်က ပြောက်ကျားနေရာယူထားသည်။ အနောက်ဘက် ပြအိုးပြာသာဒ်အထက်ဆီမှာတော့ ဆည်းဆာပုစွန်ဆီ သွေးတချို့ စွန်းထင်းကျန်ရစ်နေသေးသည်။ ကျုံးရေပြင်ထဲမှာတော့ အရည်ပျော်မီးဝါနှင့် ဆည်းဆာတို့ နေရာယူနေကြ၏။

အရှေ့ကျုံးလမ်းအတိုင်း အရှေ့ဘက်ပလက်ဖောင်းမှကပ်ပြီး ရော်ဘင်ဟု မိန်းမစီးစက်ဘီးလေး တစ်စီးက ခပ်မှုန်မှုန်နင်းနေ၏။ စက်ဘီးလေး၏ ကယ်ရီယာမှာ ပလတ်စတစ်ထမင်းဘူးလေးကို ပခုက္ကူချည်လက်သုတ်ပဝါလေးနှင့် သေသပ်စွာတုပ်နှောင်ထားသည်။ စက်ဘီးပေါ်မှာတော့ ကျောအလယ်အထိ ရှည်သော ဆံပင်ကို ဆံညှပ်လေးနှင့် စည်းနှောင်ထားပြီး ကုမ္ပဏီ သို့မဟုတ် စတိုးဆိုင်တစ်ဆိုင်၏ ယူနီဖောင်းဝတ်စုံကိုဝတ်ထားသည့် ကလေးမလေးတစ်ဦးက ခပ်ကြော့ကြော့လေး နင်းနေသည်။ တစ်နေကုန်အလုပ်လုပ်လာရ၍ သူလေး၏ မျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုက ဖုံးဖိမရ. . .။

ခပ်မှုန်မှုန်နင်းနေသော ရော်ဘင်ဟု စက်ဘီးလေးကို ထပ်ချပ်မကွာ စောင့်ခေါ်နေသည့် စူပါကပ်တစ်စီးက တစ်ခါတစ်ရံ အသည်းယားစဖွယ် လက်ကိုင်ချင်း ချိတ်လုမတတ် နီးကပ်သွားသေး၏။

"နွယ်မွန်. . . ငါ့ကို တစ်ခုခုပြန်ပြောပါဦးဟာ. . ."

". . . ."

"နွယ်မွန်. . . နင်မမိုက်ဘူးဟာ"

". . . ."

တကယ်တော့ သည်မြင်ကွင်းသည် ကြည်နူးစရာ မြင်ကွင်းဖြစ်ပါလိမ့်မည်။ လွတ်လပ်သော အမျိုးသမီးလေးတစ်ဦးကို လွတ်လပ်သော အမျိုးသားလေးတစ်ဦးက ကာယိန္ဒြေမပျက်စေဘဲ လိုက်လံစကားပြောနေသည့် မြင်ကွင်းဆိုပါစို့. . .။

သူတို့နောက်က စက်ဘီးကို ခပ်သွက်သွက်နင်းပြီး ပြောနေသည့် စကားသံတွေ နားထောင်ကြည့်တော့ စိတ်ကောက်နေသော ရည်းစားကို လိုက်ချော့နေသည့် ကောင်လေးတစ်ယောက်။

ဒါပဲပေါ့။ ဒါပဲပေါ့. . .။

သို့သော်. . . .

စက်ဘီးကို ခပ်မြန်မြန်နင်းပြီး သူတို့နှစ်ယောက်ကို ကျော်လိုက်ပါ။ ပြီးတော့. . . မီးရောင်ရောက်လျှင် မသိမသာ နောက်ပြန်လှည့်ကြည့်လိုက်ပါ။ ရော်ဘင်ဟုနှင့် ကလေးမလေးက ဘာမှမထူးခြား. . .။

သို့သော်. . .

ကျွန်တော့်အမေက တီဗွီရှေ့မှာထိုင်ရင်း ကြော်ငြာတွေလာသောအခါ မင်းသားမင်းသမီး စုံတွဲကြော်ငြာတချို့ကိုကြည့်ပြီး 'မျက်စိရှုက်စရာတော်'ဟု ပြောတတ်လေသည်။

"ဘယ့်နှယ့်နော် လင်မယားအိပ်ခန်းထဲမှ ကိုယ့်စိတ်ကြိုက်နေကြရောပေါ့။ အခုတော့ လူမြင်ကွင်းမှာ. . ." ဟု မြည်တွန်တောက်တီးတတ်သည်။ တကယ်တော့ ကျွန်တော်တို့ မျက်စိက ထိုကြော်ငြာများကို အမြင်မရိုင်းတော့. . .။ သိပ်ပြီးတော့လည်း မထူးဆန်း. . .။ အမေကတော့ ပဝါတစ်ကမ်း လက်တစ်လှမ်းခေတ်မှာ ကြီးပြင်းခဲ့သော အသက် ၉၀ နီးပါး အဘွားကြီးပင်ကိုး . . .။ အိမ်ထဲမှ အိမ်ပြင်မထွက်တော့ဘဲ အိမ်ထဲ တီဗွီရှေ့မှာပဲ ထိုင်နိုင်တော့ တီဗွီထဲက ကြော်ငြာမြင်ကွင်းတွေ အထူးအဆန်းဖြစ်နေတာပေါ့။

ညဦးပိုင်းမှာ အမေ ကျုံးဘေးတစ်လျှောက် လမ်းလျှောက်မိပါက မျက်စိစုံမှိတ်ပြီး "ငါ့ကို အိမ်ပြန်ပို့ကြပါတော့"ဟု အော်လေမည်လားမသိ။ လေးငါးခြောက်ပြဝေးသော ကျုံးဘေးမပြောပါနှင့်တော့. . .။ အိမ်နှင့်တစ်ပြ လောက်သာဝေးသော အမျိုးသမီးဘော်ဒါဆောင်တွေရှေ့. . .။ ဘော်ဒါတွေနားက အသုပ်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ နှစ်ယောက်ထိုင်တဲလေးတွေနှင့် ရောင်းချသည့် သံဘူးအအေးစုံဆိုင်တွေက ကောင်လေး ကောင်မလေးတွေကိုမြင်လျှင် အမေသွေးတွေတက်ပြီး အိပ်ရာထဲလဲနေရမှာ သေချာသည်။

ကျုံးဘေးပလက်ဖောင်းမှာ ညဦးပိုင်းလမ်းလျှောက်သောအခါ ခုံရှည်လေးတွေပေါ်မှာ တချို့. . .၊ ကျုံးဘေးသံဆန်ခါအုတ်ခုံမှာ တချို့၊ ကောင်လေး ကောင်မလေး အတွဲတွေက အမှောင်ရိပ်မှာ ထိစပ်ပူးကပ်နေကြ၏။ ကောင်လေးပုခုံးပေါ် ကောင်မလေးက ခေါင်းမှီအိပ်ပြီး စကားတွတ်ထိုးနေတာ မဆန်း။ ကောင်မလေးပခုံးကို ကောင်လေးက သိမ်းကျုံးလက်တင်ထားပြီး ပါးချင်းအပ်ထားကြတာမဆန်း။ စက်ဘီးကို သံဆန်ခါနားမှီထောင်ထားပြီး စက်ဘီးကယ်ရီယာပေါ် ကောင်လေးက ထိုင်နေသည်။ အုတ်ခုံပေါ်ကကောင်မလေးက ကောင်လေးရင်ခွင်ထဲ ခေါင်းဝှက်ထား၏။

အမေသည် ကျွန်တော့် အခုစာများကို ဖတ်၍ပင် မျက်နှာပူကာ ကျွန်တော့်ကိုပင် မာန်မဲပါလိမ့်မည်။ ယခုစာဖတ်နေသူအားလုံးအဖို့ သည်မြင်ကွင်းတွေက မဆန်းတော့တာမို့ ကျွန်တော့်သရုပ်ဖော်မှုအပေါ် အထူးအဆန်းဖြစ်မှာမဟုတ်တော့။ အထူးသဖြင့် မြို့တော်ရန်ကုန်မှာဆိုရင် ဒီမြင်ကွင်းမျိုးက ဘာမှမဆန်းတော့ . . .။

တကယ်တော့ ကောင်လေး ကောင်မလေးတွေ အနေအထိုင်ရဲတင်းလွတ်လပ်လာမှုက ဆယ်စုနှစ်တစ်စုနီးပါးရှိရောပေါ့။ အလွယ်ဆုံးပြောရရင်တော့ အတုမြင်အတတ်သင်လို့ပဲ ပြောရပေမည်။ သတင်းဆက်သွယ်ပြန်ကြားမှုကလည်း မြန်ပေသကိုး။ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်မှုကလည်း နယ်နိမိတ်မရှိပေဘဲကိုး. . .။ ဘယ်လိုပင် လူမျိုးစရိုက်နဲ့၊ ဘယ်လိုပင်ဘာသာတရားနဲ့ ထိန်းကွပ်နေပေမယ့် ရသလောက်တော့ တိုးဝင်ခဲ့ထွင်နေကြသည်။ နောက်တော့ တဖြည်းဖြည်းနှင့် မျက်စိယဉ်လာကြတော့သည်။

ညဦးပိုင်းကျုံးဘေးမှာ တွေ့ကြရသည့် ကောင်လေး ကောင်မလေးတွေကိုရော လမ်းလျှောက်လာသူ ဘယ်သူတစ်ဦးတစ်ယောက်ကများ အမြင်မတော်ဘူးဟု ဆုံးမလေမည်နည်း။ ဘယ်သူမျှရှိမှာမဟုတ်။ နေ့စဉ်ကိစ္စကို နှစ်ချီမြင်တွေ့နေရတော့ မထူးဆန်းတော့. . .။ သူတို့လေးတွေကလည်း ပူးကပ်ထိုင်ပြီး စကားလေးတွေ တိုးတိုးပြောနေကြတာထက်ပိုတာမှ မဟုတ်ဘဲ. . .။

သို့သော် လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ဆိုရင်ကော. . .။

ဟုတ်သည်။

၁၉၇၅ ခုနှစ်လောက်က ဆိုပါစို့. . . .။

သည်တုန်းက အသက် ၁၆ နှစ်အရွယ် ကောင်လေးတစ်ယောက်သည် ရွယ်တူကောင်မလေးတစ်ယောက်နှင့် လူငယ်ဘဝ သမီးရည်းစားဖြစ်ခဲ့သတတ်. . .။

မိုးဦး တစ်နေ့သောအခါ. . . ကောင်လေးလည်း ယောကျ်ားလေးအဖော်များနှင့်. . .။ ကောင်မလေးကလည်း မိန်းကလေးအဖော်များနှင့် ချိန်းချက်ပြီး အရှေ့ကျုံးလမ်းအတိုင်း စက်ဘီးများဖြင့် ကျုံးသို့ရေသွင်းသော ရေနီမြောင်းအတိုင်း အရှေ့သို့တက်ကြသတဲ့. . .။

ထိုအချိန်က ပန်တျာကျောင်းအရှေ့ဘက်မှာ အခုလို လူနေရပ်ကွက်ကြီး မရှိသေး. . .။ ခြံကျယ်ကြီး တစ်ခြံစ၊ နှစ်ခြံစပဲရှိသည်။ ဟိုခပ်လှမ်းလှမ်းမှာ မမ္မစကြာရိပ်သာက စတင်တည်ဆောက်ခါစဖြစ်မည်။ ကောင်လေးကောင်မလေးတွေက စက်ဘီးတွေနှင့် မမ္မစကြာရိပ်သာကိုကျော်ကာ လယ်ကွင်းတွေဖြတ် ယခုမြို့ပတ်ရထားလမ်းဘေးက ရေနီမြောင်းပေါင်အထိသွားကြ၏။ ထိုနေရာများမှာက အခုလိုအိမ်ဝင်းတွေ၊ တိုက်တာတွေမရှိ. . .။ ပီဘိလယ်ကွင်းပြင်. . .။

ရေနီမြောင်းကန်ပေါင်မှာ စက်ဘီးတွေထောက်ပြီး သမီးရည်းစားတွေဖြစ်နေသော ကောင်လေးကောင်မလေးနှစ်ယောက်တွဲကာထိုင်ရင်း မြောင်းပေါင်ပေါ်က မြက်တွေကိုအဓိပ္ပာယ်မရှိနုတ်ကာ စကားတွေပြောကြသည်။ တစ်ခါတစ်ခါသာ ကောင်လေးတတောင်ဆစ်က ကောင်မလေးလက်ကိုမသိမသာထိသည်။ အဖော်တွေကတော့ ရေနီမြောင်းဘေးလယ်ကွင်းစပ်က ကဏန်းတွင်းတွေနှိုက်ကြ. . . ကြာပင်တွေချိုးကြ. . .၊ ရေမြောင်းထဲ ခဲတွေ ရှပ်တိုက်ပစ်ပြ. . .။

ကောင်လေးက အသံတွေတုန်၊ ရင်တွေခုန်စွာဖြင့်. . .။

"ဆွေဆန်း. . . နင်က မောင်နှမ ဘယ်နှယောက်ရှိတာတုံး"

"နှစ်ယောက်. . . ငါ့အောက်က ညီမလေးပဲရှိတာ. . . နင်ရောဆန်းကျော်"

"ငါက လေးယောက်၊ ငါ့အထက်ကသုံးယောက်က အစ်ကိုတွေချည်း"

"ဟုတ်လား. . . ငါနဲ့ ဖြစ်နေတာ နင့်အစ်ကိုတွေ သိရင်ဆူမှာပေါ့"

"အင်း. . . ထင်တာပဲ၊ ဒါပေမယ့် သူတို့လည်း အလုပ်ရှုပ်နေတာပါဟာ"

"ငါ့ညီမ ဝေသန်းက နင်နဲ့ဖြစ်နေတာသိတယ်"

"ဟယ်. . . နင် ဘာလို့ပြောတာလဲ ဒုက္ခပါပဲ"

"သူနဲ့ငါက တစ်အိပ်ရာတည်းအိပ်တာဟ. . . နင့်စာကိုသူတွေ့သွားရော. . ."

"အဲဒီတော့ ဘာပြောလဲ"

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မြိတ်မြို့၌ ဓမ္မစကူးသင်တန်းဆင်းပွဲကျင်းပ

**မြိတ် မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မန္တလေးကျောင်းတိုက်၌ ဓမ္မစကူး သင်တန်းဆင်းပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့ရာ ဆရာတော်သံဃာတော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ အကျိုးဆောင်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် ဆရာမဒေါ်နွေဝင်းမောင်က သင်တန်းသားများ၏ ဆုလက်မှတ်များအကြောင်းနှင့် ဆရာမဒေါ်အေးယုယုက ကျေးဇူးတင်စကား တင်ပြလျှောက်ထားကြပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် စံပြကျောင်းသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို ၂၀၁၅ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် မတ်လအထိဖွင့်လှစ်ခဲ့ပြီး ဓမ္မစကူးသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၂၀၂ ဦးခန့် တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**ထီးလင်း မတ် ၁၅**

ထီးလင်းမြို့နယ်အတွင်း ပြည်သူများကို အယ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သရခါကျေးရွာ၊ ကျားခဲ့ကျေးရွာနှင့် ပါးမျဉ်းကျေးရွာတွင် မတ်လဒုတိယပတ်က အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က နှစ်ပေါင်းတစ်ရာအတွင်း အဆိုးရွားဆုံး အယ်နီညိုဖြစ်စဉ် ရာသီဥတုကြုံတွေ့ရမည့် ယခု ၂၀၁၆ ခုနှစ်သည် အပူပိုင်းဇုန်အတွင်းတည်ရှိသည့် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့တို့အတွက် အထူးစိန်ခေါ်ချက်တစ်ရပ်ဖြစ်ကြောင်းနှင့် အပူလွန်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်း၊ မီးဘေး၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ပြုလုပ်ထားကြရန် ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင်များကို စနစ်တကျထိန်းသိမ်းနိုင်ရန် အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက အယ်နီညိုနှင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက အယ်နီညိုရာသီဥတုဒဏ်ကြောင့် သောက်သုံးရေပြတ်လပ်မှု ရှိ/မရှိ ရေချိုများကို စနစ်တကျသုံးစွဲနိုင်ရေးနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းနိုင်ရန်နှင့် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်လာပါက အလွယ်တကူ ရေသန့်စင်နည်းကို အသုံးပြုနိုင်ရန်အတွက် လက်တွေ့သရုပ်ပြခြင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကော့သောင်းမြို့တွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် အပူချိန်ပိုမိုမြင့်မား



**ကော့သောင်း မတ် ၁၅**

ကော့သောင်းမြို့တွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် မတ် ၁၃ ရက်မှ စတင်ကာ ယခုရက်ပိုင်းအတွင်း မြို့နေပြည်သူများ သိသာစွာ အပူချိန်ပိုမိုမြင့်မားမှုကို ခံစားနေကြရကြောင်း သိရသည်။

အဆိုပါ အပူချိန်မြင့်တက်လာမှု အခြေအနေများအား အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းစွန်းဒေသများတွင် မတ် ၁၃ ရက်မှ ၂၀ ရက်များအတွင်း အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များ ပြောဆိုချက်အရ သိရသည်။ မြန်မာနိုင်ငံ တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်လည်း ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားသည့်နေရောင်ခြည်၏ အပူဒဏ်အား မြို့နေပြည်သူများခံစားနေကြရပြီဖြစ်သည်။

အပူချိန်မြင့်တက်မှုအနေအထားကြောင့် ကျန်းမာရေးဦးစီးဌာနနှင့် ဒေသတာဝန်ရှိ အဖွဲ့အစည်းများမှ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတိပေးချက်များကို ပြည်သူများအကြား သိရှိလိုက်နာ သတိပြုနေထိုင်ကြရေး ထပ်ဆင့် အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**မုဒုံ မတ် ၁၅**

နွေရာသီအတွင်း အယ်နီညိုရိုက်ခတ်မှုဒဏ်သက်ရောက်နိုင်ပြီး အပူရှိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများ ကြုံတွေ့နိုင်သောကြောင့် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှားပါးမှုကြုံတွေ့နိုင်ပြီး ကွင်းရွာများဖြစ်သည့် ကင်းချောင်း၊ ဘလောက်၊ ညောင်ဝိုင်း၊ ကတုံးပေါ်၊ ဝဲကလိ၊ ကမာအုပ်၊ ကွမ်ကဗွီး စသည့်ကျေးရွာများသို့ မတ်လဒုတိယပတ်က ကွင်းဆင်းခဲ့ပြီး သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် အိမ်တိုင်ရာရောက် အချိန်မီ ရေဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝဝဝ**

# ကျေးရွာမီးလင်းရေးဖွင့်ပွဲအခမ်းအနားကျင်းပ

**လယ်ဝေး မတ် ၁၅**

နေပြည်တော် လယ်ဝေးမြို့နယ် ဇီးကုန်းကျေးရွာ၊ သာစည်ကျေးရွာ၊ ကြက်သွန်ခင်းကျေးရွာတို့တွင် လျှပ်စစ်မီးစတင်ရရှိသည့်အတွက် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ်လဒုတိယပတ်က ဇီးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးခန့်ထက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှရှောင်နှင့် တာဝန်ရှိသူများက ကျေးရွာများလျှပ်စစ်မီးစတင်ရရှိခြင်း အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးစတင်ပို့လွှတ်ခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းလွင်ရှိန်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးရှင်းလင်းပြောကြားသည်။ အဆိုပါကျေးရွာများ မီးရရှိရေးအတွက် နေပြည်တော်ကောင်စီ၏ ရန်ပုံငွေကျပ်သိန်း ၁၂၈၀ ကျော်နှင့် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ဘော်ကြိုဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးဆောင်ရွက်

**သီပေါ မတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက်က ဘော်ကြိုဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ပွဲတော်ကျင်းပရေးစီစဉ်ဆောင်ရွက်မှုများနှင့် စီမံချက်ကို ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်က လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၁၈ ရက်မှ ၂၃ ရက်) အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လူမှုကူညီရေးအသင်းရုံးအဆောက်အအုံ ပန္နက်တင်

**မြစ်ကြီးနား မတ် ၁၅**

ပေးဆပ်သူ(အခမဲ့) လူမှုကူညီရေးအသင်းရုံး အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် အုတ်မြစ်ချပန္နက်တင်အခမ်းအနားကို မတ် ၁၃ ရက်က မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်ရုံး ဆောက်လုပ်ရေးမြေနေရာတွင် ကျင်းပခဲ့သည်။

အဆိုပါရုံးအား အလှူရှင်များက စုပေါင်းပြီး ငွေကျပ်သိန်း ၂၀၀၀ ခန့်အကုန်အကျခံ၍ အာစီသုံးထပ်အဆောက်အအုံ အမျိုးအစားဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပေးဆပ်သူ (အခမဲ့) လူမှုကူညီရေးအသင်းကို ၂၀၁၁ ခုနှစ် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ပေါင်း ၄၀၀ ကျော်ရှိပြီးဖြစ်ကြောင်း၊ စတင်ဖွဲ့စည်းသည့်အချိန်တွင် လူနာတင်ယာဉ်နှစ်စီးသာရှိခဲ့ရာမှ ယခုနိဗ္ဗာန်ယာဉ်အပါအဝင် လူနာတင်ယာဉ် ၁၃ စီးရှိနေပြီဖြစ်ကြောင်း၊ စတင်ဆောင်ရွက်သည့်အချိန်မှစကာ ယနေ့အချိန်ထိ လူနာပေါင်း ၃၀၀၀ ကျော်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နာရေးအပြင် သွေး၊ အောက်စီဂျင်ရရှိရေး၊ လူနာအကြိုအပို့၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်၌လည်း သွားရောက်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးချစ်လွင်က ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဆင်းရဲမှုလျှော့ချရေး စီမံကိန်းများရှင်းလင်း

**လိပ်သို မတ် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသအတွင်းစီမံကိန်းများ အကောင်ထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတစ်ရပ်ကို မတ် ၁၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် လိပ်သိုမြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က အမှာစကားပြောကြားပြီး လမ်းတံတားအထူးအဖွဲ့(၁၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်သူမျိုးက လုပ်ငန်းစီမံကိန်းဆိုင်ရာများကို မိတ်ဆက်ရှင်းလင်းသည်။

ဆက်လက်၍ JICA Project Team မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင် မစ္စစ်အုမိဂုချိက ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး JICA Project Team မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်ဂျင်နီယာ ဦးဘိုဘိုဟန်က ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*ယမန်နေ့မှအဆက်*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၁၁ | မောင်သီဟညွန့်ဇော် | အထက-ဝ | ဝ | သံတွဲ |
| ၁၁၂ | မခင်ရူပါထွန်း | အထက-ဝ | ဝ | သံတွဲ |
| ၁၁၃ | မောင်ထက်အောင်ရှိုင်း | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၁၁၄ | မောင်ပိုင်ဇေမင်း | အထက(၄) | မင်္ဂလာတောင်ညွန့် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ကောင်းခန့်ကျော် | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၁၁၆ | မသွင်နှင်းရွှေဇင် | အထက(၂) | တောင်ဥက္ကလာ | အရှေ့ပိုင်း |
| ၁၁၇ | မယမင်းသွင် | အထက(၂) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၈ | မကေခိုင်စိုး | အထက(၄) | တာမွေ | အရှေ့ပိုင်း |
| ၁၁၉ | မောင်အောင်ခန့်ညားကျော် | အထက၊ TTC | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်ထက်နေလွင် | အထက(၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မချယ်ရီစိုး | အထက(၂) | လမ်းမတော် | အနောက်ပိုင်း |
| ၁၂၂ | မသိမ့်အိချို | အထက(၂) | လသာ | အနောက်ပိုင်း |
| ၁၂၃ | မောင်အောင်ကိုဝင်း | အထက(၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၄ | မောင်သီဟဇော် | အထက(၁) | ကျောက်တန်း | တောင်ပိုင်း |
| ၁၂၅ | မဆုလဲ့ရည်ဦး | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မဖြိုးဝတ်ရည်မင်း | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ဟိန်းထက်အောင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်လကျ်ာလဝန်း | အထက(၁) | အင်းစိန် | မြောက်ပိုင်း |
| ၁၂၉ | မခိုင်ဇာသွယ် | ပညာရတနာ(ကပက) | တိုက်ကြီး | မြောက်ပိုင်း |
| ၁၃၀ | မမေချမ်းမြေ့သူ | အထက(၂) | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | စိုင်းသော်ဇင်အေး | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်ကောင်းဇင်ဗိုလ် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၃ | မဖြိုးစုဟန် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မသဥ္ဇာစိုး | အထက-ရပ်စောက် | ရပ်စောက် | တောင်ကြီး |
| ၁၃၅ | မထွန်းအိန္ဒြာဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၆ | မောင်အောင်ဝင်းထွန်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မအိဝင်းပခင် | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၃၈ | စိုင်းအုက်ဆိုင်ဟန် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စိုင်းစံရွက်ဆိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မကျော့ကေခိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်အိုက်ဖိန်းကပ် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်စိုင်းဝေဖြိုးအောင် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မဂရေ့အက်စတာအောင် | ထ(ခွဲ)လ-၅၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မအိမ့်ကြာဖြူ | အထက-ကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၅ | မောင်ဇင်မျိုးထက် | အထက-မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၄၆ | မောင်ညီညီအောင် | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မဖြိုးအိစံ | အထက(ခွဲ)လ-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မယွန်းနန္ဒာအိမ် | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်ကျော်ငွေး | ကျော်(ကပက) | မူဆယ် | မူဆယ် |
| ၁၅၀ | နန်းနွမ်းခမ်း | ကျေးဇူးကမ္ဘာ(ကပက) | နမ့်ခမ်း | မူဆယ် |
| ၁၅၁ | မောင်ကောင်းခန့်ကျော် | အထက(ခွဲ)ပုန်းထွန် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၂ | မမဥ္ဇူဝင်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၃ | မောင်သန့်လွင်စံ | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၁၅၄ | မစံရတနာကျော် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၅ | မောင်ဝင်းထွဋ်လင်း | အထက(၅)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၆ | မနန်းခမ်းနွဲ့ | အထက(၆)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၇ | မောင်အောင်မင်းခန့် | အထက(၂) | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ခိုင်ခန့်ဇော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မထားယုနွယ် | အထက(၆) | ပုသိမ် | ပုသိမ် |
| ၁၆၀ | မဆုလဲ့ရည်နိုင် | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၆၁ | မောင်ဝေယံဖြိုးဦး | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၂ | မောင်ကျော်ခန့်စိုး | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၃ | မအေးခန့်ကျော် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မနှင်းအိမ့်ချယ် | အထက-မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မောင်ငြိမ်းချမ်းအောင် | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၁၆၆ | မခိုင်ဇာနှင်းဝေ | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၁၆၇ | မောင်အောင်ကောင်းမြတ် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မချမ်းမြေ့သီရိ | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ကောင်းဟိန်းဇံ | အထက(၁) | မအူပင် | မအူပင် |
| ၁၇၀ | မမေဖုန်းဇော် | အထက(၂) | ညောင်တုန်း | မအူပင် |
| ၁၇၁ | မောင်အောင်ဇင်မင်း | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မသဇင်ဖူးလှိုင် | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၃ | မောင်ဟိန်းသန့်ဆွေ | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၄ | မအေးအိအိအောင် | အထက(၁) | လယ်ဝေး | ဒက္ခိဏ |
| ၁၇၅ | မောင်စံသာထွဋ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မငွေခြူးကေဇင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၆ ခုနှစ်၊ ဒသမတန်းဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အောင်ပြည့်ကျော် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်သီဟအောင် | အထက(၁) | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မမေမြတ်မိုး | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဝင်းလဲ့ဖြိုး | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်လင်းဝေယံ | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မနိုနိုလွင် | အထက(၁) | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ဟန်ဝင်းအောင် | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၈ | မမေဇင်ဦး | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်မဘုဖုန် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မဖုန်ရိခေါ်ရမ် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ထက်လှိုင်ထွန်း | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၂ | မမိုးသူဇာ | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၃ | မောင်ပြည့်ဖြိုး | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၄ | မအိအိခိုင်စိုး | အထက(၅)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၅ | ခွန်အားမာန်ဦး | အထက(၁) | ဘားအံ | ဘားအံ |
| ၁၆ | နန်းမိုးမေမီမြင့်သန်း | အထက(၃) | ဘားအံ | ဘားအံ |
| ၁၇ | မောင်မင်းခန့်အောင် | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မကောင်းထက်ထက်စံ | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၉ | မောင်ကျုံလျန်ထန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မအက်စတာဗန်ရွှေပါရ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ဒိုင်ခန့်မန် | အထက(၂)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၂ | မဟေရိုလင်လာလ်ရွှယ်မွေး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်ဟာရှိန်းကီး | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၄ | မလီမနား | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၅ | မောင်စိုးသက်မှူးဇော် | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၆ | မဆုရတီစိုး | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ဥက္ကာဆွေတင့် | မြပန်းသဇင်(ကပက) | ရေဦး | ရွှေဘို |
| ၂၈ | မောင်စိုးသီဟလင်း | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၉ | မဖူးမြတ်သွယ် | အထက(၂)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၀ | မမေသန့်စင်အောင် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၁ | မောင်ဘုန်းမိုးခန့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မဖြိုးသဥ္ဇာထက် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၃ | မောင်နေသူလှိုင် | အထက-ယင်းမာပင် | ယင်းမာပင် | မုံရွာ |
| ၃၄ | မခင်စွမ်းထက် | အထက-ယင်းမာပင် | ယင်းမာပင် | မုံရွာ |
| ၃၅ | မောင်ထက်နိုင်အောင် | အထက-ကောလင်း | ကောလင်း | ကသာ |
| ၃၆ | မောင်ဇွဲသက်နိုင် | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၇ | မကြည်မွေ့အိမ် | အထက-မော်လူး | အင်းတော် | ကသာ |
| ၃၈ | မနှင်းနှင်းအေး | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မောင်ကောင်းမြတ်အောင် | အထက(၁)ကလေး | ကလေး | ကလေး |
| ၄၀ | မဇင်မာအောင် | အထက(၁)ကလေး | ကလေး | ကလေး |
| ၄၁ | မအိကြည်ဖြူမင်း | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၂ | မသက်စုမှူး | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၄၃ | မောင်ပြည့်ဖြိုးမောင် | ထ(ခွဲ)စန္ဒား | ဖောင်းပြင် | ခန္တီး |
| ၄၄ | မောင်ကောင်းသက်ခန့် | အထက-မော်လိုက် | မော်လိုက် | ခန္တီး |
| ၄၅ | မောင်သူရိန်ဝင်းဟိန်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မခြူးဆက်စံသာ | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်ထက်အောင် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မောင်သားဦးစံ | အထက(ခွဲ)ပုလော | ပုလော | မြိတ် |
| ၄၉ | မမေမြတ်နိုးခင် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မအိကေကေဇင် | အထက(၁)ကော့သောင်း | ကော့သောင်း | မြိတ် |
| ၅၁ | မောင်အောင်ကောင်းမြတ် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၂ | မောင်ခူဝံဦး | အထက-သနပ်ပင် | သနပ်ပင် | ပဲခူး |
| ၅၃ | မသဥ္ဇာဆွေ | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မသဥ္ဇာမြင့်မြတ် | အထက(၁)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၅ | မောင်ပြည့်ထူးခန့် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်သက်မင်းဟန် | အထက-ဝဲကြီး | ဖြူး | တောင်ငူ |
| ၅၇ | မမြတ်မိုမိုအောင် | အထက-ဝဲကြီး | ဖြူး | တောင်ငူ |
| ၅၈ | မခင်သီတာထွန်း | အထက(၁)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၉ | မောင်သက်ခိုင်ထွန်း | အထက-အင်းမ | သဲကုန်း | ပြည် |
| ၆၀ | မောင်မင်းသွေးပိုင် | အထက-ပေါင်းတလည် | ပြည် | ပြည် |
| ၆၁ | မပိုးနှင်းဖြူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၂ | မအိမွန်ခိုင် | ကပက-ကဝိစည်သူ | သဲကုန်း | ပြည် |
| ၆၃ | မောင်ဟိန်းထက်နိုင် | အထက-ပန်းတင် | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၄ | မောင်ကောင်းမြတ်ကျော် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၆၅ | မအိန္ဒြေ | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၆၆ | မခင်စောနွယ် | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၇ | မောင်ခန့်စည်သူအောင် | အထက(၃)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၈ | မောင်ထက်နိုင်ကို | ပညာနန်းတော်(ကပက) | မကွေး | မကွေး |
| ၆၉ | မရတနာဖြိုးနိုင် | ဒီဝေလျှံ(ကပက) | မကွေး | မကွေး |
| ၇၀ | မရွှေယမင်းဦး | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၇၁ | မောင်ထက်ဝေယံလင်း | UHW (ကပက) | စလင်း | မင်းဘူး |
| ၇၂ | မသပြေဦး | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၇၃ | မောင်ပြည့်စုံအောင် | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မအိထက်ချို | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်အဏ္ဏဝါရာဇာ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၆ | မောင်ထက်လင်းဝေ | အထက-မင်းလှ | မင်းလှ | သရက် |
| ၇၇ | မဝါဝါဝင်း | အထက-ပြလို့၊ အောင်လံ | အောင်လံ | သရက် |
| ၇၈ | မခင်ကောင်းပြည့် | အထက(၁)သရက် | သရက် | သရက် |

*စာမျက်နှာ ၁၉ သို့*

စာမျက်နှာ ၁၈ မှ

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၇၉ | မောင်ရဲမြတ်ဟိန်း | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၈၀ | မအိအိမျိုး | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ရှိုင်းဝဏ္ဏကျော် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်ကျော်ထက်ခိုင် | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မဖူးပွင့်အောင် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မခင်ထက်ထက်စိမ်း | ဆု(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်စွမ်းပြည့်ဘုန်းနိုင် | စိုးစံ(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မယဉ်မင်းကျော် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်မင်းမင်းထက် | အထက-ဒါးရဲကောင်း | မြစ်သား | ကျောက်ဆည် |
| ၈၈ | မသန္တာထွန်း | အထက-ချောင်းခွ | တံတားဦး | ကျောက်ဆည် |
| ၈၉ | မောင်ရှိုင်းမော်အံ့ | အထက(၁) | မြင်းခြံ | မြင်းခြံ |
| ၉၀ | မသီရိမြတ်စု | အထက(၁) | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ကောင်းဆက် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မအေးသီခိုင် | အထက(၂) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ဘုန်းမြတ်ငြိမ်း | အထက(၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မခိုင်ချင်းချင်းစိုး | အထက(၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ဝင်းကိုအောင် | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မအိဖြူဖြူသန့် | အထက(၁) | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ဥက္ကာကျော် | အထက(၆)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်ကောင်းဆက်စံ | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၉၉ | မကြယ်စင်ဖြိုးဖြိုးကျော် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မချောမီမီထွန်း | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၁၀၁ | မောင်စောရှင်းခန့် | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မယွန်းဖြူဖြူ | အထက(ခွဲ)ကျွဲခြံ | ပေါင် | သထုံ |
| ၁၀၃ | မောင်ကျော်ဝင်းထွန်း | အထက-ပေါက်တော | ပေါက်တော | စစ်တွေ |
| ၁၀၄ | မခင်ထက်ထက်ကျော် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဇေယျာဝင်းတင့် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၀၆ | မစိုးအေးသိန်း | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်ဘုန်းပြည့်ကျော် | ထ(ခွဲ)၊ လ(၁)မောင်တော | မောင်တော | မောင်တော |
| ၁၀၈ | မအေးမြတ်ဝေ | ထ(ခွဲ)၊ လ(၁)မောင်တော | မောင်တော | မောင်တော |
| ၁၀၉ | မောင်စိုးနေရ | ထ(ခွဲ)၊ လ(၂)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မမြတ်သဇင် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၁ | မောင်ဖြိုးဝေဦး | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မမေသက်ခိုင် | အထက(၁)သံတွဲ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်သီဟကျော်စွာ | အထက(၃) | ဒဂုံ(မြောက်) | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဝေဖြိုးအောင် | အထက(၁) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၅ | မောင်အောင်ပြည့်ကျော် | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၁၁၆ | မကျော့ရတီခင် | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၇ | မသူသူဇော် | အထက(၁) | တာမွေ | အရှေ့ပိုင်း |
| ၁၁၈ | မဖြိုးအိခိုင် | အထက(၁) | သာကေတ | အရှေ့ပိုင်း |
| ၁၁၉ | မောင်မြင့်မြတ်အောင် | အထက(၅) | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်ထင်လင်းအောင် | အထက(၂) | လှိုင် | အနောက်ပိုင်း |
| ၁၂၁ | မထက်ယမင်းအောင် | အထက(၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၂၂ | မခင်ဦးကုံ့ကော် | အထက(၂) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၃ | မောင်လွင်ဘိုဦး | အထက(၁) | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်မင်းမြတ်နိုင် | အထက(၁) | ခရမ်း | တောင်ပိုင်း |
| ၁၂၅ | မခင်နှင်းထက်ခိုင် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မဆုအိထာ | အထက-နတ်စင်ကုန်း | ကော့မှူး | တောင်ပိုင်း |
| ၁၂၇ | မောင်ဝေယံသန်းထိုက် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၈ | မောင်အောင်မြင့်မြတ် | အထက(၂) | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၂၉ | မနှင်းစက်လှိုင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မအေးချမ်းဖြိုး | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၁ | မောင်အောင်ခိုင်ဖြိုး | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၂ | မောင်ကောင်းမြတ်နိုင် | အထက-ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၃၃ | နန်းဆုစန္ဒီမျိုးအောင် | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မအိအိဖြိုး | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၃၅ | မအိသဥ္ဇာဦး | ထ(ခွဲ)(၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်စိုင်းပန့်နော်ဆိုင် | ထ(ခွဲ)(၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မောင်အောင်ဇင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မအားဝူမေ | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၉ | မောင်ဇော်ထက်လှိုင် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | နန်းဟန်လင်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်စောထူးစေး | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်မင်းသက်ခိုင် | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၃ | မနော်ဇွန်ပွင့်ဦး | ထ(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနှင်းသဇင်မြိုင် | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | စိုင်းဇင်မင်းထိုက် | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၆ | မောင်လွင်ကိုအောင် | အထက-ကံကြီး | နောင်ချို | ကျောက်မဲ |
| ၁၄၇ | မဝင်းပပအောင် | အထက(၂)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မကျော့ယမင်းခိုင် | အထက(၁)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | စိုင်းစံထွန်း | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မခေါစိုင်း | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်သူရမိုးမြင့် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၂ | မနန်းခမ်းလိတ် | အထက-မိုင်းကိုး | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၃ | မောင်ပြည့်ဖြိုးကျော် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၄ | မစုစုဆွေဇင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၁၅၅ | မောင်စောဂျီ | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၆ | မနန်းရည်မွန်အောင် | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၇ | မောင်ကောင်းထက်နိုင် | အထက(၆) | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ရှိုင်းရဲကျော် | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၅၉ | မခင်သူသူလွင် | အထက-ငါးသိုင်းချောင်း | ရေကြည် | ပုသိမ် |
| ၁၆၀ | မစုဇွန်ဇော် | အထက(၆) | ပုသိမ် | ပုသိမ် |
| ၁၆၁ | မောင်ကောင်းထက်စံ | အထက(၃) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၂ | မောင်နေအောင်ရဲရင့် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၃ | မဇင်မေသိမ့် | အထက-မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မထက်အိန္ဒြာလင်း | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မောင်ပိုင်ခန့်ကျော် | မဟာ(ကပက) | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မအေးနန္ဒာကို | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၇ | မောင်လင်းထက်အောင် | အထက(၂) | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မသည်းအိမ်စည် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ဟန်လင်းအောင် | အထက(၁) | မအူပင် | မအူပင် |
| ၁၇၀ | မဖြူဖြူခိုင် | အထက-ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၇၁ | မောင်အောင်ကျော်ခန့် | အထက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၂ | မသက်စုစုအေး | အထက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၃ | မောင်အာကာကျော်ကိုကို | အထက(၁) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၄ | မမေမီမျိုး | အထက(၁၁) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၅ | မောင်အောင်ကျော်ကျော် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မအိဇင်မျိုး | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## တန့်ယန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တန့်ယန်း မတ် ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲကို မတ် ၁၂ ရက် နံနက်ပိုင်းက ဆင်များရှင် ဆုတောင်းပြည့်ဘုရားကုန်းတော်မြတ်၌ ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပွဲကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒု-ဥက္ကဋ္ဌ ဗိုလ်ကြီးစောနေအောင်(ငြိမ်း) ဦးဆောင်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဆင်များရှင် ဆုတောင်းပြည့်ဘုရားကုန်းတော်မြတ်သို့ တက်ရောက်ရာလမ်းတစ်လျှောက်ရှိ စောင်းတန်းဘေးမှ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားရင်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက် ကုသိုလ်ပြုကြကြောင်း သိရသည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

## နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ဌာနချုပ်) တို့ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဖွင့်ပွဲအား မတ် ၁၄ ရက်က ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသည် ယာဉ်တိုက်မှုဖြစ်ပွားရာမှ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုပေးခြင်းဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရသည့်အတွက် ပြည်သူများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်၍ ဒဏ်ရာရသေဆုံးသူများမှာ အချိန်မီဆေးရုံသို့ ပို့ပေးနိုင်မှု မရှိခြင်းတို့ကြောင့် သေဆုံးခဲ့သူများရှိသလို ရှေးဦးပြုစုခြင်းဖြင့် ပြန်လည်ကောင်းမွန်လာသူများလည်းရှိကြောင်း၊ ရှေးဦးပြုစုခြင်းမရှိသည့်အတွက် ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲခိုင်က ပြောကြားခဲ့သည်။



အဆိုပါ သင်တန်းသို့ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများအား ဆိုလာပစ္စည်းများ ပေးအပ်ပြီးစီး

**ပြင်ဦးလွင် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာတိုင်း မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် Talent and Technology Co.,Ltd. နှင့် ပူးပေါင်းကာ တွင်းငယ်ကျေးရွာတွင် ဆိုလာ ၂၂ စုံ၊ စည်သာကျေးရွာတွင် ၇၆ စုံ၊ သပြေကုန်းကျေးရွာတွင် အစုံ ၅၀၊ တောင်ကြီးကျေးရွာတွင် ၂၉ စုံ၊ နားလင်းကျေးရွာတွင် ၈၆ စုံ၊ သရက်ချောင်းကျေးရွာတွင် ၁၃၃ စုံ စုစုပေါင်း ၃၉၆ စုံတို့ကို ကျေးရွာနေပြည်သူများထံ အရောက်ပေးအပ်နိုင်ခဲ့ပြီဖြစ်သဖြင့် အဆိုပါကျေးရွာများတွင် ရာနှုန်းပြည့် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# ယူရိုပါလိဂ် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပေးမယ့် မန်ယူနဲ့ လီဗာပူးတို့ ပွဲစဉ်

**မိုးမြင့်လင်းလက်**




ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်တွေကို မတ် ၁၈ ရက်မှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပရိသတ်အကြိုက် ဖြစ်လာဦးမယ့်ပွဲကတော့ မန်ယူနဲ့ လီဗာပူးတို့ပွဲဖြစ်ပြီး မန်ယူ ပရိသတ်တွေရဲ့ မျှော်လင့်ချက် ရှင်သန်ခွင့်ရှိဦးမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စပါးနဲ့ ဒေါ့မွန်တို့ပွဲကလည်း ပရိသတ်တွေအတွက် ရင်ခုန် စိတ်လှုပ်ရှားစရာတွေ ပေးစွမ်းဦးမှာ သေချာနေပြန်ပါတယ်။

**မန်ယူနှင့် လီဗာပူး**

ပထမအကျော့ လီဗာပူးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ မန်ယူတို့အတွက်တော့ အိမ်ကွင်းမှာ ရင်ပူစရာပွဲအဖြစ် လက်ခံကစားရမှာဖြစ်ပါတယ်။ ပြိုင်ပွဲအသီးသီးမှာ အခုတလော ရှုံးပွဲတွေနဲ့ ကြုံတွေ့နေရတဲ့ မန်ယူဟာ အခုပွဲကို အကောင်းဆုံးပြင်ဆင်မှုနဲ့ ဗျူဟာခင်းမှန်မှရပါတော့မယ်။ မန်ယူနဲ့ လီဗာပူးတို့ရဲ့ စုစုပေါင်း တွေ့ဆုံခဲ့မှုကိုကြည့်ရင် လီဗာပူးက ၇၉ ပွဲနိုင်ပြီး မန်ယူက ၆၄ ပွဲ နိုင်ကာ သရေပွဲ ၅၁ ပွဲဖြစ်ထားပါတယ်။ ဒီပွဲမှာ မန်ယူရဲ့ အိမ်ကွင်းအားထည့်မှုက အသာစီးရသွားနိုင်ပေမယ့် ပထမအကျော့ပွဲရလဒ်ကို ချေဖျက်ကျော်လွှားဖို့တော့ မလွယ်လောက်ပါဘူး။

**စပါးနှင့် ဒေါ့မွန်**

ပထမအကျော့ ဒေါ့မွန်ကွင်းမှာ စပါးတို့ သုံးဂိုးပြတ် ရှုံးပွဲကြုံထားပါတယ်။ စပါးရဲ့ လူငယ်တိုက်စစ်မှူးတွေက အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားနိုင်ပေမယ့် ပထမအကျော့ ပွဲရလဒ်က ဖိအားတော့ဝင်နေတာမို့ စပါးတို့ မျှော်မှန်းချက်ပြည့်ဝဖို့ မလွယ်ပါဘူး။ စပါးရဲ့အသင်းလိုက်ကစားပုံက ဒေါ့မွန်ကို ဟန်ချက်ပျက်တဲ့အထိ မဖြစ်စေနိုင်တာမို့ ဒေါ့မွန်တို့ပဲ နိုင်ပွဲဆက်ပြီး နောက်တစ်ဆင့်တက်လှမ်းသွားဦးမှာဖြစ်ပါတယ်။

**ဆီဗီလာနှင့် ဘေဆယ်**

ပထမအကျော့မှာ ဂိုးမရှိ သရေပွဲဖြစ်ထားတဲ့အတွက် ဒီပွဲမှာ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြပါလိမ့်မယ်။ ဆီဗီလာရဲ့ လက်ရှိခြေစွမ်းက ပုံမှန်ပြန်ရနေပြီး ခံစစ်အခြေပြုပြီး တိုက်စစ်ဖွင့် ကစားပါလိမ့်မယ်။ ဆီဗီလာရဲ့ အိမ်ကွင်းကြိုးစားမှုက ကောင်းမွန်ပြီး ဘေဆယ်တို့အတွက် ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဆီဗီလာမှာ တိုက်စစ်မှူးဗီတိုလို၊ ဂါမီရိုတို့က အားထားရသူတွေဖြစ်ပြီး ဂိုးလည်းရအောင် သွင်းနိုင်သူတွေဖြစ်တာမို့ အခုပွဲမှာ ဆီဗီလာတို့ အောင်ပွဲ ခံပါလိမ့်မယ်။

**အန်ဒါလက်ချ်နှင့် ရှက်တာဒိုးနက်**

ပထမအကျော့ ပွဲစဉ်မှာ အန်ဒါလက်ချ်တို့ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားပါတယ်။ အခုပွဲမှာ အန်ဒါလက်ချ်တို့က အိမ်ကွင်းလည်း ဖြစ်တဲ့အပြင် ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတဲ့အသင်းဖြစ်လို့ ရှက်တာဒိုးနက်တို့ မလွယ်ပါဘူး။ ယူကရိန်းကလပ် ရှက်တာဒိုးနက်တို့က ပြည်တွင်းလိဂ်မှာတော့ ထိပ်ဆုံးက ဦးဆောင်နေတာဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေမှာတော့ ကံမကောင်းတတ်ပါဘူး။ ဒီပွဲမှာ အန်ဒါလက်ချ်တို့ပဲ အောင်ပွဲခံပြီး နောက်တစ်ဆင့်တက်လှမ်းပါလိမ့်မယ်။

**ဗလင်စီယာနှင့် ဘီလ်ဘာအို**

ပထမအကျော့ပွဲစဉ်မှာ ဘီလ်ဘာအိုတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာတော့ ဗလင်စီယာတို့ ရှုံးကြွေးကို ပြန်ဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဗလင်စီယာကွင်းမှာဆိုရင် နည်းပြ ဂယ်ရီနဗီးက ခံစစ်အခြေပြု တိုက်စစ်ဆင်ကစားတဲ့ အခင်းအကျင်းနဲ့ ယှဉ်ပြိုင်လေ့ရှိတာမို့ ဘီလ်ဘာအို တိုက်စစ်မှူးတွေအတွက် ခက်ခဲမှာ သေချာပါတယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပြီး အနိုင်ဆိုတာလည်း ဗလင်စီယာတို့အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။

**လာဇီယိုနှင့် စပါတာပရပ်**

ပထမအကျော့ တစ်ဂိုးစီသရေပွဲဖြစ်ထားလို့ ဒီပွဲက ပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်။ လာဇီယိုတို့က အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပြနိုင်ပြီး ပြိုင်ဘက်ကို အနိုင်ယူနိုင်စွမ်းရှိတာမို့ စပါတာပရပ်တို့ မျှော်လင့်ချက် ပျက်ပြားသွားနိုင်ပါတယ်။ လာဇီယိုရဲ့ အသင်းလိုက် ကစားအားကောင်းမှုက အနိုင်ရလဒ်ကို ပုံဖော်သွားနိုင်ပါလိမ့်မယ်။ ။



## မန်ယူကို နိုင်အောင်ကစားပြီး အက်ဖ်အေဆီမီးတက်မယ်ဆိုတဲ့ ဝက်စ်ဟမ်း

မန်ယူနဲ့ ကစားတဲ့ အက်ဖ်အေဖလား ဆဋ္ဌမအဆင့် ပြန်ကန်ပွဲမှာ ဝက်စ်ဟမ်းအသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းနေကြောင်း ပေါလ်စခိုးလ်က ပြောဆိုလိုက်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ တနင်္ဂနွေနေ့က ကစားခဲ့တဲ့ပွဲမှာ တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့ပြီးနောက် ပေါလ်စခိုးလ်က ပြောဆိုလိုက်တာပါ။ စလာဗန်ဘီလစ်ရဲ့ ဝက်စ်ဟမ်းအသင်းဟာ အပ်တွန်ပတ်ခ် အိမ်ကွင်းမှာ မန်ယူကို အနိုင်ယူပြီး အဲဗာတန်၊ ခရစ္စတယ်ပဲလေ့စ်နဲ့ ဝက်စ်ဖို့ဒ်တို့နဲ့တူ ဆီမီးတက်နိုင်လိမ့်မယ်လို့ ယုံကြည်ထားကြောင်း ပေါလ်စခိုးလ်က ဆိုပါတယ်။ ယူရိုပါလိဂ်မှာ လီဗာပူးကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ မန်ယူနည်းပြကို ဝေဖန်မှုများ ပြင်းထန်နေသော်လည်း ပြန်ကန်ပွဲမှာ ဝက်စ်ဟမ်းအသင်းက အလေးသာသွားနိုင်တယ်လို့ ပေါလ်စခိုးလ်က ယုံကြည်ထားပါတယ်။ ဧည့်အသင်း ဝက်စ်ဟမ်းအတွက် ပေယက်က ဦးဆောင်ဂိုးသွင်းခဲ့ပေမယ့် မာရှယ်က နောက်ကျဂိုးသွင်းခဲ့တာကြောင့် သရေပွဲဖြစ်ခဲ့တာပါ။

**ကောင်းမြတ်သူ-စုစည်းသည်။**


## လက်ကျန် သုံးပွဲအလိုမှာ လက်စတာဖလားရနိုင်




ပရီမီယာလိဂ်မှာ ငါးမှတ်အသာရထားတဲ့ လက်စတာအသင်းဟာ လက်ကျန်ပွဲ သုံးပွဲအလိုမှာ ဖလားရယူနိုင်လိမ့်မယ်လို့ မန်ယူနည်းပြဟောင်း ဆာအလက်ဖာဂူဆန်က ဟောကိန်းထုတ်လိုက်ပါတယ်။

လက်စတာအသင်း အနေနဲ့ လာမယ့် ဧပြီ ၂၄ ရက်မှာ ဖလားရမှာ ဖြစ်ပါတယ်လို့ ဖာဂူဆန်က ဆိုပါတယ်။ လက်စတာအသင်းအနေနဲ့လည်း ပထမဆုံး ပရီမီယာလိဂ်ဖလားကို ရယူနိုင်ဖို့ မျှော်လင့်နေပါတယ်။ ဖာဂူဆန်ဟာ အိုးလ်ထရက်ဖို့ဒ်မှာ လိဂ်ဖလား ၁၃ လုံး ရယူပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ အသက် ၇၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖာဂူဆန်ဟာ အသင်းတစ်သင်းကို ဖလားရအောင် ကိုင်တွယ်ရာမှာ ကျွမ်းကျင်သူပီပီ ဖလားရနိုင်ခြေကိုလည်း ခန့်မှန်းနိုင်သူဖြစ်တယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ လက်စတာအသင်းကို လက်ကျန်ပွဲ သုံးပွဲအလိုမှာ ဖလားရမယ်လို့ ဆိုပါတယ်။

## ပရီမီယာလိဂ်ဖလားရဖို့ လက်မလျှော့ဘူးဆိုတဲ့ မန်စီးတီး



မန်စီးတီးအသင်းအနေနဲ့ နော့ဝှစ်ချ်ကို ဂိုးမရှိသရေပွဲနဲ့ အဆုံးသတ်ခဲ့ရပေမယ့် ဖလားရဖို့ အလျှော့ပေးမှာမဟုတ်ဘူးလို့ နည်းပြ ပယ်လီဂရီနီက ပြောဆိုလိုက်ပါတယ်။ “ကျွန်တော်တို့အသင်းဟာ ထိပ်ဆုံးရောက်နေတဲ့ လက်စတာနဲ့ ကိုးမှတ်ကွာနေတာဟုတ်ပါတယ်။ ဒါပေမယ့် လက်ကျန်ပွဲ ကိုးပွဲတောင်ကစားဖို့ ကျန်နေသေးတယ်။ ဒီအတွက် ဖလားရဖို့ ကျွန်တော်တို့ လက်လျှော့ပေးမှာ မဟုတ်ပါဘူး”လို့ နည်းပြ ပယ်လီဂရီနီက ဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ လက်ကျန်ပွဲတွေမှာ နိုင်ပွဲတွေရဖို့ လိုအပ်နေတယ်လို့ သူက ဆိုပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အဓိက ကစားသမားတွေ ပါဝင်နေပေမယ့် အဂူရို ခြေစွမ်းမပြနိုင်တဲ့အတွက် တန်းဆင်းဇုန်ရောက် နော့ဝှစ်ချ်ကိုပင် အနိုင်ရအောင် ကစားနိုင်စွမ်းမရှိဘဲဖြစ်နေပါတယ်။ အောက်တိုဘာလနောက်ပိုင်း နှစ်ပွဲဆက်တိုက် အနိုင်ရပြီးနောက် နိုင်ပွဲဆက်မှု နည်းပါးနေပါတယ်။

# ဒလမြို့နယ်သို့ သောက်သုံးရေ ဂါလန် ၁၄၀၀၀ လှူဒါန်း

**ဒလ မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်မှ ဒေသခံပြည်သူများအား အင်းစိန်မြို့နယ်မှ စေတနာအလင်းတန်း ပရဟိတအဖွဲ့က သောက်သုံးရေ ဂါလန် ၁၄၀၀၀ ကို ရေသယ်ယာဉ် ခုနစ်စီးဖြင့် မတ် ၁၃ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စေတနာအလင်းတန်း ပရဟိတအဖွဲ့မှ ဦးတင်နုက "အုံကြီးအနောက်နဲ့ လမ်းတစ်လျှောက် ရပ်ကွက်တွေရယ်၊ ဒီမှာက ကျန်စစ်သားရပ်ကွက်ရယ်၊ နောက်ပြီး မှော်စက်၊ တပင်ရွှေထီးနဲ့ ကမာကသွယ် ရပ်ကွက်တွေမှာ ကျွန်တော်တို့အဖွဲ့က သောက်ရေ ဂါလန် ၁၄၀၀၀ ကို လှူဒါန်းခဲ့ပါတယ်။ ဒီအလှူက ကျွန်တော်တို့အဖွဲ့ရဲ့ ပဋ္ဌမမြောက်အလှူပါ"ဟု ပြောသည်။

ဒလမြို့နယ်သည် နွေရာသီရောက်တိုင်း သောက်ရေရှားပါးမှု ကြုံတွေ့ရသဖြင့် အလှူရှင်များက သောက်သုံးရေများကို နှစ်စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

စေတနာအလင်းတန်း ပရဟိတအဖွဲ့ကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဝန်ထမ်းများနှင့် စေတနာရှင်များ စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ကာ ယခုနှစ်တွင် ရန်ကုန်မြို့ သုခရိပ်မြုံ၊ ပဲခူးမြို့ အောင်စေတီကျောင်းတိုက်၊ သံလျင်မြို့ ရှမ်းကြီးတောရ ကျောင်းတိုက်နှင့် လှည်းကူးမြို့ ဇေယျာရွှေတောင်ကျောင်းတိုက်များတွင်လည်း အလားတူ သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**သန်းဌွေး(ဒလ)**





# ကြံခင်းမြို့ အောင်ဇမ္ဗူသိဒ္ဓိ ပြည်လုံးအေးစေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ကြံခင်း မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့ကျက်သရေဆောင် အောင်ဇမ္ဗူသိဒ္ဓိ ပြည်လုံးအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုနှစ် တပေါင်း ၁၃ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ကြောင်း သိရသည်။

ပွဲတော်ရက်များအတွင်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲ အစီအစဉ်များအပြင် ဇာတ်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲစသည့် အားကစားပွဲများကို ထည့်သွင်းသွားမည်ဖြစ်ရာ မြန်မာ့ရိုးရာပြိုင်ပွဲများဖြစ်သော နွားလှည်းနှင့် မြင်းပြိုင်ပွဲစသည့် ပြိုင်ပွဲများကိုလည်း ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေးအကျိုးဆောင်အဖွဲ့မှ သိရသည်။

**(၀၆၉)**




# ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများ၏ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ မူလတောင်သူများထံ ထုတ်ပေး

**မြိုင် မတ် ၁၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန အမှတ်(၂၅)အကြီးစားစက်ရုံက ပြန်လည်စွန့်လွှတ်သည့်မြေများမှ စိုက်ပျိုးမြေများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မူလတောင်သူများထံသို့ မတ် ၁၄ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး အမှတ်(၂၅)အကြီးစားစက်ရုံမှ ဒုတိယစက်ရုံမှူး ဒေါ်ခေါန်နူးမင်းနိုင်က သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ရေး ဆောင်ရွက်ခဲ့ပုံကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်ကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်အေးက သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ခြင်းကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးဦးစည်သူက လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်၊

ထို့နောက် စွန့်လွှတ်သည့်မြေ ၄၅၂၃ ဧကမှ စိုက်ပျိုးမြေ ၁၉၈၉ ၏ မူလပိုင်ရှင်များဖြစ်သော ဝက်ပုတ်ကျေးရွာ၊ ပေပင်တိုက်၊ သက္ကယ်ကန်၊ ချိုင်စောက်၊ကွန်လပ်ကျေးရွာနှင့်မြို့စိုးကျေးရွာများမှ မူလတောင်သူ ၄၈၄ ဦးထံသို့ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ထုတ်ပေးခဲ့သည်။

**စိန်မြိုင်(မြိုင်)**

# ခြံစည်းရိုးကာရန် သစ်၊ ဝါးများ ဈေးမြင့်တက်ပြီး ရှားပါးလာ သံဆန်ခါနှင့် ဘိလပ်မြေအုတ်တိုင်များ အရောင်းသွက်

**ရမည်းသင်း မတ် ၁၅**

ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများ၌ နေအိမ်ခြံဝင်းများ ကာရံရာတွင် သစ်၊ ဝါးများ ရှားပါးလာခြင်းကြောင့် သံဆန်ခါကွက်(ချိန်းလိပ်)များနှင့် ဘိလပ်မြေတိုင်များကို အသုံးပြု၍ တည်ဆောက်လာကြကြောင်း သိရသည်။

ယခင်က မြို့ပေါ်ရှိ ငွေကြေးတတ်နိုင်သူများအနေဖြင့် နေအိမ်ခြံစည်းရိုးများ ကာရံရာတွင် အုတ်တံတိုင်းကာရံခြင်း၊ ပျဉ်ပြားများဖြင့် ကာရံခြင်းများ ပြုလုပ်ခဲ့သော်လည်း ယခုအခါ သစ်သားဈေးနှင့် အုတ်ဈေးများ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းသက်သာပြီး တာရှည်ခိုင်ခံ့သော သံဆန်ခါကွက်များနှင့် ဘိလပ်မြေဖြင့်ပြုလုပ်ထားသည့်(ကွန်ကရစ်)တိုင်များကို အစားထိုးအသုံးပြုလာကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကျွန်းနှင့် ပျဉ်းကတိုးများမှာ တစ်တန်လျှင် ရှစ်သိန်းနီးပါးခန့် ရှိနေသော်လည်း အလွယ်တကူဝယ်၍ မရကြောင်း၊ အုတ်ခဲမှာလည်း ပွင့်လင်းရာသီတွင် ဈေးနှုန်းများ မြင့်တက်နေလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အလွယ်တကူ ဝယ်ယူရရှိသည့် သံဆန်ခါလိပ်များနှင့် ဘိလပ်မြေတိုင်များကို မြို့ပေါ်တွင် ခြံစည်းရိုးများကာရံခြင်းအတွက် အသုံးပြုလာသလို ကျေးရွာများတွင်လည်း သီးနှံများမပျက်စေရန် စိုက်ပျိုးမြေများကို ခြံခတ်ကာရံခြင်းများ ပြုလုပ်ရာ၌ သံဆန်ခါလိပ်များကို အသုံးပြုလာကြခြင်းဖြစ်ရာ သံဆန်ခါလိပ်များမှာ ရောင်းအားကောင်းနေကြောင်း ဆောက်လုပ်ရေးပစ္စည်းနှင့် ကုန်မာဆိုင်ရှင်များထံမှ သိရသည်။

ဝါးများမှာလည်း ယခင် နှစ်နှစ်ခန့်က ဝါးတစ်လုံးလျှင် ကျပ် ၁၀၀ မှ ၁၅၀ ခန့်သာ ရှိခဲ့ရာမှ ယခုအခါ ကျပ် ၄၀၀ မှ ၅၀၀ ခန့်အထိ ရှိနေသဖြင့် ရမည်းသင်းမြို့နယ်အတွင်းရှိ စပျစ်စိုက်ခင်းများတွင် ယခင်က ဝါးဖြင့် သွယ်တန်းခဲ့ရာမှ ယခုအခါ ဝါးအစား သံကြိုးများဖြင့် သွယ်တန်းစိုက်ပျိုးနေကြကြောင်း စပျစ်ခြံစိုက်ပျိုးနေသူတစ်ဦးက ပြောသည်။ ဝါးဈေးမြင့်တက်နေသဖြင့် ဝါးဖြင့်ပြုလုပ်သော ဝါးကပ်၊ ထရံများမှာလည်း ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

**(၀၃၅)**

# စိုက်ပျိုးရေးဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်း၌ မီးသတ်ပညာများပါ သင်ကြားပို့ချ

**မင်းတပ် မတ် ၁၅**

မင်းတပ်မြို့ စံပြရပ်ကွက်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော လုပ်ငန်းကျွမ်းကျင်မှုသင်တန်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ပညာများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူးဦးကီးထန်း မတ် ၁၄ ရက်က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကို မီးသတ်ဦးစီးဌာနက လူစုလူဝေးရှိတဲ့နေရာတွေမှာရောသီးသန့်အနေနဲ့ရော မီးသတ်ပညာပို့ချပေးခြင်းနဲ့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်တဲ့ပညာပေးခြင်းကို ပြုလုပ်ကြဖို့ ညွှန်ကြားထားပါတယ်။ အဲဒါကြောင့် အခုလို စိုက်ပျိုးရေးဦးစီးဌာနက လုပ်ငန်းကျွမ်းကျင်မှုသင်တန်းမှာ လာရောက်ပြီးတော့ မီးသတ်ပညာနှင့်ပတ်သက်တာတွေကို ဟောပြောတာဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးကီးထန်းက ပြောသည်။




ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း မင်းတပ်မြို့၌ မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည့်အတွက် ပြည်သူတိုင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာများ၊ ရရှိကြစေရန်နှင့် မီးလောင်မှုဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် အသိပညာပေးမှုများကို မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်နည်းများ အလုပ်ရုံဆွေးနွေး

**တန့်ဆည် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ပြည်သူများအနေဖြင့် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်နည်းများကို သိရှိစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ မတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးသူက အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်း၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ရဲခေါင်၊ စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်စိုးမင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဇော်သက်နိုင်နှင့် သစ်တောဦးစီးဌာနမှ ဦးဝေဖြိုးတို့က အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် ကျန်းမာရေး၊ ကျေးလက်ဒေသများ ရေရှားပါးပြတ်လပ်မှု မဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးကြိုတင်တားဆီးရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း သိလိုသည်များကို မေးမြန်းကာ လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

တန့်ဆည်မြို့နယ်အတွင်း၌ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များအတွက် ကြိုတင်စီမံမှုများနှင့် ပညာပေးမှုများကို ကျေးရွာများအထိ ကွင်းဆင်း၍ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညွန့်(တန့်ဆည်)**

# မင်းဘူးမြို့၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်

**မင်းဘူး မတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် ဧရာဝတီမြစ်အနောက်ကမ်းစပ်တွင် တည်ရှိပြီး မြို့ပေါ်ရပ်ကွက်လေးခုရှိကာ အိမ်ခြေ ၅၂၀၅ အိမ်၊ လူဦးရေ သုံးသောင်းခန့် မှီတင်းနေထိုင်လျက်ရှိသည်။ မင်းဘူးမြို့သည် မြန်မာနိုင်ငံတွင် အပူချိန်အများဆုံး မြို့များထဲတွင် တစ်မြို့အပါအဝင်ဖြစ်ပြီး သောက်သုံးရေရှားပါးသော မြို့တစ်မြို့ဖြစ်သည်။

မင်းဘူးမြို့တွင် မြေအောက်ရေတွင်းတူးသော်လည်း ကျောက်ကျောများခံနေခြင်း၊ အနက်ပေ များစွာတူးသော်လည်း ရေမထွက်ရှိခြင်း၊ မြေပြန့်ရပ်ကွက်များတွင် မြေအောက်ရေတွင်းတူးဖော်၍ ရေထွက်ရှိသော်လည်း ရေငန်များဖြစ်နေခြင်းနှင့် ထုံးခါတ်များနေခြင်းတို့ကြောင့် သောက်သုံးရေအခက်အခဲရှိခဲ့ရာ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများဖြစ်သည့် ကျောက်တန်းရေပေးရေး၊ မန်းရေနံရေပေးရေးနှင့် တာဘိုင်ရေပေးရေးတို့ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် မြို့ပေါ်လေးခု၌ အိမ်သွယ်ရေတိုင် ပေါင်း ၁၇၈၉ တိုင်၊ အများသုံးရေတိုင် ၃၇ တိုင်ဖြင့် နေ့စဉ် ရေဂါလန်ပေါင်း ၅ ဒသမ ၆ သိန်းခန့်ကို မြို့ရေပေးရေးမှ ဖြန့်ဝေပေးလျက်ရှိသည်။

နိုင်ငံ့အကြီးအကဲများ မင်းဘူးမြို့သို့ လာရောက်သည့် ခရီးစဉ်များတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ နှင့် မြို့မိမြို့ဖများက တိုးချဲ့ရေပေးဝေရေး ဆောင်ရွက်နိုင်ရန် အစဉ်တစိုက် တောင်းဆိုခဲ့ရာ ၂၀၁၅-ခုနှစ်တွင် ကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ခွင့်ပြုငွေရရှိခဲ့သဖြင့် မင်းဘူးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကိုဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းများအလိုက် တင်ဒါများခေါ်ယူဆောင်ရွက်ခဲ့သည်။

လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းကလည်းကောင်း၊ ရေတင်ပန့်များ တပ်ဆင်ခြင်းကို ဟန်စိန်သန့်ကုမ္ပဏီကလည်းကောင်း၊ ရေတင်ရေဖြန့်ဝေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို WWW ကုမ္ပဏီကလည်းကောင်း၊ ရေသန့်စင်တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်ဦးကုမ္ပဏီကလည်းကောင်း တင်ဒါရရှိခဲ့ပြီး တာဝန်ယူဆောင်ရွက်ခဲ့သည်။ တိုးချဲ့ရေပေးရေးလုပ်ငန်းများ ပြီးစီးပါက တာဘိုင်ရေစက်ရုံ၊ လိပ်တောင်ရေလှောင်ကန်၊ အောင်မြေရေလှောင်ကန်နှင့် အမှတ်(၂)ရပ်ကွက်ရှိ မြစ်ရေတင်တို့မှ တစ်ဆင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများအား သောက်သုံးရေ ဖူလုံစွာဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

တင်ဒါအောင်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများကို မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးရမည်ဖြစ်ကာ လုပ်ငန်းများပြီးစီးပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လွှဲပြောင်းလက်ခံရယူပြီး မြို့ပေါ်ရပ်ကွက်များ၌ အိမ်သွယ်ရေတိုင်များကို စတင်သွယ်တန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။



မင်းဘူးမြို့ တိုးချဲ့ရေပေးဝေရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများ ပြီးစီးနေမှုကို မတ် ၁၄ ရက်က တွေ့ရစဉ်။

မင်းဘူးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများပြီးစီးပါက ရေဖြန့်ဝေပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ရပ်ကွက်လေးခုမှ ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတို့က တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲများပြုလုပ်၍ ရှင်းလင်းပြောကြားကာ အိမ်သွယ်ရေတိုင်များ လျှောက်ထားနိုင်ရန်လည်း အသိပေးခဲ့ပြီးဖြစ်သည်။

အိမ်သွယ်ရေတိုင် တစ်တိုင်အတွက် ကျသင့်ငွေမှာ ရေမီတာနှင့် ဆက်စပ်ပစ္စည်းများအတွက် ကျပ် ၄၂၀၀၀၊ မှတ်ပုံတင်ကြေး ကျပ် ၃၀၀၀၀၊ ဆပ်မိန်းကိရိယာနှင့် လုံခြုံရေးတပ်ဆင်ခ ကျပ် ၂၅၀၀၀၊ စုစုပေါင်း ကျပ် ၉၇၀၀၀ ဖြစ်ကြောင်းနှင့် သွယ်တန်းရမည့် လမ်းအနေအထား အကွာအဝေးပေါ်မူတည်၍ ပိုက်များ သွယ်တန်းခြင်းအတွက် တစ်ပေလျှင် ကျပ်၄၀ နှုန်း၊ မြေတူးခ တစ်ပေလျှင် ကျပ် ၃၀၀ နှုန်း ကျသင့်မည်ဖြစ်ရာ အိမ်ရှင်ကိုယ်တိုင် မြေတူးခြင်းလုပ်ငန်းများကိုလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။

အဆိုပါကုန်ကျငွေများနှင့်ပတ်သက်၍ မှတ်ပုံတင်ကြေး ပေးသွင်းငွေ ၃၀၀၀၀ ကျပ်ကိုသာ အဖွဲ့ငွေစာရင်း(ဘဏ်)သို့ ပေးသွင်းရမည်ဖြစ်ပြီး ကျန်ကုန်ကျငွေများမှာ ကိုယ်ပိုင် ရေတိုင်ဆက်သွယ်သည့်နေရာတွင်သာ အကုန်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်းကုန်ကျငွေ ၉၇၀၀၀ ကျပ်ကို တစ်ကြိမ်တည်းသော်လည်းကောင်း၊ လေးကြိမ်ခွဲ၍သော်လည်းကောင်း ပေးသွင်းနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူက ပြောကြားသည်။ မတ် ၁၄ ရက်အထိ အိမ်သွယ်ရေတိုင်လျှောက်လွှာ ၆၀၀ ကျော်ခန့် လက်ခံရယူ၍ အိမ်သွယ်ရေတိုင်များ ဆက်သွယ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# သန်းခေါင်စာရင်းအချက်အလက်များ အသုံးချခြင်းဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ မင်းဘူး၌ပြုလုပ်

**မင်းဘူး မတ် ၁၅**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ အသုံးချခြင်းနှင့်ပတ်သက်၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၄ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မင်းဘူးခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးကျော်ဌေး(ဒုတိယညွှန်ကြားရေးမှူး)က အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသော သင်တန်းသားသင်တန်းသူများအား အစီရင်ခံစာအုပ်၊ စာစောင်များ ဝေငှပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာနှင့် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းမှ စီမံကိန်းမန်နေဂျာ ဦးဇော်မြင့်ထွန်းတို့က သန်းခေါင်စာရင်းအကြောင်းအရာ၊ စာရင်းကောက်ယူသည့်နည်းလမ်း၊ လူဦးရေဆိုင်ရာအချက်အလက်များ၊ လူမှုရေးဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေးဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ကလေးမွေးဖွားမှုနှင့် သေဆုံးမှုအကြောင်းအရာများ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ မသန်စွမ်းမှုအကြောင်းအရာ၊ အိမ်အကြောင်းအရာ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် သရုပ်ပြလေ့ကျင့်ခြင်း၊ ဆန်းစစ်ခြင်း စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးမေးမြန်းကြရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မင်းဘူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဂန့်ဂေါခရိုင်တွင် မတ် ၉ ရက်မှ ၁၁ ရက်အထိ ပြုလုပ်ခဲ့ပြီးဖြစ်ရာ သရက်ခရိုင်တွင်လည်း မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် တောင်ဘက် မိုင် ၂၀ ခန့် အကွာရှိ သက္ကယ်ချောင်းကျေးရွာ၌ သဘာဝရေကန်များ ရေနည်းနေသောကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ပေါက်မြို့နယ်မီးသတ်စခန်းမှ ဂါလန် ၁၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများကို မတ် ၁၃ ရက်က သွားရောက်လှူဒါန်းစဉ် ရေသယ်ယူရန် လာသော ပြည်သူများ။**

ခင်မာလာ(မကွေး)



# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ရန်ကုန် မတ် ၁၅**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ မတ် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကေလာသက ဩဝါဒမြွက်ကြားကာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း နာယကများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား ဒုဦးစီးမှူးဦးအောင်ကျော်သက်၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအေးပိုင်၊ မြို့နယ်သာသနာရေးမှူး ဦးကျော်စွာမြင့်နှင့် အဖွဲ့ဝင်များက နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်နှင့် သင်ကြားမည့်အကြောင်းအရာများကို ဆရာတော်အား လျှောက်ထားခဲ့သည်။

သင်တန်းတွင် ဆရာ၊ ဆရာမ ကိုးဦးက တာဝန်ယူသင်ကြားပေးမည်ဖြစ်ပြီး မြို့နယ်သံဃနာယကဆရာတော်၏ဩဝါဒဖြင့် တာဝန်ပေးအပ်သည့် သံဃာတော်များကလည်း ဝိုင်းဝန်းသင်ကြားပို့ချမည်ဖြစ်ရာ အထွေထွေဗုဒ္ဓဘာသာဗဟုသုတများကိုလည်း ပြင်ပမှစာရေးဆရာတစ်ဦးဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဘာသာရပ်တွင် ထည့်သွင်းသင်ကြားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို မတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေ့စဉ်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ သင်တန်းသား ၂၆၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# အဖေနေ့ ဖိတ်ခေါ်ကဗျာရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုစာရင်းထုတ်ပြန်ကြေညာ

**မန္တလေး မတ် ၁၅**

မန္တလေးမြို့၌ အဖေနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အလွတ်တန်းဖိတ်ခေါ်ကဗျာရှည်ပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများမှ ဆုရရှိသူများစာရင်းကို အဖေနေ့ စာပေပြိုင်ပွဲ ဆုရွေးချယ်ရေးအဖွဲ့မှ မတ် ၁၃ ရက်က စာရင်းထုတ်ပြန်ထားသည်။ ကဗျာရှည်ပြိုင်ပွဲတွင် ကမ္ဘာကျော်(မန္တလေး)၊ ဆွေဇင်မြင့်ဝင်း(ပညာရေး)နှင့် အထဝါစိုး(မန္တလေး)တို့က ပထမ၊ ဒုတိယ၊ တတိယဆုများရရှိပြီး နှစ်သိမ့်ဆု(၁)(၂)နှင့် (၃)ကို ညီဝမ်း(မန်းမြေ)၊ ဗေဒါလမ်းမှ ရေချမ်းနှင့် လင်းလက်သောသူတို့က ရရှိသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ချိုလေး(ကူမဲ)၊ ဒေါင်းဏီ(မြန်မာပြည်)နှင့် လင်းသူရိယနွယ်တို့က ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိပြီး နှစ်သိမ့်ဆု(၁)မှ (၁၂)အထိကို ညီမေတ္တာ(အမရပူရ)၊ ရဲမာန်အောင်လံ၊ ယွန်းသန့်နိုင်၊ မောင်အင်း(ဥက္ကံ)၊ မွန်ဆွန်း၊ စံရတီ၊ အထွန်း(တမာမြေ)၊ ထန်းတပင်စန်းလွင်၊ ရွှေလဝန်း၊ ပြည့်မှူးပိုင်(ရန်ကုန်စီးပွားရေး)၊ မိုးစနေနှင့် ရွှေကျွန်းခိုင်သစ်တို့က ရရှိသည်။

ဆုချီးမြှင့်ပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး ဗိမာန်၌ မတ် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## သတင်းတိုများ

### လေရှီးမြို့ရေပေးဝေရေးလုပ်ငန်းများပြီးစီးသဖြင့်ဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လေရှီးမြို့၌ ဆောင်ရွက်ခဲ့သော မြို့ရေပေးဝေရေးလုပ်ငန်းများ ပြီးစီးသဖြင့် မတ် ၁၀ ရက်က ဖွင့်ပွဲကျင်းပရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူး၊ ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိ ဦးဆန်းမိုးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကရှီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား**

### ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာအုပ်စု သက္ကယ်ချောင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လူမှုရေးဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရ၏ ဦးဆောင်ကူညီမှုဖြင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၂၂၀ မှ လူဦးရေ ၁၀၀၀ ကျော်၏ လူနေမှုများ တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်/ဆက်)**

### BBMA အသင်းကြီးပိဋကတ်အလှူတော်ကျင်းပ

မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး (BBMA)၏ (၉၃) ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပဋကနိကာယကျောင်းတော်၌ ဩဝါဒါဆရာတော်ကြီးများဖြစ်သော ယောဆရာတော်၊ မော်ကျွန်းဆရာတော်နှင့် မြင်းခြံဆရာတော်ကြီးများကို အမှူးထား၍ ကျင်းပခဲ့ကာ ၂၀၁၅ ခုနှစ် တိပိဋကရေစာအောင်သံဃာနှစ်ပါး၊ အခြား စာအောင်သံဃာ အပါး ၆၀ နှင့် သီလရှင်ခြောက်ပါးတို့အား ပိဋကတ် တော် ကျမ်းစာအုပ်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်မြင့်သန်း(လမ်းမတော်)**

### ဧပြီ(၁)ရက် ငွေကျပ် ၂၀၀တန်ထီဖွင့်မည်

(၃၂၇)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဧပြီ ၁ ရက်(သောကြာနေ့)နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ကျပ်သိန်း ၅၀(၂၀)ဆု၊ ကျပ် ၂၅ သိန်း(၂၀)ဆု၊ ကျပ် ၁၀ သိန်း(၃၀)ဆု၊ ကျပ် ၅သိန်း(၃၄)ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံးတူ (၁၀)ယူနစ်အတွက် ကျပ် သုံးသိန်း(၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံးတူ (၁၀)ယူနစ်အတွက် ကျပ် နှစ်သိန်း(၁၀၀၀)ဆု၊ အက္ခရာနှင့်ရှေ့ဂဏန်း (၃)လုံးတူ (၉)ယူနစ်အတွက် ကျပ် တစ်သိန်း (၉၀၀၀)ဆုနှင့်အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးတူ(၃)ယူနစ်အတွက် ကျပ် ငါးသောင်း (၃၀၀၀၀)ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

### သံတွဲမြို့နယ်အတွင်းကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် အဖွဲ့သည် မတ်လဒုတိယပတ်က သံတွဲမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၅ ဒသမ ၂၃ သန်းဖြင့် အောင်လဝန်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိသည့် အလယ်တောင်-ခမောင်းတုန်း (၁/၄) မိုင် လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက အလယ်တောင်ရွာနှင့် ခမောင်းတုန်းကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများကို များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အရာတော်မြို့နယ်တွင် ပရမ်းပကား(ဟသ်ာ)တံတား ဖွင့်လှစ်

**အရာတော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဟသ်ာကျေးရွာနှင့် ဒီပဲယင်းမြို့နယ် ဖုတ္တန်းတောကျေးရွာကြား ဆက်သွယ်ထားသော ပရမ်းပကားချောင်းကူး ဟသ်ာတံတားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ မတ် ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

"ဒီတံတားက အရာတော်ကနေ ရွှေဘိုဖြတ်လမ်းလို့ ပြောလို့ရပါတယ်။ တံတားကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ဒေသထွက်ကုန်တွေကို သယ်ယူရေးလုပ်ငန်းတွေမှာ အသုံးပြုရတယ်၊ အရင် တံတားဟောင်းတုန်းက ချောင်းရေတိုက်စားလိုက် ယာယီကူးအနေနဲ့ ပြန်ပြင်လိုက်၊ ရေကပြန်တိုက်စားသွားလိုက်နဲ့ အတော်ကို အခက်တွေ့တာပေါ့။ ယခုလို တိုင်းဒေသကြီး အစိုးရအဖွဲ့က အသစ်တည်ဆောက် ဖွင့်လှစ်ပေးလိုက်တော့ ဒီတံတားကို အမှီပြုသွားလာနေကြရတဲ့ ကျွန်တော်တို့ရွာနဲ့ ပတ်ဝန်းကျင်က ကျေးရွာတွေက ပြည်သူတွေလည်း ဝမ်းသာနေကြတယ်"ဟု ဟသ်ာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ပရမ်းပကား(ဟသ်ာ)တံတားသည် အရာတော်မြို့နယ် ဟသ်ာကျေးရွာအနီးတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ် သစ်သားကြမ်းခင်းဖြစ်ပြီး အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ပေ ၂၀ ရှိကာ တံတား ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တာချီလိတ်၌ မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်

**တာချီလိတ် မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို မယ်ခေါင်ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်လီမိတက်၊ တာချီလိတ်(၂) မယ်ခေါင်ဘဏ်ခွဲ၌ မတ် ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ကိုကိုက မီးလောင်ကျွမ်းမှုအမျိုးအစားများအကြောင်း၊ မီးအတန်းအစားများ ခွဲခြားခြင်းနှင့် မီးငြိမ်းသတ်ခြင်းများ၊ မီးစတင်လောင်သည့်အကြောင်းရင်းများ၊ မီးသတ်ဆေးဘူးများ၏ အသုံးဝင်ပုံအမျိုးမျိုး၊ အိမ်တွင်းမီးဘေးလုံခြုံရေးနှင့် လျှပ်စစ်မှ စတင်မီးလောင်ကျွမ်းနိုင်သည့်အကြောင်းရင်းများကို ဟောပြောပြီး မီးဘေးလုံခြုံရေးပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းကို တာချီလိတ်မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကမ္ဘောဇဘဏ်ဝန်ထမ်းများ ပူးပေါင်းပြုလုပ်ခဲ့ပြီး အသေးစားမီးလောင်မှုကို မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုဖြစ်စဉ် ပေါ်ပေါက်ပါကများယွင်းသော နည်းလမ်းများဖြင့် မီးငြိမ်းသတ်ခြင်း၊ အမြှုပ်မီးငြိမ်းသတ်ဆေးရည်၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြခြင်း စသည်တို့ကို လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ရေး မတ် ၁၅**

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အမှတ်(၅) မူလတန်းလွန်ကျောင်း၌ တည်ဆောက်ပြီးစီးသော ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးဦးစီးဌာနသို့ မတ် ၁၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူကြိုကျောင်းဆောင်သစ်သည် steel structure တစ်ထပ်အဆောက်အအုံဖြစ်ကာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၂၁ ဒသမ ၆ သန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် တာဝန်ယူတည်ဆောက် ခဲ့သော ထူးပြည့်သုခဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးဖုန်းယုမောင်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ် ပညာ ရေးမှူး ဒေါ်မိုးမိုးအေးထံ ပေးအပ်ခဲ့သည်။

**နေမျိုးထွဋ်(ရေး)**




# မင်းတပ်မြို့ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းအလှူခံ၍ ရရှိငွေများအား မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်

**မင်းတပ် မတ် ၁၅**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၃ ရက်က မင်းတပ်မြို့ စည်ပင်ဈေးမီးလောင်မှုတွင် မီးဘေးသင့်သည့် ပြည်သူများအား လှူဒါန်းရန် လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် မင်းတပ်မြို့ပေါ်ရှိပြည်သူများထံမှ ကောက်ခံရရှိထားသည့် အလှူငွေများကို မတ် ၁၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းတပ်မြို့ ကုမ်သီခန်းမ၌ ပြုလုပ်သည့် အလှူငွေများပေးအပ်ပွဲတွင် မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ အလှူငွေများကို ကောက်ခံစုဆောင်းပေးကြသော မင်းတပ်မြို့ ပရဟိတအသင်းများမှ လူငယ်များနှင့် မီးဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြပြီး မီးဘေးသင့်ခဲ့သော ဆိုင်ခန်း ၄၁ ခန်းနှင့် အိမ်ထောင်စု ၂၈ စုအတွက် အလှူငွေ ၁၂၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။ မီးဘေးသင့်ပြည်သူများကို ထောက်ပံ့နိုင်ရေးအတွက် မင်းတပ်မြို့အတွင်းရှိ လူမှုရေးအဖွဲ့များပူးပေါင်းပြီး အလှူငွေများကောက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# မြဝတီမြို့ မြစန္ဒီပန်းခြံအတွင်း မြေသားမြှင့်တင်



**မြဝတီ မတ် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ မိုးရွာပါက ရေတင်ရေဝပ်မှု မရှိစေရန် မြေဖို့၍ မြေသားများ မြှင့်တင်လျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိအနေအထားအရ မိုးရွာပြီးလျှင် ရေတင်ရေဝပ်မှုများရှိကာ ဗွက်များဖြစ်ပေါ်နေခြင်းကြောင့် မတ် ၁၄ ရက်မှစ၍ မြေသယ်ယာဉ်များဖြင့် မြေသားများသယ်ယူပြီး မြေဖို့နေခြင်းဖြစ်ကြောင်း၊ အမြင့် ထုကိုးလက်မအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသန်းရွှေက ပြောသည်။

မြစန္ဒီပန်းခြံအတွင်း ဒေသခံပြည်သူများအနားယူနိုင်ရန် အပန်းဖြေနေရာများလည်း ထပ်မံဆောင်ရွက်လျက်ရှိကြောင်း၊ နေ့ထူးနေ့မြတ်များတွင် အခမ်းအနားများ ကျင်းပနိုင်ရန်အတွက် ပုံသေစင်မြင့် တည်ဆောက်နေမှုကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မလှိုင် မတ် ၁၅**

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မလှိုင်မြို့မ စည်ပင်သာယာဈေးအတွင်းရှိ ဈေးခေါင်းရုံး၌ မတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က ဟောပြောပွဲကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးသန်းနိုင်က ဈေးသူ ဈေးသားများအနေဖြင့် မိမိတို့ရောင်းချသော ကုန်ပစ္စည်းများတွင် အမှတ်တံဆိပ်၊ ထုတ်လုပ်သူအမည်၊ ကုမ္ပဏီအမည်၊ နောက်ဆုံးသုံးစွဲရမည့်ရက်စသည်တို့ စုံလင်စွာ ပါ မပါ စိစစ်ရန်လိုကြောင်း၊ ထုတ်လုပ်သူအမည်၊ အမှတ်တံဆိပ်ပါရှိသည့် ပစ္စည်းများ၊ ဓာတုဆိုးဆေးမပါသော အစားအစာများကိုသာ ရောင်းချရန်နှင့် ဥပဒေအရ တားမြစ်ထားသောပစ္စည်းများကို မရောင်းချမိစေရန် အသိပေးဟောပြောခဲ့သည်။

ယင်းနောက် ကုသရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်သိန်းကျော်က လက်ဖက်၊ အရောင်တင်မှုန့်၊ မှျစ်၊ ငါးပိစသည့်မီးဖိုချောင်သုံးပစ္စည်းများတွင်ပါဝင်သော ဆိုးဆေးများနှင့် ဖြစ်ပွားနိုင်သောရောဂါများ၊ ခွင့်ပြုဆိုးဆေးဖြစ်သော်လည်း လိုအပ်သည်ထက် ပိုမိုသုံးစွဲလျှင် စားသုံးရန်မသင့်ကြောင်း စသည်တို့ကို အသိပေးဟောပြောခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးသန်းစိုးကလည်း ဥပဒေအရ တားမြစ်ထားသောပစ္စည်းများကို မရောင်းချရန်နှင့် ရောင်းချလျှင် အရေးယူနိုင်မှုများကို အသိပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသော ဈေးသူ ဈေးသားများကိုယ်စား ဦးမောင်မောင်က ဥပဒေအရ တားမြစ်ထားသောပစ္စည်းနှင့် စားသုံးရန်မသင့်သော စံမမီပစ္စည်းများကို အများပြည်သူ သိရှိနိုင်ရန် ဆိုင်းဘုတ်တင်ကြော်ငြာပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **အောင်ဌေး(မလှိုင်)**



## ကန့်ဘလူမြို့၌ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်

**ကန့်ဘလူ မတ် ၁၅**

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အတွင်းမှ ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုငွေ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို မဟာ ရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ မတ် ၁၃ ရက်က ကျင်းပခဲ့သည်။

စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့ရှေ့ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်များအား အလှူငွေများ ဆက်ကပ်လှူဒါန်းကြ သည်။ ထို့နောက် စာအောင်သံဃာတော်များအား စာအောင်လက်မှတ် နှင့်စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ကန့်ဘလူမြို့နယ်အတွင်းမှ ပထမပြန်စာမေးပွဲ ပထမငယ်တန်းတွင် ၂၁ ပါး နှင့် ပထမလတ်မှ ၁၁ ပါး စုစုပေါင်း သံဃာတော်နှင့် သီလရှင် ၃၂ ပါး အောင်မြင်တော်မူခဲ့ကြောင်းသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သောက်သုံးရေလိုအပ်နေသည့်ကျေးရွာသို့ သောက်ရေသန့်များဖြန့်ဝေပေး

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောင်း ကုန်းကျေးရွာအုပ်စု သာယာစုကျေးရွာ၌ လတ် တလော သောက်သုံးရေလိုအပ်မှု ဖြစ်ပေါ်နေသဖြင့် လီတာ(၂၀)ပါ ရေသန့်ဘူးကြီး ၁၀၀ ကို မုံရွာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက မတ် ၁၃ ရက်က အချိန်မီသွားရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျေးရွာတွင် သောက်သုံးရေ လိုအပ်မှုအခြေ အနေနှင့်ပတ်သက်၍ ကျေးရွာသားတစ်ဦးက သာယာစုကျေးရွာတွင် အိမ်ခြေ ၉၅ အိမ်ရှိ ကြောင်း၊ စက်ရေတွင်းများ တူးဖော်ထားရှိသော် လည်း သောက်သုံးရေအတွက် အသုံးပြုရန်တပ်ဆင် ထားတဲ့ စက်ရေတွင်းဒိုင်နမိုမှာ ပျက်စီးသွားသဖြင့် လတ်တလော အခြေအနေအရ သောက်သုံးရေ ပြတ်လပ်ခဲ့ခြင်းဖြစ်ကာ သောက်သုံးရေကို ရွာနှင့် တစ်မိုင်ခန့်ဝေးကွာသော သာစည်ကျေးရွာမှ သယ်ယူ သုံးစွဲနေရကြောင်း၊ သောက်ရေအခက်အခဲ ဖြစ်နေချိန်တွင် သောက်ရေဘူးများ လာရောက် ဖြန့်ဝေပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။



သောက်ရေဘူးများကို မုံရွာမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချို၊ ဦးစီးအရာရှိ(နည်းပညာ)ဒေါ်စန်း စန်းမြင့်စိန်နှင့် ဝန်ထမ်းများက သွားရောက်ဖြန့်ဝေ ပေးခဲ့ခြင်းဖြစ်သည်။ ဦးစီးအရာရှိနှင့် တာဝန်ရှိသူ များသည် ကျေးရွာမှပြည်သူများအား သောက်သုံး ရေကို စနစ်တကျ ခြွေတာသုံးစွဲကြရန်နှင့် မီးဘေး အန္တရာယ် မဖြစ်ပေါ်စေရေး အထူးဂရုပြုကြရန် မှာကြားပြီး ဒိုင်နမိုပျက်စီးမှုကို အမြန်ဆုံးပြင်ဆင် နိုင်ရန်အတွက်လည်း စက်ရေတွင်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နွေရာသီကာလအတွင်း ရေပြတ် လပ်နိုင်သော ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်ပေးဝေနိုင်ရန် အစီအမံများ ကြိုတင် စီစဉ်ဆောင်ရွက်ထားသည်။ **ဖိုးချမ်း(မုံရွာ)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ရွှေ့ပြောင်းကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**မြဝတီ မတ် ၁၅**

ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ် ကိုင်ကြသည့် ရွှေ့ပြောင်းမြန်မာလုပ်သား များ၏ သားသမီးများမှ မြဝတီမြို့ရှိ စာစစ် ဌာနများ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို လာရောက်ဖြေ ဆိုသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများကို ကရင်ပြည်နယ်အစိုးရ အဖွဲ့က မတ် ၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။



မြဝတီမြို့ရှိ စာစစ်ဌာနများတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ဆာသူးလေရွှေ့ပြောင်းမြန်မာ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၂ ဦး နှင့် သွေးသစ်ကျောင်းမှ ကျောင်းသား ကျောင်း သူ ၄၇ ဦးတို့ လာရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ အလားတူ မြဝတီမြို့ ထီးမယ်ဝါး ခီးကျေးရွာနှင့် မင်းလက်ပံကျေးရွာ အခြေခံ ပညာကျောင်းများတွင် တွဲဖက်သင်ကြားနေ သည့် ရွှေ့ပြောင်းလုပ်သားများ၏ သားသမီး များနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ တိုင်းရင်း သားများ၏ သားသမီးများ စုစုပေါင်း ကျောင်း သားကျောင်းသူ ၄၁ ဦးတို့သည်လည်း လာ ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအား မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး နှင့် တာဝန်ရှိသူများ မတ် ၇ ရက်က သွား ရောက်ကြိုဆိုခဲ့ပြီး ယာယီတည်းခိုဆောင်များ တွင် နေရာချပေးခဲ့ကာ နေထိုင်ရေး၊ စား သောက်ရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ် သည်များကို ကူညီဆောင်ရွက်ပေးထားပြီးဖြစ် ကြောင်း သိရသည်။ ရွှေ့ပြောင်း ကျောင်းသား ကျောင်းသူများနှင့် ရပ်ဝေးကျေးရွာများမှ လာရောက်ဖြေဆိုသည့် ကျောင်းသားကျောင်း သူများ စာမေးပွဲကို အခက်အခဲမရှိ အောင် မြင်စွာဖြေဆိုနိုင်ရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့က အထက သွေးသစ်ကျောင်း အတွက် ကျပ် ၂၀ သိန်း၊ ဆာသူးလေကျောင်း သို့ ကျပ်သိန်း ၂၀၊ အထက(ဝေါလေမြိုင်) ကျောင်းသို့ ကျပ်ခြောက်သိန်း၊ ထီးမယ်ဝါးခီး ကျောင်းသို့ ကျပ် ၁၈ သိန်း၊ မင်းလက်ပံ ကျောင်းသို့ ကျပ် ၁၀ သိန်းနှင့် အထက ရွှေ ကုက္ကိုကျောင်းသို့ ကျပ် ၂၀ သိန်း စုစုပေါင်း ငွေကျပ် ၉၄ သိန်းကို ထောက်ပံ့လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ထောက်ပံ့ငွေများကို ခရိုင်အုပ် ချုပ်ရေးမှူး ဦးလွင်ကိုဦးက မတ် ၉ ရက်တွင် ကျောင်းသား ကျောင်းသူများ နေထိုင်သည့် ကျောင်းများသို့ သွားရောက်ထောက်ပံ့ပေး အပ်ခဲ့သည်။

ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ် ဆောင်ရွက်ပေးမှုဖြင့် နိပ္ပွန်ဖောင်ဒေးရှင်းက လည်း အဆိုပါကျောင်းများအတွက်ပြည်နယ် အစိုးရထောက်ပံ့ငွေပမာဏအတိုင်း ငွေကျပ် ၉၄ သိန်းနှင့် ဌေးရှမ်းကျောင်းအတွက် ငွေ ကျပ် ခြောက်သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၁၀၀ ကို မတ် ၁၁ ရက်က ထောက်ပံ့လှူဒါန်း ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သတင်းတို

### တပ်မတော်နေ့အကြိုဟောပြောပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ (၇၁)နှစ်မြောက် တပ်မတော်နေ့ အကြိုဟောပြောပွဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၄ ရက်က အဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌေး (ငြိမ်း)နှင့် အတွင်းရေးမှူး အရာခံဗိုလ်စော လဲဖွယ်(ငြိမ်း)တို့က တပ်မတော်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။ ထို့ နောက် ဘဏ္ဍာရေးမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တစ်ဦး လျှင် ထောက်ပံ့ငွေကျပ် တစ်သောင်းစီကို အဖွဲ့ရန်ပုံငွေမှ ပေးအပ်ခဲ့သည်။ ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ရန်ပုံငွေ အခြေအနေအပေါ် မူတည်၍ ဆန်၊ ဆီ နှင့် ထောက်ပံ့ငွေများကို အဖွဲ့ဝင်များအား နှစ်စဉ် ပေးအပ်လျက်ရှိသည်။ **အောင်ဝင်း(ဖျာပုံ)**

## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊<br>ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**<br>ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။<br>ဖုန်း-၀၆၇-၃၆၁၃၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၇၇)၊ ၅၂ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**<br>အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊<br>အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**<br>အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**<br>လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊<br>မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**<br>ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။<br>ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**<br>နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။<br>ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**<br>မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊<br>ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**<br>အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊<br>ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**<br>အမှတ်(၄၁) ဈေးရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။<br>ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**<br>ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊<br>မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**<br>ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊<br>မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**<br>မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။<br>ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**<br>ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။<br>ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**<br>နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။<br>ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |



## ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလပြည့်နေ့ (မတ် ၂၃ ရက်)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တပေါင်းလပြည့်နေ့နံနက်၌ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကာ မြို့နယ်အတွင်းရှိ ဝတ်အသင်းများက စေတီတော်မြတ်ကြီးအား ဝတ်ရွတ်ပူဇော်ကြမည်ဖြစ်သည်။ ဆက်လက်၍ ညနေပိုင်းတွင် သံဃာတော်အပါး ၁၅၀ နှင့် သီလရှင် အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပြီး ကုသိုလ်ပြုလိုသူများ လာရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (ဝ၂၂)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည့် စိုက်ပျိုးရေးသိပ္ပံကျောင်း(ကျောက်တော်) စတင်ဖွင့်လှစ်ကာ ပညာသင်ကြားလျက်ရှိ

**ကျောက်တော် မတ် ၁၅**

ရခိုင်ပြည်နယ်သည် လယ်ယာစိုက်ပျိုးနိုင်သော မြေဧက ၁၁ သိန်းကျော်ရှိပြီး စိုက်ပျိုးရေးကဏ္ဍကိုအဓိကအားထားနေရသည့် ပြည်နယ်တစ်ခုဖြစ်ရာ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို တောင်သူများလက်ဝယ်အရောက်ဖြန့်ဝေပေးရန်နှင့် ပြည်နယ်အတွင်းလိုအပ်လျက်ရှိသော အလယ်အလတ်အဆင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကျောက်တော်မြို့၌ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို မတ် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးသိပ္ပံကျောင်းအား ရခိုင်ပြည်နယ် စိုက်ပျိုးရေးဒေသများတွင် လိုအပ်နေသော ကျွမ်းကျင်သည့် အလယ်အလတ်အဆင့် သင်တန်းသားများ ထွက်ပေါ်လာစေရေး၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီသောစံပြစိုက်ခင်းများကို ဦးဆောင်နိုင်သော ပညာရှင်များ၊ နည်းပညာများ ပံ့ပိုးပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ကျောင်းသစ်ဖွင့်ပွဲ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ အခြေခံပညာတက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သိပ္ပံတွဲဖြင့် အောင်မြင်သူများ ဝင်ရောက်လျှောက်ထားနိုင်ပြီး သုံးနှစ်သင်တန်းတွင် စာတွေ့ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့ ၆၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက စိုက်ပျိုးရေးဦးစီးဌာနများတွင် ဒုလက်ထောက်ဦးစီးမှူးရာထူးဖြင့် အလုပ်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းပြီးဆုံးပြီးနောက် စိုက်ပျိုးရေးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်သင်ကြားလိုပါက သုံးနှစ်ဆက်လက်တက်ရောက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးပညာဘွဲ့ (B.Ag) ရရှိမည်ဖြစ်သည်။

ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် တစ်နှစ်လျှင် ကျောင်းသား ၂၀၀ ခန့် လက်ခံသင်ကြားသွားမည်ဖြစ်ပြီး လက်ရှိအနေဖြင့် ပထမနှစ် ကျောင်းသား ၇၀၊ ကျောင်းသူ ၃၅ ဦး စုစုပေါင်း ၁၀၅ ဦး ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၂ ကျောင်းရှိပြီးဖြစ်ကာ ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်း အပါအဝင် ၁၃ ကျောင်းရှိလာပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင်လည်း ဆက်လက် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများကို နိုင်ငံတကာနှင့် ချိတ်ဆက်ကာ နည်းပညာပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်းလည်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ၁၉၇၁ ခုနှစ်က စိုက်ပျိုးရေး အထကကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ဒီဇင်ဘာလအတွင်း စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇၄ ဒသမ ၆၃ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၆၃ ဒသမ ၉၅၃ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းဖွင့်ပွဲတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဆက်လက်၍ ကျောင်းအစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ဆက်လက်ကျင်းပခဲ့သည်။

**မြတ်ဝေ**




စိုက်ပျိုးရေးသိပ္ပံကျောင်း(ကျောက်တော်)မှ ကျောင်းအဆောက်အအုံများ


# နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်ငွေများကို ဘဏ္ဍာနှစ်မကုန်မီပေးသွင်းကြပါရန် အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၁၅-၂၀၁၆ဝင်ငွေနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှရရှိသည့် ရောင်းရငွေ/ရငွေ/ဝင်ငွေတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေများအရ ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို ၃၁-၃-၂၀၁၆ရက်မတိုင်မီပေးသွင်းကြရန် လိုအပ်ပါသည်။ ဘဏ္ဍာနှစ်မကုန်ဆုံးမီ ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့အား သတ်မှတ်နေ့ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၃၁-၃-၂၀၁၆ရက်အတွက် ချက်လက်မှတ်များ စာရင်းရှင်းလင်းခြင်းကို ၃၁-၃-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် တစ်ကြိမ်တည်းသာ MCH Settlement ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေပေးသွင်းခြင်းများကို ဘဏ္ဍာနှစ်မကုန်ဆုံးမီ အမီပေးသွင်းကြပါရန်နှင့် အခွန်ပေးသွင်းရာတွင် ငွေသားဖြင့် ပေးသွင်းခြင်းကို ၃၁-၃-၂၀၁၆ရက်တွင်လည်းကောင်း၊ ချက်လက်မှတ်များ၊ PO များဖြင့် အခွန်ပေးသွင်းခြင်းကို ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နောက်ဆုံးထားပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8647 LIFAN LFJ 3055G5 D/T(4X2) L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၉/မထလ(နိုင်)၀၀၈၆၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ စိန်ချယ်ရီလမ်း၊ မြေကွက်အမှတ် ၄၈၆ ပေ(၄၀×၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချသူ ဒေါ်ခင်မိုးသီ ၉/မခန(နိုင်)၀၈၂၂၅၅ သာ တရားဝင်ပိုင်ဆိုင်၍ လက်ရှိဖြစ်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ၂၆-၉-၂၀၁၅ ရက်တွင် ဒေါ်အေးအေးအောင်မှ အသိသက်သေများရှေ့မှောက်တွင် အပြီးအပိုင်ဝယ်ယူပြီး ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**ဦးချစ်လှ-ဒေါ်အေးအေးအောင်**
**၁၂/ဗဟန(နိုင်)၀၆၀၀၂၄ - IGU-105813**
**ဖုန်း-၀၁-၇၀၆၉၂၁၊ ၀၉-၂၅၀၆၄၈၃၂၆**

**အောင်ပြည့်စုံ**
**ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။**
**09-5232770**
**09-5134770**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/8105 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**




## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ကွင်းအမှတ် ၁၅D၊ လိပ်ပြာကန်ရပ်၊ ဦးပိုင်အမှတ် ၃၃ ဟုခေါ်တွင်သည့် ဦးမြင့်သိန်း (ဘ)ဦးညီပု ၇/ပခန(နိုင်)၂၂၇၄၉၂ အမည်ပေါက်သော ဘိုးဘပိုင်၊ မြို့မြေ ၀ ဒသမ ၀၅၉၈ကေသည် အမည်ပေါက်ပိုင်ရှင် ဦးမြင့်သိန်းမှ ပိုင်ဆိုင်ရောင်းချခွင့်ရှိသောမြေနှင့် နှစ်ထပ်အုတ်ညှပ်အိမ်ဖြစ်ပါသည်။ ဦးမြင့်သိန်းမှ အထက်ပါမြေနှင့်အိမ်အား ကျွန်မဒေါ်ခင်ခင်စိန် (ဘ)ဦးစိန်မောင် ၁၂/လမန(ဧည့်)၀၀၀၁၀၈ ထံ ရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်မဒေါ်ခင်ခင်စိန်မှ သဘောတူညီပြီး ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်စိန်**
**၁၂/လမန(ဧည့်)၀၀၀၁၀၈**
**မ/၁၁၀၊ မင်းလမ်း၊ ဈေးပိုင်းရပ်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၃၀၇၄၉၉၃၊ ၀၉-၉၇၈၂၈၂၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်(၁၆၂-ခ)၊ ၃၉ လမ်း၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြားရှိ ဒေါ်ရင်ရင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်မရန်ကော့မိုင် (ခ) မကော့မိုင် ၁/မကန(နိုင်)၀၀၃၆၇၄ မှ မြို့ကွက်သစ်(ကျူး)ငွေသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၀)၊ ဦးပိုင်အမှတ်(၅၇-က)၊ ၅၇×၅၈ လမ်းကြား၊ မင်းရဲကျော်စွာ×ဗထူးလမ်းကြားရှိ ဦးသန်းဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဆိုင်ပန် ၅/တမန(နိုင်)၀၅၀၁၄၅ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ် (၅၅)သည် ဦးစံလင်းမှ လွန်ခဲ့သော (၃၅)နှစ်ကျော်ခန့်က မြန်မာနိုင်ငံသားတစ်ဦးထံမှ ဝယ်ယူပိုင်ဆိုင်ပြီးခဲ့ပြီး နေထိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ ဦးစံလင်း၏ခွင့်ပြုချက်မရှိဘဲ အတင်းအဓမ္မဝင်ရောက်နေထိုင်သူများသာဖြစ်ပါသည်။ မူလပိုင်ရှင် ဦးစံလင်း ခွင့်ပြုချက်မရှိဘဲ မြေရှင်မြေအမည်ပြောင်းခြင်း၊ အဆောက်အအုံပြင်ဆင်ခြင်း၊ အထပ်မြှင့်တင်ခြင်း၊ ၎င်းအဆောက်အအုံနှင့်ပတ်သက်၍ အခြားမည်သည့်လုပ်ဆောင်ချက်ကိုမဆို မပြုလုပ်ရန် သက်ဆိုင်ရာဌာနအသီးသီးမှ ခွင့်မပြုပါရန် တားမြစ်ပါကြောင်း ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားမဝင် ငှားရမ်းခြင်းမဟုတ်ဘဲ အတင်းအဓမ္မဝင်ရောက်နေထိုင်သူများကို တရားစွဲဆိုပြီး တရားရုံးတော်အဆင့်ဆင့်တွင် အမှုရင်ဆိုင်ဆဲရှိကြောင်းကို အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးစံလင်း ၁၂/ပဘတ(နိုင်)၀၁၃၆၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5362 Honda Fit GE6, Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ထွန်းနိုင် ၁၂/လမန(နိုင်)၁၃၇၂၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၁၊ ဦးပိုင်အမှတ် ၂၅၊ ၇၂×၇၃လမ်းကြား၊ဒေလီယာလမ်းရှိ ဦးဘချိုအမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးတင်အေး ၁/မကတ(နိုင်)၀၅၉၄၇၂ မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ အကွက်အမှတ် (၆.ခ)၊ ဦးပိုင်အမှတ် (၁၄၆)၊ ၃၉လမ်းနှင့် အောင်မေတ္တာလမ်းကြား၊ ၆၉လမ်းနှင့် ၆၈ လမ်းကြားရှိ ဦးညိုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကော်ကြားရှင်း ၁၃/လရန(နိုင်)၀၉၀၇၄၆ မှ မြို့ကွက်သစ်(ကျူး)ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုလဲမြို့၊ ပါရမီရပ်ကွက်နေ ဦးမောင်သန်း၏သား မောင်ဘိုဘိုသန်း ၅/ဆလက(နိုင်)၀၄၇၆၁၅ သည် မိဘအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်သန်း ၅/ဆလက(နိုင်)၀၀၆၀၈၅**

## မောင်အဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

မုံရွာမြို့၊ ဈေးလမ်း၊ ဘုရားကြီးရပ်ကွက်နေ မသဇင်စန်း၏မောင် မောင်ဘိုဘိုသန်း ၅/ဆလက(နိုင်)၀၄၇၆၁၅သည် အစ်မအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် မောင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မသဇင်စန်း ၅/ဆလက(နိုင်)၀၄၀၀၅၁**

## အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဈေးကြီး၊ သာယာဝန်းရပ်၊ အမှတ်(၇၀)နေ ဒေါ်အုန်းမြင့်၏တူမ မအိမွန်စိုး ၁၀/မလမ(နိုင်) ၁၄၄၁၁၁သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်၍ အိမ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်သည်။)**
**ဒေါ်အုန်းမြင့် ၁၀/မလမ(နိုင်)၀၆၉၁၃၂၊ ဖုန်း-၀၉-၄၉၈၀၂၂၆၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၈၊ ၂၈ လမ်းနေ ဦးမြင့်လွင်(ခ) ဦးမာမွတ်၏ဇနီး ဒေါ်ခင်မျိုးမြတ်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၂၈၊ မြေညီ ၂၈ လမ်းတွင်နေထိုင်သော ဦးမြင့်လွင်(ခ) ဦးမာမွတ်သည် ၂၈-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်ပါသဖြင့် ၎င်းပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း ၁၃ မျိုး (ဆယ့်သုံးမျိုး)ကို ဇနီးဖြစ်သူ ဒေါ်ခင်မျိုးမြတ်၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုလုပ်ရန် ပြုလုပ်ခဲ့ပါလျှင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဆုအောင်**
**(စဉ်-၃၁၇၇၈) အထက်တန်းရှေ့နေ**

**ဒေါ်သီတာခင်လတ်**
**(စဉ်-၅၂၆၅) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၅၄၃၈၁၈၂၇၊ ၀၉-၃၁၀၂၂၈၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁၈)၊ မြေတိုင်းရပ်ကွက်အမှတ် (၅၉၃)၊ မြေအမှတ် (၅၉၃)၊ မြေဧရိယာ(၆၀×၄၅)ပေရှိ ဦးတင့်လွင် (AA-၁၈၁၅၃၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီး၏ အစိတ်အပိုင်းဖြစ်သည့် (၆၀×၁၅) ပေရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ဦး ၁၂/သဃက(နိုင်)၁၁၉၉၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့် LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၃၄၁၇)**
**အမှတ် (၂၂၂)၊ တုသိတာ (၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၇၃၃၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၇၉) ရပ်ကွက်၊ အမှတ် ၅၄၀ (ပေ ၄၀× ပေ ၆၀) မြေကွက်ပိုင်ဆိုင်သော ဒေါ်ခင်လှ ၁၂/တမန(နိုင်)၀၇၁၄၂၇ ထံမှ ၂-၁-၂၀၁၆ ရက်တွင်လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ် ၇၈(ပေ ၄၀× ပေ ၆၀)မြေကွက်ပိုင်ဆိုင်သော ဒေါ်မြင့်မော်ထံမှ ၃-၉-၂၀၁၅ရက်တွင်လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၅) ရပ်ကွက်၊ အမှတ် ၇၀၁ (ပေ ၄၀× ပေ ၆၀)မြေကွက်ပိုင်ဆိုင်သော ဒေါ်ညွန့်ညွန့်ဆွေ NNK-၀၀၃၅၇ ထံမှ ၁၀-၇-၂၀၁၅ ရက်တွင်လည်းကောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ဒေါ်အေးအေးအောင်မှ အသိသက်သေများရှေ့မှောက်တွင် အပြီးအပိုင်ဝယ်ယူပြီး ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**ဦးချစ်လှ-ဒေါ်အေးအေးအောင်**
**၁၂/ဗဟန(နိုင်)၀၆၀၀၂၄ - IGU - ၁၀၅၈၁၃**
**ဖုန်း-၀၁-၇၀၆၉၂၁၊ ၀၉-၂၅၀၆၄၈၃၂၆**

# အစွန်းရောက်နှင့် အကြမ်းဖက်ဝါဒအန္တရာယ် ကြိုတင်တားဆီးကာကွယ်နိုင်ရန် ဆွေးနွေး




(၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM) သို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

**နေပြည်တော် မတ် ၁၅**

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်းတွင် ယုံကြည်မှုတည်ဆောက်ခြင်း၊ သံတမန်ရေးရာကာကွယ်ထိန်းသိမ်းခြင်း၊ စည်းလုံးညီညွတ်မှုခိုင်မာခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ခြင်းများ ပိုမိုပြုလုပ်လာနိုင်ခဲ့ကြောင်း၊ အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ပူးပေါင်းမှု၊ စည်းလုံးညီညွတ်မှုများကို ပိုမိုတိုးမြှင့်ပြီး အင်အားတောင့်တင်းသော အာဆီယံအသိုက်အဝန်းဖြစ်စေရန် အာဆီယံတပ်မတော်များအကြား ပူးပေါင်းမှုများကို ပိုမိုတိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ် ၁၄ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM)တွင် ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံတပ်မတော်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ *စာမျက်နှာ ၈ ကော်လံ ၁* ☆

# ချန်ပီယံလိဂ် (UEFA) ဖလား မြန်မာ့မြေသို့ ရောက်ရှိမည်




သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် မတ် ၁၅**

ကမ္ဘာတစ်ဝန်းဘောလုံးဝါသနာရှင်ပြည်သူများ အထူးစိတ်ဝင်စားသော ကမ္ဘာ့ထိပ်တန်းချန်ပီယံကလပ်များ ဝင်ရောက်ယှဉ်ပြိုင်သည့် ချန်ပီယံလိဂ်(UEFA)ဖလားကြီး မတ် ၂၀ ရက်တွင် မြန်မာ့မြေသို့သက်ဆင်း ရောက်ရှိကာ မြန်မာပြည်သူရင်ခွင်များကြား တစ်ပတ်ကြာခိုလှုံခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပထမဦးဆုံး ရောက်ရှိမည့် အဆိုပါ ချန်ပီယံလိဂ်(UEFA) ဖလားကြီးသည် ဥရောပဘောလုံးအဖွဲ့ချုပ်တည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ခရီးစဉ်မှစတင်ကာ အာရှနိုင်ငံများအတွင်းရှိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံရန်ကုန်မြို့သို့ မတ် ၂၀ ရက်တွင် ရောက်ရှိကာ ၂၆ ရက်တွင် ကမ္ဘာကျော်ဘောလုံးနိုင်ငံတစ်ခုဖြစ်သည့် ဘရာဇီးနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ယင်းချန်ပီယံလိဂ်( UEFA) ဖလားကြီးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဝိုင်းဝန်းကူညီမှုဖြင့် Heineken က မြန်မာဘောလုံးချစ်ပြည်သူများရှေ့မှောက်သို့ရောက်ရှိရေးအတွက် ကမကထပြုဆောင်ကြဉ်းပေးခြင်းဖြစ်သည်။ ယခုရောက်ရှိမည့် ချန်ပီယံလိဂ်(UEFA) ဖလားကြီးသည် မတ် ၂၀ ရက်တွင် ရန်ကုန်မြို့ *စာမျက်နှာ ၅ ကော်လံ ၄* ❖

# MMA ကစားသမား အောင်လအန်ဆန် ကလေးငယ်များနှင့် တွေ့ဆုံကစား

ရန်ကုန် မတ် ၁၅

**ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့၌ ကျင်းပမည့် ဘက်စုံကိုယ်ခံပညာသုံး (MMA) ပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ပြိုင်ပွဲယှဉ်ပြိုင်ထိုးသတ်ခြင်းမတိုင်မီ ယနေ့ မွန်းလွဲပိုင်းက ကလေးငယ်များနှင့်တွေ့ဆုံကာ ကစားပွဲများ၌ ပါဝင်ကစားခဲ့သည်။**


ယင်းအစီအစဉ်ကို အောင်လအန်ဆန်နှင့်အတူ ONE Championship အဖွဲ့အစည်းမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ပြီး ကရုဏာပျိုးခင်းမှ ဖွင့်လှစ်သင်ကြားပေးနေသည့် လမ်းဘေးစာသင်ဝိုင်းများတွင် တက်ရောက်နေသော ကလေးသူငယ်များ လာရောက်ကစားခဲ့သည်။

အောင်လအန်ဆန်က "အခုလို ကလေးတွေနဲ့ ကစားရတာ အလွန်ပျော်ရွှင်ဖို့ ကောင်းပါတယ်။ သူတို့က အလွန်ချစ်ဖို့ကောင်းပြီး ယဉ်ကျေးပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ကလေးတွေနဲ့ တစ်ခါမှ မကစားဖူးပါဘူး။ ပြိုင်ပွဲအတွက်လည်း အဆင်သင့် ဖြစ်နေပါပြီ။ အနိုင်ရလဒ်ကို ရယူမှာပါ"ဟု ပြောကြားခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ●




အောင်လအန်ဆန် ကလေးငယ်များနှင့် ဆော့ကစားနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း